The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL. 24, NO. 4 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | March 4, 2024




## တီထွင်ဖန်တီးမှုမှသည် အနာဂတ်ဆီသို့

စာမျက်နှာ- 22 ➤

## စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍအတွက် တီထွင်မှု၏ အရေးပါပုံ

စာမျက်နှာ- 23 ➤

## Depository Receipt (DR) များ ထုတ်ဝေခြင်း

စာမျက်နှာ- 29 ➤



ကောမတ်စ်ပုံနှိပ်လုပ်ငန်း
အောက်ပါလုပ်ငန်းများကိုလက်ခံဆောင်ရွက်ပေးနေပါသည်။
Pamphlets, Calendar(Table/Wall)
Visiting Card, Company Letter Head
File Holder, Business Cards
Certificates Labels, Voucher, Book,
Catalouges, Postcards, Envelopes, Journal
No.240(A), Upper Pazundaung Road, Setsan, Mingala Taung Nyunt Tsp:
Ph:09 43034879, 09 795679800


ပိုမိုအရသာရှိသော
သင့်စားဖွယ်များအတွက် အပိုမကုန် အသင့်သုံး
ငရုတ်ဆီ
Sein
Red Chilli Sauce
TRADITIONAL CHILLI SAUCE
All in One Chilli Sauce
DELOUS Company Limited
Head Office
No 2875, Industrial Zone Road, 64 Ward, Industrial Zone 2,
South Dagon Township, Yangon, Myanmar, 11431.
Tel- Ph:+959 883 493 884, 09 977 899 668, 09 977 899 669
Mandalay Branch
Ta-5, 104 Street, 63x64 Street,
Chanmyathazi Township, Mandalay, Myanmar, 05041.
Tel- Ph:+959 883 493 850, 09 883 493 851


GUSTO TM
ဘယ်အချိန်စားစား အရသာရှိတာ
Gusto မုန့်တွေပါ
DRY CAKE
Oil Cake
Chocolate Oil Cake
Chocolate Dry Cake
Taste Our Art Of Baking Science!
COOKIE
FoodCorp COMPANY LIMITED
No.(2901,2902), Industrial Zone Road, 63 Ward, Industrial
Zone (2), South Dagon Township,Yangon, Myanmar, 11431.
(YGN Phone) +95 (9) 5110 693, 8834 93900,
(MDY Phone) +95 (9) 8834 93850, 8834 93851



# အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုသင်တန်းအမှတ်စဉ် (၈) သင်တန်းဆင်းပွဲ ကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု အခြေခံသင်တန်း(စနေ၊ တနင်္ဂနွေ) အမှတ်စဉ်(၈) သင်တန်းဆင်းပွဲနှင့် သင်တန်းဆင်း အောင်လက်မှတ် အပ်နှင်းသည့် အခမ်းအနားကို မတ် ၂ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ပို့ကုန်သွင်းကုန်ရုံး ပဥ္စမထပ်ရှိ ညီလာခံခန်းမ၌ ကျင်းပခဲ့ရာ ဒုတိယဝန်ကြီး ဦးမင်းမင်းတက်ရောက် အမှာစကား ပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးက နိုင်ငံတကာ စီးပွားရေး ဈေးကွက်တွင် ယှဉ်ပြိုင်ထိုးဖောက်နိုင်မည့် ပို့ကုန်လုပ်ငန်းရှင်သစ်များနှင့် စီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းရှင်များ မွေးထုတ်ရန်၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်၊ ကုန်သွယ်ရေးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်ပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကုန်သွယ်မှု သင်တန်းကျောင်းကို ၂၀၂၁ ခုနှစ် ဧပြီလတွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရသည် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန် ကဏ္ဍပေါင်းစုံတွင် ပြုပြင်ပြောင်းလဲမှုအား စဉ်ဆက်မပြတ် လုပ်ဆောင် နေသည့်အတွက် သိသာမြင်သာသည့် တိုးတက်မှုများ ရှိလာပြီဖြစ်ကြောင်း၊ အထူးသဖြင့် ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုဖြေလျှော့ပေးခြင်းဆိုင်ရာ လုပ်ငန်းနယ်ပယ်၊ ကုန်သွယ်မှု စေ့စပ်ဆွေးနွေးညှိနှိုင်းရေးလုပ်ငန်းနယ်ပယ်၊ စားသုံးသူကာကွယ်ရေးလုပ်ငန်းနှင့် ကုန်သွယ်မှုပညာပေးရေးလုပ်ငန်းနယ်ပယ်တို့ကို ဦးစားပေး လုပ်ဆောင်လျက်ရှိသည့်အတွက် ကုန်သွယ်မှုကဏ္ဍမှာ ယခင်ကထက်ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ယခုအချိန်တွင် မြန်မာနိုင်ငံ၏ ကမ္ဘာ့ထောက်ပံ့ပို့ဆောင်မှု ကွင်းဆက်ကုန်သွယ်ရေး (Global Supply Chain Trade) ဖြစ်လာသည့်အတွက် ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးရန် အခွင့်အရေးများ အထူးရှိနေပြီဖြစ်ကြောင်း၊ ထို့ကြောင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (SMEs) ၏ ယှဉ်ပြိုင်နိုင်မှုစွမ်းအား မြင့်တင်နိုင်စေရန် ပိုမိုလေ့လာ၊ ပိုမိုပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပြီး ပို့ကုန် ပိုမိုတင်ပို့နိုင်အောင် ကြိုးစားရမည့် အချိန်အခါဖြစ်သည့်အတွက် လိုအပ်သည့်ပံ့ပိုးမှုများကို မိမိတို့ ဝန်ကြီးဌာနအနေနှင့် အစွမ်းကုန် ဖြည့်စွမ်းပေးသွားရမည်ဖြစ်ပြီး ကုန်သွယ်မှုနှင့်ဆိုင်သည့် အခြားဝန်ကြီးဌာနများနှင့်လည်း ဆက်စပ် ပူးပေါင်းဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုသင်တန်းကျောင်းအနေဖြင့် တက်ရောက်ခဲ့ကြသည့် သင်တန်းသား၊ သင်တန်းသူများကို ကုန်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အရည်အသွေး မြင့်မားပြီး စီးပွားရေးကျင့်ဝတ်ကောင်းသည့် လုပ်ငန်းရှင်များ၊ လုပ်ငန်းအဖွဲ့အစည်းများ ဖြစ်ပေါ်စေရန် ရည်ရွယ်၍ ပြည်တွင်း၊ ပြည်ပကုန်သွယ်မှုဆိုင်ရာ လုပ်ငန်း ဘာသာရပ်များကို ဟောပြော၊ ဆွေးနွေးပို့ချခဲ့ပြီးဖြစ်ကြောင်း၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု အခြေခံသင်တန်း (စနေ၊တနင်္ဂနွေ) အမှတ်စဉ်(၈) သင်တန်းကာလအတွင်း ကုန်သွယ်မှုဆိုင်ရာ သင်တန်းပို့ချက်များနှင့် လက်တွေ့ကုန်သွယ်မှုလုပ်ငန်းခွင်တို့ ချိတ်ဆက်၍ ကုန်သွယ်မှု ဗဟုသုတများ သိရှိနားလည်နိုင်စေရန်အတွက် ရန်ကုန်စတော့အိတ်ချိန်း၊ သီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၊ မြန်မာ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း (သီလဝါ)၊ ဝါးတန်းကုန်စည်ဒိုင်၊ ဘုရင့်နောင်ကုန်စည်ဒိုင်နှင့် Fame ဆေးဝါးစက်ရုံ (လှိုင်သာယာစက်မှုဇုန်) တို့သို့ လေ့လာရေးခရီးများ သွားရောက်ခဲ့ပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပြီး ဆုရရှိသည့် သင်တန်းသားများနှင့်စာတမ်းအကောင်းဆုံးဆုရရှိသည့်အဖွဲ့အား ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံ သင်တန်း (စနေ၊ တနင်္ဂနွေ) အမှတ်စဉ်(၈) မှ သင်တန်းသား၊ သင်တန်းသူ ၉၇ ဦး အပါအဝင် ယခင်ဖွင့်လှစ်ပြီးဖြစ်သည့် ကုန်သွယ်မှုအခြေခံ သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူ ၁၇၁၇ ဦးနှင့် ကုန်သွယ်မှု အဆင့်မြင့်သင်တန်းမှ သင်တန်းသား၊ သင်တန်းသူ ၉၇ ဦး၊ စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၁၈၁၄ ဦးကို ကုန်သွယ်မှုကဏ္ဍအတွက် မွေးထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သင်တန်းဆင်းပွဲ အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးသက်နှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊သင်တန်းသားအဟောင်းများ၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု အခြေခံသင်တန်း (စနေ၊ တနင်္ဂနွေ) အမှတ်စဉ် (၈) သင်တန်းနည်းပြများနှင့် သင်တန်းသား ၇၅ ဦးတို့ တက်ရောက်ခဲ့ကြသည်။ **CJ**

# မွန်ပြည်နယ် ကွမ်းသီး ဈေးကောင်းရ

မော်လမြိုင်ပေါ်ရှိ ကွမ်းသီးဈေးနှုန်းများမှာ ဖေဖော်ဝါရီလ စတုတ္ထပတ်အတွင်း ရေပေါင်းခြမ်း တစ်ပိဿာလျှင် ကျပ် ၄၀၀၀၊ ရေပေါင်းခြမ်း ၈၈ ရာခိုင်နှုန်းအခြောက် တစ်ပိဿာလျှင် ကျပ် ၅၅၀၀ ၊ ရေပေါင်းခြမ်း ၉၉ ရာခိုင်နှုန်း အခြောက် တစ်ပိဿာလျှင် ကျပ် ၆၀၀၀၊ ကွမ်းသီးစိတ် အစာသန့်(ခြောက်) တစ်ပိဿာလျှင် ကျပ် ၆၀၀၀၊ ကွမ်းသီးခြမ်း ရှယ်ဝိုင်း-ခြောက်(သန့်) တစ်ပိဿာလျှင် ကျပ် ၆၅၀၀၊ ရှယ်ဝိုင်း-ခြောက် (အလယ် သား) တစ်ပိဿာလျှင် ကျပ် ၇၅၀၀ ရှိကြောင်းသိရသည်။



ယခင် ဇန်နဝါရီလအတွင်း ကွမ်းသီးဈေးနှုန်းများမှာ ရေပေါင်းခြမ်း တစ်ပိဿာလျှင် ကျပ် ၄၄၀၀ ၊ ရေပေါင်းခြမ်း (၈၈ ရာခိုင်နှုန်း အခြောက်) တစ်ပိဿာ လျှင် ကျပ် ၄၉၀၀၊ ရေပေါင်းခြမ်း (၉၉ ရာခိုင်နှုန်း အခြောက်)တစ်ပိဿာလျှင် ကျပ် ၅၄၀၀၊ အစာသန့် (ခြောက်) တစ်ပိဿာလျှင် ကျပ် ၅၅၀၀၊ ကွမ်းသီးခြမ်း ရှယ်ဝိုင်း-ခြောက်(သန့်) တစ်ပိဿာလျှင် ကျပ် ၆၄၀၀၊ ရှယ်ဝိုင်း-ခြောက် (အလယ်သား) တစ်ပိဿာလျှင် ကျပ် ၇၅၀၀ ဖြစ်သည်။

ထို့ကြောင့် ယခင်လနှင့်နှိုင်းယှဉ်ပါက တစ်ပိဿာလျှင် ကျပ် ၄၀၀ နှင့် ကျပ် ၅၀၀ ခန့် ဈေးနှုန်းမြင့်တက်ကြောင်းသိရသည်။ ကွမ်းသီးထွက်ရှိသည့် ရာသီကုန်ဆုံးခြင်းနှင့် ဒေသတွင်းကွမ်းသီးဝယ်လက် များပြားနေခြင်းတို့ကြောင့် ကွမ်းသီးဈေးနှုန်း မြင့်တက်ခြင်းဖြစ်ကြောင်းသိရသည်။ ခင်ကြည်(မွန်)

Commerce JOURNAL

အတိုင်ပင်ခံစာတည်း
သိန်းထွန်းဦး
ခင်သက်ထား
ဒေါက်တာထိန်လင်း

စာတည်းမှူးချုပ်
သန့်စင်မင်း

တာဝန်ခံစာတည်း
စိန်သံ

စာတည်းအဖွဲ့
ကျော်ကျော်

လက်ထောက်စာတည်း
မြမြမြင့်၊ ယဉ်ယဉ်အေး

သတင်းထောက်များ
ရီလင်းထွဋ်(မုံရွာ)၊
ကြည်နိုင်ဦး(အင်းတော်)၊
မင်းဇော်မွန်(ဖျာပုံ)၊
ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)
မင်းမင်းဦး(ပုသိမ်)
ဝင်းဝင်းနိုင်(ပြည်)
သန်းသန်းတင်(မုံရွာ)
စန္ဒာစိုးလွင်(မကွေး)

Proof & Layout Design ကြီးကြပ်
အိမ့်သင်္ဇင်နိုင်

ကြော်ငြာတာဝန်ခံ
ထွန်းထွန်းဝင်း (၀၉ ၇၇၇ ၁၂၇၂၇၂)

ထုတ်ဝေသူ
ဦးမျိုးနိုင်ဝင်း (၀၀၉၇၇)
အမှတ်-၂၂၈/၂၄၀၊
ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၂

ဖြန့်ချိရေး
အုန်းခင်(၀၉-၄၃၀၄၁၇၄၉)

ကွန်ပျူတာ
အိမ့်သင်္ဇင်နိုင်၊ မေသန္တာမိုး

Layout Design & Graphic Design
CJ Design Group

ပုံနှိပ်သူ
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

Email Address
commercejournal.editor@gmail.com

# ဖေဖော်ဝါရီလ တတိယပတ်တွင် ဆန်နှင့်ဆန်ကွဲ တန်ချိန် ၉၀၀၀၀ ကျော်တင်ပို့

**ဆန်**

ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၃ ရက်ထိ ကာလအတွင်း ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၄၆ ဒသမ ၂၀၀ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၈၁၂၇၀ ကျော် တင်ပို့ခဲ့ကြောင်း သိရသည်။ ဆန်တင်ပို့မှုအနေဖြင့် အာဖရိကနိုင်ငံများသို့ ဆန်တန်ချိန် ၄၅၀၅၀ ကျော်၊ အာရှနိုင်ငံများသို့ ဆန်တန်ချိန် ၂၂၄၄၀ ကျော်နှင့် အီးယူအဖွဲ့ဝင်နိုင်ငံများသို့ ဆန်တန်ချိန် ၁၃၇၈၀ ကျော် တင်ပို့သည်။

ဆန်တင်ပို့သော အာဖရိကနိုင်ငံများမှာ အိုင်ဗရီကို့စ်နိုင်ငံသို့ ဆန်တန်ချိန် ၂၃၀၀၀၊ ကင်မရွန်းနိုင်ငံသို့ ဆန်တန်ချိန် ၂၀၂၆၀၊ မိုဇမ်ဘစ်နိုင်ငံသို့ ဆန်တန်ချိန် ၁၅၃၀ ကျော်နှင့် စတိုမီ (Sao Tome) နိုင်ငံသို့ ဆန်တန်ချိန် ၂၆၀ တင်ပို့သည်။ အီးယူအဖွဲ့ဝင်နိုင်ငံများ ဆန်တင်ပို့သော နိုင်ငံများမှာ ဘူလ်ဂေးရီးယားနိုင်ငံသို့ ဆန်တန်ချိန် ၆၂၀၀၊ ပိုလန်နိုင်ငံသို့ ဆန်တန်ချိန်၃၀၇၀ ကျော်၊ ပေါ်တူဂီနိုင်ငံသို့ ဆန်တန်ချိန် ၁၂၅၀၊ စပိန်နိုင်ငံသို့ ဆန်တန်ချိန် ၁၁၅၀၊ ချက်သမ္မတနိုင်ငံသို့ ဆန်တန်ချိန် ၉၀၀၊ ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်တန်ချိန် ၄၅၀၊ စလိုဗေးနီးယားနိုင်ငံသို့ ဆန်တန်ချိန် ၂၆၀၊ ရိုမေးနီးယားနိုင်ငံသို့ ဆန်တန်ချိန် ၂၅၀၊ လစ်သူရေးနီးယားနိုင်ငံသို့ ဆန် ၁၂၅ တန်နှင့် ဟန်ဂေရီနိုင်ငံသို့ ဆန် ၁၂၅ တန် တင်ပို့သည်။

အာရှနိုင်ငံများသို့ ဆန်တင်ပို့မှုအနေဖြင့် အင်ဒိုနီးရှားနိုင်ငံသို့ ဆန်တန်ချိန် ၁၇၁၇၀ ကျော်၊ ဖိလစ်ပိုင်နိုင်ငံသို့ ၃၁၉၈ တန်၊ မလေးရှားနိုင်ငံသို့ ဆန်၁၅၄၈ တန်၊ တရုတ်နိုင်ငံသို့ ဆန် ၃၉၀ တန်နှင့် ဟောင်ကောင်သို့ ဆန် ၁၃၀ တန်ခန့် တင်ပို့ခဲ့သည်။

ဖေဖော်ဝါရီတတိယပတ်အတွင်း မြန်မာ- တရုတ် ကုန်သွယ်မှုလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၃၄ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၂၄၀ တင်ပို့ခဲ့သည်။ နည်းလမ်းနှစ်သွယ်မှ စုစုပေါင်း ဆန်တင်ပို့မှု တန်ချိန် ၈၁၅၀၀ ကျော်ရှိပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၄၆ ဒသမ ၃၃၄ သန်းရရှိခဲ့သည်။ ယခင်တစ်ပတ် ဆန်တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ဆန်တန်ချိန် ခြောက်သောင်းကျော် ပိုမိုတင်ပို့ခဲ့သည်။

**ဆန်ကွဲ**

ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၃ ရက်ထိ ကာလအတွင်း ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၆ ဒသမ ၉၂၇ သန်း တန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၁၅၈၇၀ ကျော် တင်ပို့သည်။ ဆန်ကွဲတင်ပို့မှုအနေဖြင့် အာရှနိုင်ငံများသို့ ဆန်ကွဲတန်ချိန် ၉၄၇၀ ကျော်၊ အီးယူအဖွဲ့ဝင်နိုင်ငံများသို့ ဆန်ကွဲတန်ချိန် ၄၄၀၀ ကျော်နှင့် အာဖရိကနိုင်ငံဖြစ်သော အိုင်ဗရီကို့စ်သို့ ဆန်ကွဲတန်ချိန် ၂၀၀၀ ကျော်တင်ပို့သည်။ အာရှနိုင်ငံများသို့ ဆန်ကွဲတင်ပို့မှုများမှာ ဗီယက်နမ်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၄၂၈၀ကျော်၊ အင်ဒိုနီးရှားနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၁၃၅၀ ကျော်၊ တရုတ်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၂၇၂၈ တန်၊ ဖိလစ်ပိုင်နိုင်ငံသို့ ဆန်ကွဲ ၈၅၈ တန်နှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုသို့ ဆန်ကွဲ ၂၅၀ တန် တင်ပို့သည်။

ဆန်ကွဲတင်ပို့သော အီးယူအဖွဲ့ဝင်နိုင်ငံများမှာ စပိန်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၂၀၀၀၊ ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်ကွဲ ၁၆၅၀ တန်၊ ပိုလန်နိုင်ငံသို့ ၂၅၀ တန်၊ အီတလီနိုင်ငံသို့ ၂၅၀ တန်နှင့် နယ်သာလန်နိုင်ငံသို့ ၂၅၀ တန် တင်ပို့ခဲ့သည်။ အာဖရိကနိုင်ငံဖြစ်သော အိုင်ဗရီကို့စ်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၂၀၀၀ တင်ပို့သည်။

ဖေဖော်ဝါရီ တတိယပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၀၄ သန်း တန်ဖိုးရှိ ဆန်ကွဲ ၂၃၇ တန် တင်ပို့သည်။ နည်းလမ်း နှစ်သွယ်မှ ဆန်ကွဲတင်ပို့မှုစုစုပေါင်း တန်ချိန် ၁၆၁၀၀ ကျော်ရှိပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၇ ဒသမ ၀၃၁ သန်းရရှိသည်။ ယခင်တစ်ပတ် ဆန်နှင့်ဆန်ကွဲ တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက တန်ချိန်ငါးထောင်ကျော် ပိုမိုတင်ပို့ခဲ့ကြောင်းသိရသည်။

ဖေဖော်ဝါရီ တတိယပတ်အတွင်း ဆန်နှင့် ဆန်ကွဲတင်ပို့မှု စုစုပေါင်းတန်ချိန် ၉၇၆၀၀ ကျော်ရှိပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၅၃ ဒသမ ၃၆၅ သန်း ရရှိခဲ့သည်။ **DAAT**

## အာရှနိုင်ငံများ၏ FOB ဆန်ဈေးနှုန်းများ

၁-၃-၂၀၂၄ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၆၃၂ | ၆၃၉ | ↑ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၆၁၈ | ၆၂၅ | ↑ | ၆၀၀ | ၆၀၄ | ↑ | - | - | - | ၆၀၉ | ၆၁၃ | ↑ |
| ဆန်ဖြူ ၁၀% | ၇၇၅ | ၇၇၃ | ↓ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၅၇၉ | ၅၉၅ | ↑ | ၅၇၆ | ၅၈၀ | ↑ | - | - | - | ၅၆၄ | ၅၆၈ | ↑ |
| ပေါင်းဆန် | ၆၃၀ | ၆၂၈ | ↓ | - | - | - | - | - | - | - | - | - |

## ပြည်တွင်းမြို့ကြီး(၁-၃-၂၀၂၄)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၂၁၀၀၀ | ↑ | ၇၈၀၀၀ | ↑ | | | ၁၂၀၀၀၀ | - |
| ပဲခူး | ၂၁၁၆၀ | ↑ | ၇၂၀၀၀ | ↑ | | - | - | |
| စစ်တွေ | ၁၇၉၀၀ | - | ၁၃၂၀၀၀ | - | ၂၄၀၀၀ | - | ၁၉၂၀၀၀ | - |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၂၂၈၀၀ | | ၈၃၀၀၀ | - | | | ၁၅၄၀၀ | - |
| မန္တလေး | ၂၂၀၀၀ | - | ၈၆၀၀၀ | - | | | ၁၅၅၀၀၀ | - |
| မကွေး | ၂၀၀၀၀ | - | ၈၀၀၀၀ | ↓ | | | ၁၅၀၀၀၀ | - |
| မြိတ် | ၁၉၅၀၀ | ↓ | ၉၆၀၀၀ | ↑ | | | ၁၄၈၀၀၀ | ↑ |
| ဘားအံ | ၂၃၅၀၀ | ↑ | ၈၅၀၀၀ | ↑ | | | ၁၃၀၀၀၀ | ↑ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည် ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ပခုက္ကူမြို့တွင် အရောင်းအဝယ်ဖြစ်နေသော ဆန်ဈေးနှုန်းများ

ပခုက္ကူဒေသတွင် ဆန်ဈေးများအနေဖြင့် ဖေဖော်ဝါရီလ စတုတ္ထပတ်တွင် ဆန်ဝင်ရောက်မှုမှာ ဧရာဝတီ၊ မြောင်းမြ၊ ပုသိမ်မြို့များမှ ဝင်ရောက်မှုများသောကြောင့် ဆန်ဈေးနှုန်းများ အနည်းငယ်ကျပြီး ရွှေဘို စလင်း၊ ရှောက်တောဘက်မှလာသော ဆန်များမှ ဈေးအနည်းငယ် တက်လာ သည်ကို တွေ့ရှိရသည်။

ဒေသထွက် မနောသုခနှင့် ဆင်းသုခမှာ တစ်အိတ်လျှင် ကျပ် ၉၀၀၀၀-၉၂၀၀၀၊ ဧရာဝတီတိုင်းဒေသကြီးဘက်မှလာသော မနောသုခ အုပ်စုများဖြစ်သည့် ချန်ဧရာ တစ်အိတ်လျှင် ကျပ် ၁၁၀၀၀၀၊ စံပယ်ဦး တစ်အိတ်လျှင် ကျပ် ၁၃၀၀၀၀ ၊ စိန်စံပယ် တစ်အိတ်လျှင် ကျပ် ၁၁၂၀၀၀၊ ပွင့်ဖူးသစ် တစ်အိတ်လျှင် ကျပ် ၁၀၀၀၀၀၊ မနောသုခ တစ်အိတ်လျှင် ကျပ် ၉၀၀၀၀ ၊ ချန်သုခ(သစ်) တစ်အိတ်လျှင် ကျပ် ၈၇၀၀၀၊ ရွှေသမင် (သီးထပ်) တစ်အိတ်လျှင် ကျပ် ၉၀၀၀၀၊ ပခန်းသုခ(ဟောင်း) တစ်အိတ်လျှင် ကျပ် ၉၅၀၀၀ ရှိသည်။ ဇီယာအုပ်စုဖြစ်သည့် မိုးဇီယာ တစ်အိတ်လျှင် ကျပ် ၉၅၀၀၀၊ ချမ်းငြိမ်းကျော်(ဟောင်း) တစ်အိတ်လျှင် ကျပ် ၁၀၀၀၀၀၊ တိတ်ဝမ်(သစ်) တစ်အိတ်လျှင် ကျပ် ၉၀၀၀၀ ဈေးရှိသည်။ ဧရာဝတီဘက်မှ ဝင်ရောက်လာသော ဆန်များမှာ ရွှေဘို၊ စလင်း၊ ရှောက်တောဘက်မှလာသော ဆန်များထက် အရည်အသွေး အနည်းငယ်နိမ့်သော်လည်း ပြည်သူများ စားသုံးနိုင်သော ဈေးနှုန်းရှိသောကြောင့် အရောင်းအဝယ်ပိုဖြစ်ကြောင်း သိရသည်။

ဧရာပဒေသာ အုပ်စုအနေဖြင့် စလင်းရှောက်တောမှလာသော ဝန်ကြီးပဒေသာရှယ်(သစ်)၊ အမေ့နို့ရည်(သစ်)၊ မိသားစုရှယ်(သစ်) ဆန်များမှာ ဇန်နဝါရီ လကုန်ပိုင်းတွင် ကျပ် ၁၆၀၀၀၀-၁၆၅၀၀၀ မှ ယခု ဖေဖော်ဝါရီလ လယ်ပိုင်းတွင် ကျပ် ၁၇၅၀၀၀-၁၇၆၀၀၀ နှင့် ကျပ် ၁၀၀၀၀ ကျော် ဈေးနှုန်းတက်လာသည်ကို သိရှိရသည်။ ရွှေဘိုပေါ်ဆန်းမွှေးရှယ်(သစ်) တစ်အိတ်လျှင် ကျပ် ၁၇၅၀၀၀ ၊ မြောင်းမြ ပေါ်ဆန်းမွှေး တစ်အိတ်လျှင် ကျပ် ၁၆၀၀၀၀၊ ကောက်ညှင်းဆန်ဈေးအနေဖြင့် တစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀ ဖြင့် ဈေးငြိမ်နေပြီး ဆန်လတ်ဈေး တစ်အိတ်လျှင် ကျပ် ၇၅၀၀၀၊ ဆန်ဝါတစ်အိတ်လျှင် ကျပ် ၆၂၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**စန်းမြင့်ရီ(ပခုက္ကူ)**

# ဧရာဝတီတိုင်းဒေသကြီး ဆန်စပါးဈေးကွက်

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်အတွင်းရှိ မြို့နယ်များတွင် ဖေဖော်ဝါရီလ နောက်ဆုံးပတ်အတွင်း ပေါ်ဆန်းစပါး ၄၆ ပေါင် တစ်တင်းလျှင် ကျပ် ၃၀၀၀၀ ဝန်းကျင် ၁၀၈ ပေါင် ပေါ်ဆန်းဆန် တစ်အိတ်လျှင် ကျပ် ၁၂၇၀၀၀ ဈေးနှင့် ဧည့်မထစပါး တစ်တင်းကျပ် ၂၁၀၀၀-၂၃၀၀၀ ဆန် တစ်အိတ်ကျပ် ၈၃၀၀၀ -၈၆၀၀၀ ဈေးအတွင်း အရောင်းအဝယ် ဖြစ်နေပြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ်မှ ထွက်ရှိသော ပေါ်ဆန်းဆန် တစ်အိတ် ကျပ် ၁၄၀၀၀၀ ဈေးဖြင့် ဈေးနှုန်းပိုမိုရရှိ၍ ယခင်ဇန်နဝါရီလဈေးနှုန်းထက် ယခု ဖေဖော်ဝါရီလမှာ ပေါ်ဆန်း တစ်အိတ်လျှင် ကျပ် ၂၀၀၀ နှင့် ဧည့်မထဆန် တစ် အိတ်လျှင် ကျပ် ၅၀၀၀ ဈေးနှုန်းပိုမိုမြင့်တက်၍ ပိုလျှံဆန်များကို ရန်ကုန်နှင့် အထက်အညာဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ဆန်စပါးဈေးကွက်မှသိရသည်။

ဟင်္သာတခရိုင်အတွင်းရှိ မြို့နယ်များရှိ ဆန်စပါးဈေးကွက်တွင် ပေါ်ဆန်းစပါးစိုက်ပျိုးထွက်ရှိမှု မရှိဘဲ မိုးဧည့်မထစပါးအများစုသာစိုက်ပျိုးလျက် ဧည့်မထစပါး ၄၆ ပေါင် တစ်တင်း ကျပ်၂၀၀၀၀-၂၁၀၀၀ နှင့် ဧည့်မထဆန် ၁၀၈ ပေါင် တစ် အိတ်ကျပ် ၈၁၀၀၀ ဈေးနှင့် ရောင်းဝယ်လျက်ရှိပြီး ယခင်ဇန်နဝါရီလနှင့် ယခုဖေဖော်ဝါရီကာလတူဆန်ဈေးမှာ ဆန်တစ်အိတ်ကျပ် ၄၀၀၀-၅၀၀၀ ဈေးနှုန်းမြင့်တက်၍ ဒေသတွင်းစားသုံးမှုနှင့် ရန်ကုန်၊ အညာဈေးကွက်သို့ တင်ပို့ရောင်းချမှုရှိကြောင်း ဈေးကွက်မှသိရသည်။

မြောင်းမြခရိုင် မြို့နယ်များရှိ ဆန်၊ စပါးဈေးကွက်တွင် ပေါ်ဆန်းစပါး ၄၆ ပေါင် တစ်တင်း ကျပ် ၂၈၀၀၀-၃၀၀၀၀ ဈေးနှင့် ပေါ်ဆန်း ၁၀၈ ပေါင် တစ်အိတ်လျှင် ကျပ် ၁၁၀၀၀၀ -၁၂၅၀၀၀ ဈေး ဧည့်မထစပါး တစ်တင်းလျှင် ကျပ် ၁၉၀၀၀-၂၀၀၀၀ ဈေးဆန်တစ်အိတ် ကျပ် ၇၂၀၀၀ -၈၅၀၀၀ ဈေးဖြင့် ရောင်းဝယ်လျက် ခရိုင်တွင်းမြို့နယ်များတွင် ဈေးကွက်ပေါ်မူတည်၍ စပါး၊ ဆန်ဈေးနှုန်း အနည်းငယ် ကွာခြားမှုရှိပြီး ဆန်ဈေးနှုန်းများမှာ ဇန်နဝါရီလနှင့် ကာလတူ ဖေဖော်ဝါရီလတွင် ပေါ်ဆန်းဆန် တစ်အိတ်လျှင် ကျပ် ၁၀၀၀၀ ဝန်းကျင်နှင့် ဧည့်မထဆန် တစ်အိတ်လျှင် ကျပ် ၄၀၀၀-၅၀၀၀ ဈေးနှုန်းမြင့်တက်မှုရှိကြောင်း ဈေးကွက်မှသိရသည်။

မအူပင်ခရိုင်ရှိ မြို့နယ်များတွင် ပေါ်ဆန်းစပါး ၄၆ ပေါင် တစ်တင်း ကျပ် ၂၉၀၀၀ -၃၀၀၀၀ ဆန်တစ်အိတ် ကျပ် ၁၂၀၀၀ ဈေး၊ ဧည့်မထစပါး တစ်တင်းလျှင် ကျပ် ၁၉၀၀၀-၂၁၀၀၀ ဈေးနှင့် အရောင်းအဝယ်ဖြစ်လျက် ယခင်လနှင့် ယခုလကာလတူဈေးမှာ ပေါ်ဆန်းဆန်တစ်အိတ် ကျပ် ၅၀၀၀ နှင့် ဧည့်မထဆန်တစ်အိတ် ကျပ် ၅၀၀၀-၇၀၀၀ အတွင်း ဈေးနှုန်းမြင့်တက်၍ ဒေသတွင်း စားသုံးမှုနှင့် ပိုလျှံဆန်များကို ရန်ကုန်နှင့် အညာဒေသသို့ တင်ပို့ရောင်းချမှုရှိကြောင်း ဈေးကွက်မှသိရသည်။

ဖျာပုံခရိုင်အတွင်းမြို့နယ်များတွင် ပေါ်ဆန်းစပါး ၄၆ ပေါင် တစ် တင်းကျပ် ၂၆၀၀၀ -၃၀၀၀၀ ဆန်တစ်အိတ်လျှင် ကျပ် ၁၁၄၀၀၀ ဈေး၊ ဧည့်မထစပါး တစ်တင်း ကျပ် ၁၈၂၀၀ ဆန်တစ်အိတ်လျှင် ကျပ် ၈၈၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်နေပြီး ယခင်လနှင့် ယခုလ ကာလတူနှိုင်းယှဉ်ပါက ပေါ်ဆန်းတစ်အိတ် ကျပ် ၁၅၀၀၀ နှင့် ဧည့်မထဆန် တစ်အိတ်လျှင် ကျပ် ၁၅၀၀၀ ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း ဈေးကွက်မှ သိရသည်။

**မင်းမင်းဦး(ပသ)**




## SHWE WAH YAUNG Agriculture Production Co.,ltd.



Office : Nya/73, Yuzana Street, Bayint Naung (1) Ward, Mayangone Township, Yangon, Myanmar.

Ph : 01-3684437~38, 01-3680803, 01-3686158, 01-3686251 Fax : 01-3686251

Warehouse : No(465/A), Corner of Yaw Ah Twin Wun U Pho Hlaing Street & Kannar Street, Shwe Lin Pan Industrial Zone, Hlaing Tharyar Township, Yangon, Myanmar.

Ph : 01-3684437~38, 01-3680803, 01-3686158, 01-3686251 Fax : 01-3686251

website : www.swymyanmar.com, Email : eximdept@swymyanmar.com, thaungtike@swymyanmar.com

# Mahar Lin Htet
## Decoration Materials Sale Center

website: www.maharlinhtet.com    Hotline: 09-761728603

**1. မှန်အမျိုးမျိုး**
- မှန်အကြည် (3mm~12mm)
- Solar မှန် (ရောင်စုံ)
- Color မှန် (ရောင်စုံ)
- ဒီဇိုင်းမှန် နှင့် ကြည့်မှန်များ

**2. Board အမျိုးမျိုး**
- Chip Board
- MDF Board
- Block Board
- Ply Wood & Formica

**3. Ceiling & Partition**
- Gypsum Board (ဒီဇိုင်းစုံ)
- Fiber Cement Board
- UPVC Panel

**4. Ceiling & Partition Frame**
- T Bar Frame
- C Channel Frame
- U/C Partition Frame

**5. Flooring Board**
- ကိုရီးယားပါကေး (ဒီဇိုင်းစုံ)
- Vinyl ပါကေး (ဒီဇိုင်းစုံ)

**6. Doors**
- Safe Door
- Fire Rated Door
- UPVC Bath Door

**7. Floding Door ( Tai Wan ခေါက်တံခါးများ**
- 10mm ခေါက်တံခါးများ (ဒီဇိုင်းစုံ)
- 6mm ခေါက်တံခါးများ (ဒီဇိုင်းစုံ)

**8. Composite**
- Indoor သုံး composite
- Outdoor သုံး composite


**9. Office Partition**
- Aluminium Partition Frame
- Partition Accessories

**10. Toilet Partition**
- Aluminium Partition Frame
- Partition Accessories and Boards

**11. Aluminium Frame UPVC Frame**
- Window and Door Frame
- တွဲဖက် UPVC Accessories
- ထုတ်လုပ်ရန်သုံးသောစက်များ

**12. Protective window**
- White & Grey အရောင်းများ

| | |
|---|---|
| ရန်ကုန်ဆိုင်ခွဲ တာမွေ | 09-250308013/09-440729181 |
| စော်ဘွားကြီးကုန်း | 09-259281406/09-8620459 |
| စော်ဘွားကြီးကုန်း | 09-250059745/09-966543161 |
| စမ်းချောင်း | 09-73108067/09-960807759 |
| မြောက်ဥက္ကလာ | 09-250502794/09-794084535 |
| သီရိရတနာကားဝင်း | 09-423876259/09-789606721 |
| တောင်ဥက္ကလာ | 09-264827148/09-264827149 |
| မြောက်ဒဂုံ | 09-449529915/09-767103367 |
| အင်းစိန် | 09-452590266/09-452590277 |
| မြိတ်မြို့ | 09-424263125/09-962709327 |
| ကျိုက်ထိုမြို့ | 09-455155114/09-979262495 |
| တောင်တွင်းကြီးမြို့ | 09-773576371/09-457422413 |
| သံဖြူဇရပ်မြို့ | 09-454125285/09-974680469 |
| မန္တလေးဆိုင်ခွဲဘုတာကြီးရှေ့ | 09-2057736 |
| 62လမ်းချမ်းမြသာစည် | 09-257064093 |
| လားရှိုးမြို့ | 09-458071079/09-771740360 |
| ပြင်ဦးလွင်မြို့ | 09-456476660/09-979188345 |
| တောင်ကြီးမြို့ | 09-442629260/09-964629260 |
| ပြည်မြို့ | 053-24617/09-259281405 |
| ပဲခူးမြို့ | 052-2223584/09-255964179 |
| မော်လမြိုင်မြို့ | 09-257703280/09-792223691 |
| မုံရွာမြို့ | 09-31425334/09-259281403 |
| ထားဝယ်မြို့ | 09-456359737/09-773865822 |
| စစ်တွေမြို့ | 09-894941739/09777932077 |
| အောင်လံမြို့ | 09-445776263/09-969576185 |
| မြစ်ကြီးနားမြို့ | 09-420537332/09-767175606 |
| ကလေးမြို့ | 09-422999550/09-424263643 |
| မကွေးမြို့ | 09-263659120/09-780820447 |
| မိတ္ထီလာမြို့ | 09-265445502/09-265445391 |
| ဘားအံမြို့ | 058-22695/09-262956116 |
| တောင်ငူမြို့ | 09-440708171/09-779650860 |
| ပုသိမ်မြို့ | 09-450861586/09-961957337 |
| ပခုက္ကူမြို့ | 09-779128551 |
| ပျဉ်းမနားမြို့ | 09-452589918/09-452589956 |
| လှိုင်ကော်မြို့ | 083-21941/09-454174389 |
| ဟသာတမြို့ | 09-454471240/09-770076567 |
| ရွှေဘိုမြို့ | 09-454772174/09-970366715 |






# ကျောက်ဆည်ခရိုင် ပဲမျိုးစုံ ဈေးနှုန်းဈေးကွက်

### ဆောင်းပဲတီစိမ်း

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် ယခုနှစ် ဆောင်းပဲတီစိမ်းကို ၅၁၉ဧက စိုက်ပျိုးထားကြောင်း ဆောင်းပဲတီစိမ်းကို အောက်တိုဘာ၊ နိုဝင်ဘာလများတွင် စိုက်ပျိုးကြပြီး ဖေဖော်ဝါရီလကုန်ပိုင်းတွင် အသီးများ စတင်ကောက်ယူနေပြီဖြစ်ကြောင်း၊ တစ်ဧက ကုန်ကျစရိတ်အနေဖြင့် စိုက်ပျိုးမှု၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် ကျပ် ၃၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ အများဆုံးစိုက်ပျိုးသောမျိုးမှာ ကျောက်စိမ်းမျိုး၊ ရေဆင်း-၁၁ မျိုးများကို စိုက်ပျိုးကြကြောင်း သိရသည်။ ပဲတီစိမ်း စိုက်ပျိုးမှုတွင် မိုးပဲတီစိမ်းမှာ အထွက်နှုန်း ပိုပြီးဆောင်းပဲတီစိမ်းက အထွက်နှုန်းနည်း၍ စိုက်ပျိုးမှုအနေဖြင့် အလွန်နည်းကြောင်း၊ ပဲတီစိမ်းဈေးနှုန်းအနေဖြင့် ယခင် မိုးပဲတီစိမ်းပေါ်ချိန်တွင် တစ်တင်းလျှင် ကျပ် ၄၀၀၀၀ ဈေးနှုန်းရှိခဲ့ပြီး ယခုလက်ရှိ ပေါက်ဈေးအနေဖြင့် ကျပ် ၅၅၀၀၀ဖြင့်အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။ ဆောင်းပဲတီစိမ်းပေါ်ချိန်တွင် ဈေးနှုန်းများကောင်းမွန်ပါက အကျိုးအမြတ်ရရှိနိုင်ကြောင်း သိရသည်။

### ပဲစင်းငုံ

ကျောက်ဆည်ခရိုင်တွင် ပဲစင်းငုံသီးနှံကို သီးသန့်စိုက်ပျိုးမှုများရှိသလို သီးထပ်သီးညှပ်အဖြစ်လည်းစိုက်ပျိုးကြသည်။စိုက်ပျိုးမှုအနေဖြင့် ပဲစင်းငုံ တစ်ဧကလျှင် လေးပြည်ကုန်ကျပြီး အချို့တောင်သူများသည့် ပဲစင်းငုံများအား မိမိအိမ်တွင် သေချာစွာသိမ်းဆည်းထားပြီး မျိုးအဖြစ် အသုံးပြုကြသလို ပွဲရုံများမှာ ဝယ်ယူ၍ စိုက်ပျိုးကြကြောင်း သိရသည်။ တစ်ဧကကုန်ကျ စရိတ်အနေဖြင့် ကျပ် ၂၅၀၀၀၀ ဝန်းကျင်ခန့်ကုန်ကျပြီး အထွက်နှုန်းအနေဖြင့် ရှစ် တင်းမှ ၁၀ တင်းခန့်၊ ပဲစင်းငုံဈေးနှုန်းအနေဖြင့် ယခင်နှစ်တွင် တစ်တင်းလျှင် ကျပ် ၆၅၀၀၀ ယခုနှစ်တွင် တစ်တင်းလျှင် ကျပ် ၁၂၀၀၀၀ ဈေးနှုန်းများဖြင့် ရောင်းဝယ်လျက်ရှိကြောင်း၊ တစ်ဧက အကျိုးအမြတ်အနေဖြင့် ကျပ် ခုနစ်သိန်းဝန်းကျင်ခန့် ရရှိကြောင်း သိရသည်။

### နှံစားပြောင်း

ကျောက်ဆည်ခရိုင်သည် သီးနှံမျိုးစုံ ဖြစ်ထွန်းအောင်မြင်သော ဒေသတစ်ခုဖြစ်ပြီး ဆည်ရေသောက် ဒေသဖြစ်သောကြောင့် ပြောင်းသီးနှံကို ရာသီမရွေးစိုက်ပျိုးကြသည်။ စီးပွားလည်းဖြစ် ဝင်ငွေတိုးပြီး ကျွဲ၊ နွားစာများပါဖူလုံသောကြောင့် ဖူးစားပြောင်း၊ နှံစားပြောင်း သီးနှံများအား အများဆုံးစိုက်ပျိုးကြသည်။ နှံစားပြောင်းသီးနှံ တစ်ဧက စိုက်ပျိုးမှု ကုန်ကျစရိတ်အနေဖြင့် ကျပ် ၂၀၀၀၀၀ ခန့်ကုန်ကျပြီး မျိုးအနေဖြင့် ထွက်တိုးဖြူ၊ ထွက်တိုးနီမျိုးများကို စိုက်ပျိုးကြကြောင်း သိရသည်။ တစ်ဧက အထွက်နှုန်းအနေဖြင့် တင်း ၂၀ ခန့်ထွက်ရှိကြောင်း၊ ယခင်နှစ် ပြောင်းတစ်တင်းလျှင် ကျပ် ၂၂၀၀၀ ဈေးနှုန်းများဖြင့် ရောင်းချခဲ့ရပြီး ယခုနှစ်တွင် ပြောင်းတစ်တင်းလျှင် ကျပ် ၃၅၀၀၀ ဈေးနှုန်းများဖြင့် ရောင်းဝယ်လျက်ရှိကြောင်း၊ ကျွဲ၊ နွားများ စားသုံးရန်ကျန်ရှိသော ပြောင်းရိုးများကို ဧကပြတ် လာရောက်ဝယ်ယူသူများရှိရာ တစ်ဧကလျှင် ထွက်ရှိသမျှ ပြောင်းရိုးများကို ကျပ် ၁၀၀၀၀၀-၁၂၀၀၀၀ အထိ ရောင်းချရကြောင်း၊ နှံစားပြောင်းစိုက်ပျိုးမှုတွင် အကျိုးအမြတ်အနေဖြင့် စိုက်ပျိုးစရိတ်များ နုတ်ပြီးပါက ကျပ် ၆၀၀၀၀၀ ခန့်မြတ်သောကြောင့် ကုန်ကျစရိတ်သက်သာပြီး အကျိုးအမြတ်များပိုမိုရရှိသဖြင့် နှံစားပြောင်းသီးနှံကိုတောင်သူများ တိုးချဲ့စိုက်ပျိုးသင့်ပေသည်။

### ဆောင်းကုလားပဲ

ကျောက်ဆည်ခရိုင်အတွင်းရှိ စဉ့်ကိုင်မြို့နယ်သည် စပါးကိုအဓိကထားစိုက်ပျိုးပြီး မိုးစပါးများ ရိတ်သိမ်းပြီးချိန်တွင် ဆောင်းကုလားပဲကို စိုက်ပျိုးကြရာ စဉ့်ကိုင်မြို့နယ်တွင် ဆောင်း ကုလားပဲ စိုက်ဧက ၁၆၃၀၄ ဧက စိုက်ပျိုးထားကြောင်း သိရသည်။ ဆောင်းကုလားပဲကို အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် စတင်စိုက်ပျိုးကြပြီး ရိုးရိုးကုလားပဲမျိုးနှင့် V2 ကုလားပဲအဖြူလုံးကြီး မျိုးများကိုသာ အများဆုံးစိုက်ပျိုးကြကြောင်း၊ တစ်ဧက ကုန်ကျစရိတ်အနေဖြင့် မျိုး၊ ထွန်ယက်ခ၊ သွင်းအားစု၊ လုပ်သားခ၊ စုစုပေါင်း ကျပ် ၂၅၀၀၀၀ ခန့်ကုန်ကျကြောင်း၊ တစ်ဧက ပျမ်းမျှအထွက်နှုန်းအနေဖြင့် ခုနစ်တင်းမှ ရှစ်တင်းခန့်ထွက်ရှိကြောင်းသိရှိရသည်။

ယခုအချိန်တွင် ဆောင်းကုလားပဲများ ဖြိုင်ဖြိုင်ရိတ်သိမ်းလျက်ရှိပြီး ကုလားပဲဈေးနှုန်းအနေဖြင့် ယခင်နှစ်က ကုလားပဲရိုးရိုး တစ်တင်းလျှင် ကျပ် ၅၈၀၀၀၊ ကုလားပဲ V2 တစ်တင်းလျှင် ကျပ် ၆၂၀၀၀ ဈေးနှုန်းများရှိခဲ့ပြီး ယခုနှစ်တွင် ကုလားပဲရိုးရိုးတစ်တင်းလျှင် ကျပ် ၈၀၀၀၀၊ ကုလားပဲ V2 တစ်တင်းလျှင် ကျပ် ၈၇၀၀၀ ဈေးနှုန်းများဖြင့် အရောင်း အဝယ်ဖြစ်နေကြောင်း၊ အကျိုးအမြတ်အနေဖြင့် ကျပ် ၄၅၀၀၀၀-၅၀၀၀၀၀ ခန့်ရရှိကြောင်း သိရသည်။

### ပဲကြီးအစို

ကျောက်ဆည်ခရိုင်တွင် ပဲကြီးသီးနှံကို ယခင်က လယ်ကန်သင်းရိုးများတွင် တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြပြီး ယခုအချိန်တွင် ယာမြေ၊ လယ်မြေနှင့်ကိုင်းကျွန်းမြေများတွင်လည်း အများအပြား စိုက်ပျိုးလာကြသည်။ ကျောက်ဆည်ခရိုင်တွင် ပဲကြီးစိုက်ဧက ၁၄၃၅ ဧက စိုက်ပျိုးထားကြောင်း ပဲကြီးကို အောက်တိုဘာလတွင် စတင်စိုက်ပျိုးကြပြီး ဖေဖော်ဝါရီနှင့် မတ်လများတွင် စတင်ရိတ်သိမ်းလျက်ရှိကြောင်း သိရသည်။ တစ်ဧက ကုန်ကျစရိတ်အနေဖြင့် ကျပ် ၅၀၀၀၀၀ ခန့်ကုန်ကျပြီး ပဲကြီးသီးနှံမှာ စိုက်ပျိုးသည်မှ ရိတ်သိမ်းပြီးသည်အထိ ကြာချိန် ငါးလမှ ခြောက်လအတွင်းရှိသည်။ စိုက်ပျိုးပြီး သုံးလကြာလျှင် အဖူးအပွင့်များ စတင်ဖူးပွင့်ပြီး အသီးတောင့်များ ရင့်မှည့်လာချိန်တွင် တောင်သူအများစုမှာ ပဲကြီးအစိုများကိုသာ ခူးဆွတ်၍ရောင်းချကြကြောင်း၊ ယခု ပေါ်ဦးပေါ်စ အချိန်တွင်ဈေးကွက်အတွင်း၌ ပဲကြီးအစို တစ်ပြည်လျှင် ကျပ် ၄၀၀၀ ဈေးရရှိပြီး ပဲကြီးအခြောက် တစ်တင်းလျှင် ကျပ် ၁၁၀၀၀၀ ဈေးရှိကြောင်း ယခင်နှစ် ပဲကြီးအခြောက် တစ်တင်းလျှင် ကျပ် ၈၀၀၀၀ သာရကြောင်း သိရသည်။

**စိုးမင်းထွန်း၊ သန်းသန်းမိုး၊ မော်မော်အောင်၊ စိုးလွင်**

# ရွှေဘိုဈေးကွက်မှ မြေပဲလုံးဆန်နှင့် ပဲစင်းငုံ(နီ)

### မြေပဲလုံးဆန်

ရွှေဘိုခရိုင်တွင် မြေပဲလုံးဆန်(ဖြူ)များမှာ ဖေဖော်ဝါရီလ တတိယပတ်မှစတင်၍ ရွှေဘိုဈေးကွက်သို့ ဝင်ရောက်ခဲ့ပြီး ဖေဖော်ဝါရီလ စတုတ္ထပတ်တွင် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းမှာ မြေပဲလုံးဆန်(ဖြူ) တစ်တင်းလျှင် ကျပ် ၁၁၇၆၀၀ ပေါက်ဈေးရှိပြီး တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်မှုမှာ ၄၅၀၀ တင်း၊ ၁၀၃ တန်ဖြစ်ကြောင်း၊ ယခင်တစ်ပတ်နှင့် ယခုတစ်ပတ် နှိုင်းယှဉ်ပါက ယခင်တစ်ပတ်၌ မြေပဲလုံးဆန် (ဖြူ) တစ်တင်းလျှင် ကျပ် ၁၁၈၄၀၀ ပေါက်ဈေးရှိခဲ့သဖြင့် ယခုတစ်ပတ်တွင် မြေပဲလုံးဆန်(ဖြူ)တစ်တင်းလျှင် ကျပ် ၈၀၀ ဈေးလျော့နည်းခဲ့ကြောင်း၊ ယခင်နှစ် ကာလတူနှင့် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းတို့ကို နှိုင်းယှဉ်ပါက ယခင်နှစ်ကာလတူတွင် မြေပဲလုံးဆန်(ဖြူ)တစ်တင်းလျှင် ကျပ် ၁၀၄၀၀၀ ပေါက်ဈေးရှိခဲ့သဖြင့် ယခုနှစ်တွင် ယခင်နှစ် ကာလတူထက် မြေပဲလုံးဆန်(ဖြူ) တစ်တင်းလျှင် ကျပ် ၁၃၆၀၀ ဈေးပိုရရှိခဲ့ကြောင်း သိရသည်။

### ပဲစင်းငုံ(နီ)

ဇန်နဝါရီလ ဒုတိယပတ်မှစတင်၍ ရွှေဘိုဈေးကွက်သို့ ပဲစင်းငုံ(နီ၊ ဖြူ)များ စတင်ဝင်ရောက်ခဲ့သော်လည်း ဖေဖော်ဝါရီလ စတုတ္ထပတ်တွင် ပဲစင်းငုံ(နီ) တစ်မျိုးတည်းသာ ဝင်ရောက်ခဲ့ကြောင်း၊ ယခုတစ်ပတ်တွင် အရောင်းအဝယ်ဖြစ်သည့်ဈေးနှုန်းမှာ ပဲစင်းငုံ(နီ)တစ်တင်းလျှင် ကျပ် ၁၁၅၀၀၀ ပေါက်ဈေးရှိပြီး တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်မှုမှာ ၁၈၀၀၀ တင်း၊ ၅၈၈ တန်ဖြစ်ကြောင်း၊ ယခင်တစ်ပတ်နှင့် ယခုတစ်ပတ် အရောင်းအဝယ်ဖြစ်သည့်ဈေးနှုန်းတို့ကို နှိုင်းယှဉ်ပါက ယခင်တစ်ပတ်၌ ပဲစင်းငုံ(နီ)တစ်တင်းလျှင် ကျပ် ၁၂၂၆၀၀ ပေါက်ဈေးရှိခဲ့သဖြင့် ယခုတစ်ပတ်တွင် ပဲစင်းငုံ(နီ)တစ်တင်းလျှင် ကျပ် ၇၆၀၀ ဈေးလျော့နည်းခဲ့ကြောင်း သိရသည်။

**နှင်းနှင်းခိုင်(ရွှေဘို)**

# ဆောင်းပဲတီစိမ်း ဈေးကောင်းရ

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ပဲတီစိမ်းကို တစ်မြို့နယ်လုံးတွင် ၂၀၂၃-၂၀၂၄ ခုနှစ်၊ စိုက်ဧက ၁၀၅၀၁၇ အား လျာထားစိုက်ပျိုးရာ ရာနှုန်းပြည့် ဖြစ်ထွန်းအောင်မြင်စွာ စိုက်ပျိုးနိုင်ခဲ့သည်။ ခရမ်းမြို့ နယ်အတွင်းရှိ ဒေသခံတောင်သူများသည် စိုက်ပျိုးရေးအဆင်ပြေမှုနှင့် စိုက်ပျိုးမြေ ကောင်းမွန်မှုတို့ကြောင့် နွေ၊ မိုး၊ ဆောင်း တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်ကြပြီး နှစ်စဉ်ဆောင်းသီးနှံစိုက်ပျိုးရာသီချိန်တွင် သီးနှံဝင်ငွေတိုးပွားစေရန်နှင့် စားနပ်ရိက္ခာ ဖူလုံစေရေးအတွက် ပဲတီစိမ်းသီးနှံကို အဓိက အားထားစိုက်ပျိုးခဲ့ရာ ယခုအခါတွင် ခရမ်းမြို့နယ်ရှိ ကျေးရွာအချို့မှ လယ်ကန်သင်းရိုးပေါ်တွင် စိုက်ပျိုးထားသော ပဲတီစိမ်း စတင်ထွက်ပေါ်လျက်ရှိပြီး ပဲတီစိမ်းများအား စတင်ဝယ်ယူလျက်ရှိရာ ပဲတီစိမ်းတစ်တင်းလျှင် အဖွင့်ဈေးမှာ ကျပ် ၉၀၀၀၀ ဖြစ်ကြောင်း သိရသည်။ ဖေဖော်ဝါရီလ စတုတ္ထပတ်တွင် ပဲတီစိမ်းတစ်တင်း ဈေးနှုန်းမှာ ယခင်နှစ်ထက် ဈေးပိုရကြောင်း သိရသည်။

**ကျော့ကေခိုင်**

# မန္တလေး ကုန်စည်ဒိုင်တွင် မြေပဲဆန်နှင့် ပို့ကုန်ပဲများ အရောင်းအဝယ်အေးနေ

ဖေဖော်ဝါရီလ နောက်ဆုံးပတ်အတွင်း မန္တလေးကုန်စည်ဒိုင်သို့ မြင်းမူ၊ အောင်လံဒေသမှ မြေပဲဆန်များဝင်ရောက်နေပြီး ဈေးအေးနေကြောင်း သိရသည်။ မြေပဲလုံးဆန်များကို တရုတ်ဝယ်လက်မှ ဝယ်ယူမှုအေးခြင်းကြောင့် မြေပဲဆန်တစ်ပိဿာလျှင် ကျပ် ၁၀၀ မှ ၄၀၀ ထိ နိမ့်ကျလာပြီး ဆီဆန်ကို ဆီစက်သမားများမှ ဝယ်ယူမှုအေးနေသောကြောင့် S1ဆီဆန် တစ်ပိဿာလျှင် ယခင်တစ်ပတ်ထက် ကျပ် ၂၀၀ မှ ၇၀၀ ထိနိမ့်ကျလာကြောင်း မန္တလေးကုန်စည်ဒိုင် ဈေးကွက်မှသိရသည်။

မြေပဲလုံးဆန် (နီ) တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၇၈၀၀ မှ ၈၃၀၀၊ ယခင်တစ်ပတ်ကျပ် ၈၀၀၀ မှ ၈၇၀၀၊ ယခင်လကျပ် ၈၂၀၀ မှ ၈၅၀၀ ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်၊ ယခင်လထက် ကျပ် ၂၀၀ မှ ၄၀၀ နိမ့်ကျလာခဲ့သည်။

မြေပဲလုံးဆန် (ဖြူ) တစ်ပိဿာ ဈေးနှုန်းများမှာ ယခုတစ်ပတ် ကျပ် ၇၂၀၀ မှ ၇၄၀၀၊ ယခင်တစ်ပတ်ကျပ် ၇၂၀၀ မှ ၇၆၀၀၊ ယခင်လ ကျပ် ၇၂၀၀ မှ ၇၅၀၀ ဖြစ်ခဲ့ပြီး ယခင်လထက် ကျပ် ၁၀၀ နိမ့်ကျလာခဲ့သည်။

S1 ဆီဆန် တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၆၈၀၀ မှ ၇၆၀၀၊ ယခင်တစ်ပတ် ကျပ် ၇၅၀၀ မှ ၇၈၀၀၊ ယခင်လ ကျပ် ၆၄၀၀ မှ ၆၅၀၀ ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ထက် ကျပ် ၂၀၀ မှ ၇၀၀ နိမ့်ကျလာပြီး ယခင်လထက် ကျပ် ၄၀၀ မှ ၁၁၀၀ မြင့်တက်လာသည်။

ပဲစင်းငုံ(နီ) ၆၀ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၃၄၈၀၀၀ မှ ၃၅၀၀၀၀၊ ယခင်တစ်ပတ် ကျပ် ၃၇၁၀၀၀ မှ ၃၇၂၀၀၀၊ ယခင်လ ကျပ် ၃၆၂၀၀၀ ဖြစ်ခဲ့ပြီး ယခင်လထက် ကျပ် ၁၂၀၀၀ ၁၄၀၀၀ ကျဆင်းလာခဲ့သည်။

မတ်ပဲ ၆၀ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၂၇၀၀၀၀၊ ယခင်တစ်ပတ် ကျပ် ၂၈၀၀၀၀ မှ ၂၉၀၀၀၀၊ ယခင်လ ကျပ် ၂၇၀၀၀၀ မှ ၂၉၈၀၀၀ ဖြစ်ခဲ့ပြီး ယခင်လထက် ဈေးနှုန်းကျလာခဲ့သည်။

ပဲတီစိမ်း(အညာ) ၅၆ ဒသမ ၂၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၁၅၅၀၀၀ မှ ၁၈၅၀၀၀၊ ယခင်တစ်ပတ် ကျပ် ၁၅၅၀၀၀ မှ ၁၈၅၀၀၀၊ ယခင်လ ကျပ် ၁၆၀၀၀၀ မှ ၂၀၀၀၀၀ ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပြီး ယခင်လထက် ကျပ် ၅၀၀၀ မှ ၁၅၀၀၀ နိမ့်ကျခဲ့ကြောင်းသိရသည်။ **မြင့်မြင့်လှိုင်**

# အရာတော် သနပ်ခါးအကြောင်း တစေ့တစောင်း

နိုင်မျိုးထွန်း (မုံရွာ)

သနပ်ခါးကို မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသများဖြစ်ကြသော စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ယခင်နှစ်ကထက်ယခုကာလ၌ သနပ်ခါးဈေးကွက်ဈေးကောင်းရရှိနေကြောင်း သိရှိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်အတွင်းရှိ သနပ်ခါးစိုက်ပျိုးထွက်ရှိရာ ဒေသများအနက် "သနပ်ခါးမြို့တော်" ဟု တင်စားခေါ်ကြသော အရာတော်မြို့၌ သနပ်ခါး စိုက်ဧကအနေဖြင့် ဧက ၁၀၀၀၀၀ ခန့် စိုက်ပျိုးထားကြောင်း၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရာမှ စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

သနပ်ခါးပင်ကို အပူပိုင်း မိုးနည်းရပ်ဝန်းဒေသများတွင်အဓိကစိုက်ပျိုးကြသည်။ သနပ်ခါးပင်သည် ရေငတ်ဒဏ်နှင့် ပူပြင်းသော ရာသီဥတုဒဏ်ကို ကောင်းစွာခံနိုင်သော နှစ်ရှည်ပင်ဖြစ်သော်လည်း ဂရုတစိုက် ပြုစုပျိုးထောင်ရသော အပင်မျိုးဖြစ်သည်။ ဂရုတစိုက်ပြုပြင်ပေးခြင်းနှင့် မြေပြုပြင်ပြီး မြေဆီမြေခွန်ကျွေးလျှင် ပျိုးထောင်ပြုပြင်သည့်အလျောက် အကျိုးအမြတ်ရနိုင်သော အပင်မျိုးဖြစ်သည်။ သနပ်ခါးပင်ကို မြေချ၍ စတင်စိုက်ပျိုးသည့်နေ့မှ သုံးနှစ်အထိ အချိန်ကာလတစ်ခု စောင့်ဆိုင်းရပြီး တစ်ဖန်ပြန်၍ စိုက်ပျိုးစရာမလိုသော အဖိုးတန် နှစ်ရှည်ပင်ဖြစ်သည်။

ယခင်နှစ်ကာလများ၌ လျှော်ဖြူစိုက်ခင်းများ၊ ဇင်ရွေးစိုက်ခင်းများ၊ မိရိုးဖလာစိုက်ပျိုးသီးနှံများဖြစ်ကြသော ပဲအမျိုးမျိုး၊ ဝါ၊ နှမ်း၊ ပြောင်းနှင့် ဆီထွက်သီးနှံတို့ကိုသာ အဓိကထားစိုက်ပျိုးကြသော်လည်း ယခုအခါ သနပ်ခါးစိုက်ပျိုးခြင်းကို စီးပွားဖြစ်စိုက်ပျိုးလာကြောင်း တွေ့ရှိရသည်။ သနပ်ခါးပင်မျိုးစိတ်ကို ရှေးရိုးအပင်မျိုးစေ့နှင့် စိန်မင်းဟုခေါ်သော ပြုပြင်ဖန်တီးထားသော စပ်မျိုး မျိုးစိတ်ဟူ၍ နှစ်မျိုးတွေ့ရသည်။

သနပ်ခါးပင်များသည် မြေနီကျောက်ကုန်းများတွင် လျင်မြန်စွာ ဖြစ်ထွန်းလွယ်၍ အခေါက်ထူပြီး အပွေးသန်ကာ ရနံ့ပိုမိုမွှေးကြိုင်ကြောင်း သိရသည်။ သနပ်ခါး စေ့မှ ပျိုးပင်ပေါက်ရန် အချိန်ကာလအားဖြင့် တစ်လခွဲခန့်ကြာကြောင်း၊ သနပ်ခါးပျိုးပင်များ စိုက်ပျိုးရာတွင် ပျိုးထုပ်များအတွင်း၌ မြေဆွေးနှင့် နုန်းမြေကို မျှတစွာထည့်ပြီး စိုက်ပျိုးရကြောင်း၊ သနပ်ခါးပျိုးပင်ပေါက်များကို မြေချ၍ စိုက်ပျိုးရန် အကောင်းဆုံးအချိန်မှာ ဝါဆို၊ ဝါခေါင်လများဖြစ်ကြောင်း သိရသည်။

သနပ်ခါးပျိုးပင်များ စိုက်ပျိုးရာတွင် ငါးတောင်ခြား၍ သော်လည်းကောင်း၊ ခြောက်တောင်ခြား၍သော် လည်းကောင်း မိမိနှစ်သက်ရာ အကွာအဝေးဖြင့် အတန်းအလိုက်စိုက်ပျိုးကာ တစ်ဧကလျှင် ပျိုးပင် ၂၅၀-၃၀၀ အထိစိုက်ပျိုးနိုင်ကြောင်း၊ အချို့သနပ်ခါးခြံများတွင် နေရာအကျယ်အဝန်းနှင့် အရေအတွက် အနည်းအများပေါ်မူတည်ကာ ပျိုးပင် ၃၀၀-၃၅၀ အထိလည်း စိုက်ပျိုးနိုင်ကြောင်း သိရသည်။

သနပ်ခါးပင်သည် နှစ်ရှည်ပင်အမျိုးအစားတွင် ပါဝင်သော အပင်တစ်မျိုးဖြစ်ရာ ပျိုးပင်မြေချစိုက်ပျိုးသည့်ရက်မှ ငါးနှစ်မှ ခုနစ်နှစ်အတွင်း အရွယ်ရောက်ပြီးသော သနပ်ခါးပင်များကို စတင်ခုတ်ယူနိုင်ပြီး တစ်ဖန်ပြန်၍ အတက်ပေါက်သနပ်ခါးပင်များကိုလည်း သုံးနှစ်တစ်ခါ ခုတ်ယူနိုင်ကြောင်း သိရသည်။ သနပ်ခါးခုတ်ယူရန် အကောင်းဆုံးအချိန်မှာ တော်သလင်းလပြည့်ကျော်မှ သီတင်းကျွတ်လအတွင်းဖြစ်သည်။

ခုတ်ယူရရှိသော သနပ်ခါးပင်များကို ဖြတ်တောက်၍ မြန်မာနိုင်ငံတစ်ဝန်းသို့ အတုံးဈေးဖြင့် တစ်တုံးလျှင် အနည်းဆုံး ကျပ် ၁၅၀၀ မှ ၅၀၀၀၊ ၈၀၀၀ ထိသော်လည်းကောင်း၊ သနပ်ခါးကို လက်ဖြင့်သွေး၍ အခြောက်ခံကာ သနပ်ခါးခဲ (လက်သွေးခဲ) များအဖြစ်ပြုလုပ်၍ ကျပ်ငွေ ၁၅၀၀ ဖြင့် လည်းကောင်း၊ သနပ်ခါးပင်အား အပင်ပြတ်ဖြင့် ရောင်းချရာတွင် အပင်၏ လုံးပတ်၊ အပွေး၊ အခေါက်တို့ကိုကြည့်၍ ကျပ် ၈၀၀၀ မှ ၁၅၀၀၀ ထိလည်းကောင်း၊ ခြံပြတ်ဖြင့် ဝယ်ယူရာတွင်လည်း သနပ်ခါးပင်၏ အရည်အသွေးကိုကြည့်၍ ငါးဧကလျှင် ကျပ်သိန်း ၁၀၀ နီးပါးခန့် ပေးချေရကြောင်း၊ အဖျားသားများကို နာမည်ကြီး ဒေါ်သီအမှတ်တံဆိပ်နှင့် ရွှေပြည်နန်းသနပ်ခါး စက်ရုံများသို့လည်း တင်ပို့ရောင်းချ၍ ရွှေဘိုမြို့မှတစ်ဆင့် မန္တလေး၊ ရန်ကုန်သို့တင်ပို့ကြောင်း၊ ဒေသတွင်း၌လည်း အသုံးပြုသူများခြင်း၊ ဝယ်လိုအားများခြင်းတို့ကြောင့် ဈေးကောင်းရနေကြောင်း၊ သနပ်ခါးပင်များကို သုံးနှစ်တစ်ခါ ခုတ်ယူရာတွင် တစ်ဧကလျှင် ကျပ် ၂၅ သိန်းခန့် အမြတ် ကျန်ရှိကြောင်း၊ တစ်နှစ်ပျမ်းမျှနှုန်းဖြင့် တစ်ဧကလျှင် ကျပ် ရှစ်သိန်းခန့် အမြတ်ရ၍ သနပ်ခါး စိုက်ဧကများကို တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း လေ့လာသိရသည်။

အချုပ်အားဖြင့်ဆိုရသော် မြန်မာတို့၏ ရိုးရာသနပ်ခါးကို ပြည်တွင်း၌ ရောင်းဝယ်ကုန်သွယ်မှု ပြုလုပ်ခြင်းသာမက အရည်အသွေးမြှင့်တင်၍ ကုန်ချောအဖြစ် ထုတ်လုပ်ကာ ဈေးကွက်ဖော်ဆောင်ခြင်း၊ ပြည်တွင်း၌ အသုံးပြုခြင်းသာမက နိုင်ငံခြားဝင်ငွေ ရရှိရေးအတွက် ပြည်ပနိုင်ငံများသို့ တင်ပို့လျှင် အကျိုးအမြတ်ပိုမို ဖြစ်ထွန်းနိုင်ကြောင်း ရေးသားတင်ပြလိုက်ရသည်။

### စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ
### (၂၆.၂.၂၀၂၄)ရက်နေ့မှ (၃.၃.၂၀၂၄)ရက်နေ့အထိ ရည်ညွှန်းဈေးနှုန်းထုတ်ပြန်ရန် ခန့်မှန်းကုန်ကျစရိတ်စာရင်းနှင့် အရင်းဈေးတွက်ချက်မှု

| | |
|---|---|
| Quantity (MT) | 1000 |
| CIF Price (USD/MT) | 926 |
| ငွေလဲနှုန်း | 2980 |
| Customs ငွေလဲနှုန်း | 2100 |

| စဉ် | အကြောင်းအရာ | တွက်ချက်နှုန်း | ၁၀၀၀ တန် ကုန်ကျစရိတ် | (၁) ပိဿာကုန်ကျစရိတ် |
|---|---|---|---|---|
| ၁ | သွင်းကုန်လိုင်စင်ကြေး | | 93,600 | 0.15 |
| ၂ | TT ဘဏ်စရိတ်ငွေလွှဲခ | 1000 MT x CIF x ငွေလဲနှုန်း x 0.125% | 3,449,350 | 5.63 |
| ၃ | စားအုန်းဆီအလျော့ | 1000 MT x 1% x CIF x ငွေလဲနှုန်း | 27,594,800 | 45.06 |
| ၄ | ဆီကန်သိုလှောင်ထိန်းသိမ်းခ | 1000 MT x 612.39 Viss x MMK 31 | 18,984,090 | 31.00 |
| ၅ | ကုန်သွယ်လုပ်ငန်းခွန် | 1000 MT x CIF x Customs ငွေလဲနှုန်း x 5% | 97,230,000 | 158.77 |
| ၆ | MITS စစ်ဆေးခ | 1000 MT x MMK 600 | 600,000 | 0.98 |
| ၇ | FDA + Lab Test | | 440,000 | 0.72 |
| ၈ | ဆိပ်ကမ်းကပ်ခ | 1000 MT x USD 3.15 x ငွေလဲနှုန်း | 9,387,000 | 15.33 |
| ၉ | ဆီအသင်းရန်ပုံငွေ | 1000 MT x MMK 600 | 600,000 | 0.98 |
| ၁၀ | Agent fee | | 250,000 | 0.41 |
| ၁၁ | ကြိုတင်ဝင်ငွေခွန် | 1000 MT x CIF x Customs ငွေလဲနှုန်း x 2% | 38,892,000 | 63.51 |
| ၁၂ | ကန်ပြောင်းစရိတ် | 1000 MT x 612.39 Viss x MMK 30 | 18,371,700 | 30.00 |
| ၁၃ | အထွေထွေကုန်ကျစရိတ် | 1000 MT x 612.39 Viss x MMK 50 | 30,619,500 | 50.00 |
| ၁၄ | ဘဏ်အတိုးနှုန်း | 1000 MT x CIF x ငွေလဲနှုန်း x 1.167% | 32,203,132 | 52.59 |
| ၁၅ | သင်္ဘောစောင့်ဆိုင်းခ(Demurrage Charge) | 1000 MT x USD 2 x 3 Day x ပြင်ပငွေလဲနှုန်း | 20706000 | 33.81 |
| | အထွေထွေစရိတ်ပေါင်း | | 299,421,172 | 488.94 |
| ၁၆ | CIF Cost (1000 MT x CIF Price x ငွေလဲနှုန်း) | | 2,759,480,000 | 4,506.08 |
| | စရိတ်စုစုပေါင်း | | 3,058,901,172 | 4,995.02 |

## မြန်မာ့ဆိပ်ကမ်းတွင် ၁ . ၃ . ၂၀၂၄ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ကြည့်မြင်တိုင်ဆိပ်ကမ်း | MT.TIRTA SARI | P.Oil (In Bulk) ၅၀၀၀တန်ချဆဲ |
| ထီးတန်းဆီဆိပ်ကမ်း | MT.VL-21 | P.Oil (In Bulk) ၄၄၀၀တန်ချဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း အမှတ်(၁) | MSC ANDERA F | ကုန်သေတ္တာ ၇၂၁ တင်၆၄၆ ချဆဲ |
| | SINAR BAJO | ကုန်သေတ္တာ ၁၀၁၄ တင်၈၆၄ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| အေးရှားဝေါလ်ဆိပ်ကမ်း အမှတ်(၃) | KOTA RAJIN | ကုန်သေတ္တာ၃၅၃ တင် ၅၅၇ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| | PADIAN-4 | ကုန်သေတ္တာ ၅၈၆ တင် ၅၀၀ ချဆဲ (ပူးတွဲလုပ်ဆောင်) |
| | ISEACO GENESIS | ကုန်သေတ္တာ၈၀၉ တင် ၉၃၁ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| အလုံဆိပ်ကမ်းအမှတ်(၁) | MV DRAGON | ပြောင်းဝါတန်ချိန် ၂၂၀၀၀ တင်ဆဲ |
| အလုံဆိပ်ကမ်းအမှတ်(၂) | FU XING | ပြောင်းဝါတန်ချိန် ၆၀၀၀ တင်ဆဲ |
| | EASTERN PROGRESS | ပြောင်းဝါတန်ချိန်၁၀၅၀၀ တင်ဆဲ(ပူးတွဲလုပ်ဆောင်) |
| အလုံဆိပ်ကမ်းအမှတ်(၃) | KEN REI | ပြောင်းဝါတန်ချိန် ၂၂၀၀၀ တင်ဆဲ |
| Yangon Int'l Gateway Terminal | TRANG AN 05 | ပြောင်းဝါတန်ချိန် ၁၂၀၀၀တန်တင်ဆဲ |
| | QUANG MINH-6 | ပြောင်းဝါတန်ချိန် ၄၀၀၀တန်တင်ဆဲ |
| စက်မှုဆိပ်ကမ်းအမှတ်(၃) | T12 APPLE | ကုန်သေတ္တာ ၃၀၁ တင် ၄၄၃ ချဆဲ (ပူးတွဲလုပ်ဆောင်) |
| | DMC NEPTUNE | ပြောင်းဝါတန်ချိန် ၂၀၀၀၀ တင်ရန်စောင့်စားဆဲ |
| စက်မှုဆိပ်ကမ်းအမှတ်(၄) | CONTRIVIA | ကုန်သေတ္တာ၇၄၆ တင် ၇၈၅ချဆဲ |
| ဆူးလေဆိပ်ကမ်းအမှတ်(၂) | TAY SON-1 | ပြောင်းဝါ ၈၂၅၀ တန်တင်ဆဲ(ပူးတွဲလုပ်ဆောင်) |
| ဆူးလေဆိပ်ကမ်းအမှတ်(၃) | ASALET | ဆန်၁၃၅၀၀ တန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်းအမှတ်(၄) | LAR DOS | ဆန် ၂၅၀၀၀ တန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်းအမှတ်(၆) | HARLEQUIN | ဆန်(In Bulk) ၂၄၂၂၀ တန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်းအမှတ်(၇) | SOUTHERN CROSS | ဆန် ၂၄၆၀၅ တန်တင်ဆဲ |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်းအမှတ်(၂) | AN HAI STAR | ပြောင်းဝါ ၁၀၁၀၀ တန်တင်ဆဲ |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်းအမှတ်(၃) | SAFETY OCEAN | ဆန် ၂၀၀၀၀ တန်တင်ဆဲ |
| သီလဝါဆိပ်ကမ်းအမှတ်(၁) | PADIAN-4 | ကုန်သေတ္တာ ၅၀ တင် ၂၆၁ချဆဲ |
| WILMAR JETTY | MT-RM 5 | P.Oil (In Bulk)၃၆၀၀ တန်တင်ရန်ရှိ(အလုပ်မလုပ်) |
| | URANUS J | Urea ၂၀၀၀တန်ချဆဲ |
| | DOLPHIN 18 | ပြောင်းဝါ ၇၇၀၀ တန်တင်ရန်ရှိ(အလုပ်မလုပ်) |
| MHM ဆိပ်ကမ်း | MV MCL 16 | ပြောင်းဝါတန်ချိန် ၂၇၀၀ တန်ချရန်ရှိ (အလုပ်မလုပ်) |
| | MV MCL 19 | ပြောင်းဝါတန်ချိန် ၂၇၀၀ တန်ချရန်ရှိ |
| MFCL ဆိပ်ကမ်း | CITRA | Shera board ၂၀၀၀ချရန်ရှိ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| CLIPPER HONG KONG | Urea ၂၄၉၁၅ တန်ချရန် | - | ၁.၁.၂၀၂၄ |
| URANUS J | Urea တန်ချိန် ၂၀၀၀ တန်တင်ရန် | - | ၁.၃.၂၀၂၄ |
| DMC NEPTUNE | ပြောင်းဝါ ၂၀၀၀၀ တန်တင်ရန် | - | ၁.၃.၂၀၂၄ |
| EASTERN PROGRESS | ပြောင်းဝါ ၁၀၅၀၀ တန်ချရန် | - | ၁.၃.၂၀၂၄ |
| SPLENDOR TAOCJIMG | Steel &Equipment တန်ချိန် ၁၂၀၀၀ တန်ချရန် | MALAYSIA | ၁.၃.၂၀၂၄ |
| SPLENDOR TAICHUNG | Steel &Equipment တန်ချိန် ၁၂၀၀၀ တန်ချရန် | GLOBAL | ၂.၃.၂၀၂၄ |
| PIONEER HARMONY | ပြောင်း ၂၂၀၀၀ တန်တင်ရန် | THAILAND | ၅.၃.၂၀၂၄ |
| THAI BINH 12 | ပြောင်း ၂၀၀၀၀ တန်တင်ရန် | THAILAND | ၆.၃.၂၀၂၄ |
| CLIPPER TRIUMPH | ဆန်တန်ချိန် ၃၀၀၀၀ တန်ချရန် | SPAIN | ၇.၃.၂၀၂၄ |
| APEX VOYAGER | ဂျုံတန်ချိန် ၂၇၀၀၀ တန်တင်ရန် | AUSTRALIAA | ၉.၃.၂၀၂၄ |
| RIVER MAS | (CBM)Transformer ၇၃၆ တန်ချရန် | CHINA | ၉.၃.၂၀၂၄ |
| PAVOSA WISDOM(RT) | Steel& Equipment ၃၅၁၂၅တန်ချရန် | CHINA | ၁၁.၃.၂၀၂၄ |
| THAI BINH 01 | ဆန်တန်ချိန် ၁၂၅၀၀တန်တင်ရန် | INDONESIA | ၁၂.၃.၂၀၂၄ |
| AVIONA | Steel တန်ချိန် ၃၄၉၀တန်ချရန် | CHINA | ၁၃.၃.၂၀၂၄ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| SINAR BAJO | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂.၃.၂၀၂၄ |
| KOTA RAJIN | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂.၃.၂၀၂၄ |
| UNI ACTIVE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂.၃.၂၀၂၄ |
| ALVAN | SINGAPORE | သီလဝါဆိပ်ကမ်း | ၂.၃.၂၀၂၄ |
| ISEACO GENESIS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂.၃.၂၀၂၄ |
| SITC CHUNMING | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂.၃.၂၀၂၄ |
| BANGKOK | SINGAPORE | စက်မှုဆိပ်ကမ်း | ၅.၃.၂၀၂၄ |
| MAERSK XIAMEN | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၅.၃.၂၀၂၄ |
| BL PL FAITH | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၆.၃.၂၀၂၄ |
| SITC CHANGMING | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၇.၃.၂၀၂၄ |
| MSC SUPARNA F | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၇.၃.၂၀၂၄ |
| ISEACO FORTUNE | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၇.၃.၂၀၂၄ |

### ပြည်ကုန်စည်ဒိုင်၏ဈေးနှုန်းပြောင်းလဲမှု

| စဉ် | ပဲမျိုးစုံ | တစ်တင်းဈေးနှုန်း(ကျပ်) | | | တစ်ရက် အဝယ်/အိတ် | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ဖေဖော်ဝါရီ ပထမပတ် | ဖေဖော်ဝါရီ စတုတ္ထပတ် | နှိုင်းယှဉ်ချက် | ရန်ကုန် | | မန္တလေး | | ပြည်(မြို့တွင်း) | |
| ၁ | မတ်ပဲ | ၁၁၁၇၀၀ | ၉၇၅၀၀ | ၁၄၂၀၀ ↓ | ၂၅၀ | ၄၀၀ | | | | |
| ၂ | ပဲတီစိမ်း | ၇၃၀၀၀ | ၇၃၀၀၀ | | | | ၃၀၀ | ၁၀၀ | | |
| ၃ | ပဲစင်းငုံ | ၁၂၂၅၀၀ | ၁၀၅၀၀၀ | ၁၇၅၀၀ ↓ | ၄၀၀ | ၅၀၀ | | | | |
| ၄ | ကုလားပဲ(HL) | ၉၉၀၀၀ | ၉၇၀၀၀ | ၂၀၀၀ ↓ | ၄၀၀ | ၄၀၀ | | | ၂၀၀ | ၂၅၀ |
| ၅ | ကုလားပဲ(မြကြေးမှုံ) | ၉၈၀၀၀ | ၉၈၀၀၀ | | ၃၀၀ | ၃၀၀ | | | ၁၀ | ၁၀ |
| ၆ | ပဲကြီး(ရွှေကျွန်း) | ၁၂၅၀၀၀ | ၁၁၀၀၀၀ | ၁၅၀၀ ↓ | ၄၀၀ | ၄၀၀ | | | ၂၀၀ | ၁၅ |
| ၇ | ပဲကြီး(ကုန်းပဲ) | ၁၂၀၀၀၀ | ၁၀၅၀၀၀ | ၁၅၀၀ ↓ | ၃၀၀ | ၃၀၀ | | | ၁၀ | ၂၀၀ |
| ၈ | ဗိုလ်ကီတ်ပဲ | ၈၀၀၀၀ | ၇၃၀၀၀ | ၇၀၀၀ ↓ | ၅၀ | ၁၀၀ | | | ၅၀ | ၅၀ |
| ၉ | စားတော်ပဲ | ၁၂၀၀၀၀ | ၁၁၈၀၀၀ | ၂၀၀၀ ↓ | ၂၅ | ၅၀ | | | ၂၅ | ၂၅ |

မိမိအေး(ပြည်)

# ကျန်းမာရေးနှင့်ညီညွတ်ပြီး ပြည်တွင်းစားသုံးဆီဖူလုံရေးကို အထောက်အကူပြုသည့် နေကြာ

**မြင့်မြင့်သန်း(ပခုက္ကူ)**

ဆီထွက်သီးနှံများကို စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းသည့် မြန်မာနိုင်ငံ အလယ်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ဆီထွက်သီးနှံကို အဓိကထား၍ စိုက်ပျိုးသည်။ အခြား တိုင်းဒေသကြီး၊ ပြည်နယ်များတွင်လည်း စိုက်ပျိုးကြောင်း သိရှိရသည်။

မကွေးတိုင်းဒေသကြီးသည် ယခုအခါတွင် ဆီထွက်သီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် နေကြာစိုက်ပျိုးမှုဧက တစ်သိန်းခန့်ရှိသော်လည်း နိုင်ငံတော်အစိုးရမှ ပြည်တွင်းစားသုံးဆီ ဖူလုံရေးကို အထောက်အကူပြုမည့် နေကြာသီးနှံများ တိုးချဲ့စိုက်ပျိုးမှုကို ဆောင်ရွက်လျက်ရှိရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဧက ၄၆၀၀၀၀ ခန့်ထိ တိုးချဲ့စိုက်ပျိုးလာပြီး ၂၀၂၃-၂၀၂၄ဘဏ္ဍာနှစ်တွင် စိုက်ဧက ငါးသိန်းခန့်အထိ စိုက်ပျိုးလျက်ရှိကြောင်း သိရှိရသည်။

### နေကြာဆီထွက်ရှိမှု

နေကြာစိုက်ပျိုးရာတွင် အထွက်တိုးရန်အတွက် စိုက်ပျိုးသည့်မျိုးသည် မျိုးကောင်းမျိုးသန့်ဖြစ်ရန် လိုအပ်သည်။ ဒေသတွင်းစိုက်တောင်သူများသည် မြို့နယ်စိုက်ပျိုးရေးဌာနမှ ဖြန့်ဝေပေးလျက်ရှိသည့် နေကြာမျိုးစေ့များကို စိုက်ပျိုးကြသည်။ ဆင်းရွှေကြာမျိုးကို အများဆုံးစိုက်ပျိုးသည်။ နေကြာစေ့ တစ်တင်းလျှင် အရည်အသွေးပေါ် မူတည်၍ ဆီသုံးပိဿာမှ လေးပိဿာထိ ထွက်ရှိသည်။ တစ်ဧကလျှင် မျိုးစေ့ကုန်ကျမှု အပေါ် မူတည်ပြီး တင်း ၂၅ မှ ၃၀ ထိထွက်ရှိ၍ ဆီပိဿာ ၁၀၀ ကျော်ခန့်ထွက်ရှိကြောင်း သိရှိရသည်။

နေကြာစေ့မှ ကြိတ်ခွဲထွက်ရှိသည့် နေကြာဆီသည် မပြည့်ဝဆီအမျိုးအစားတွင် ပါဝင်သည်။ နေကြာစေ့သည် နေပူထဲတွင် အကာအကွယ်မရှိပွင့်သောပန်းပွင့်၏အစေ့ဖြစ်ပါသဖြင့် မှိုတက်နိုင်ခြေ အလားအလာနည်းပါး၍ သီးနှံတွင် အစိုဓာတ်နည်းပြီး မှိုဆိပ်ပါဝင်မှု နည်းခြင်းကြောင့် နေကြာစေ့မှထွက်ရှိသော နေကြာဆီသည် လူတိုင်းကျန်းမာရေးအတွက် စားသုံးသင့်သည့် ဆေးဖက်ဝင်နေကြာဆီဖြစ်သည်။ နေကြာပင်သည် ရာသီဥတု ဖောက်ပြန်ချိန်တွင်လည်း အခြားသီးနှံများနှင့်မတူ အပင်သည် ယိုင်လဲမှုဒဏ် ခံနိုင်ရည်ရှိပြီး ရွက်ခြောက်ရောဂါဒဏ်ကိုလည်း ခံနိုင်ရည်ရှိ၍ သဘာဝဘေးဒဏ်ကို ကာကွယ်နိုင်ခြင်းရှိသော နေကြာသီးနှံကို စိုက်တောင်သူများ တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

### ကျန်းမာရေးအကျိုးကျေးဇူးများ

နေကြာဆီသည် မပြည့်ဝဆီအမျိုးအစားဖြစ်၍ လူတို့ကျန်းမာ ရေးအတွက် အထူးသင့်လျော်သည်။ နေကြာဆီတွင် Vitamin-E များစွာပါရှိသဖြင့် နေရောင်ခြည်ကြောင့် အရေပြားပေါ် တွင် တင်းတိတ်၊ မှဲ့ခြောက်များကို ပျောက်ကင်းစေပြီး ပါးရေတွန့်ခြင်းများမှလည်းကာကွယ်ပေးနိုင်သည်။နေကြာဆီတွင်ပါဝင်သည့် Omega-6 သည် ဆံပင်ကို နူးညံ့ပျော့ပျောင်းစေခြင်း ဆံပင်ကျွတ်ခြင်းကို သက်သာစေသည့် အကျိုးကျေးဇူးများကို ရရှိစေသည်။ နေကြာတွင် အခြားအာဟာရဓာတ်များလည်း ကြွယ်ဝစွာ ပါဝင်နေသဖြင့် ခန္ဓာကိုယ် ခုခံအားစနစ်ကို တိုးတက်စေပြီး ပင်ပန်းနွမ်းနယ်မှုကို လျှော့ချစေသည့် ကျန်းမာရေးအကျိုးကျေးဇူးများ ရရှိသည်။

လူသားတိုင်းသည် နေ့စဉ်နှင့်အမျှ ကျန်းမာစွာဖြင့် အသက်ရှင် ရပ်တည်နိုင်ရေးအတွက် စားသောက်နေထိုင်ကြရာတွင် အခြေခံစားကုန်များဖြစ်သည့် ဆန်၊ စပါးပြီးလျှင် ဒုတိယအများဆုံး စားသုံးဆီကို နေ့စဉ်နှင့်အမျှ မပါမဖြစ် စားသောက်ကြသည်။ ယခုအချိန်တွင် နိုင်ငံတော်အစိုးရမှ ဆီထွက်သီးနှံကဏ္ဍ ဖွံ့ဖြိုးရန် နေကြာသီးနှံများ တိုးချဲ့စိုက်ပျိုးရေး ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များအလိုက် နေကြာသီးနှံများကို တိုးချဲ့စိုက်ပျိုးလျက်ရှိသည်။ ပြည်တွင်း၌ ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးခြင်းဖြင့် လုပ်သား အလုပ်အကိုင်အခွင့်အလမ်းများစွာရရှိပြီး MSMEs အကြီးစား၊ အလတ်စား၊ အသေးစား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

## ပြည်ပဆန်စျေးနှုန်းများ

မြန်မာနိုင်ငံဆန် စပါးအသင်းချုပ်မှ (၂၈-၂-၂၀၂၄ မှ ၅-၃-၂၀၂၄) ထိ ဆန်စျေးနှုန်းများ

| စဉ် | အမျိုးအမည် | စျေးနှုန်း | မှတ်ချက် |
|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken (Well Milled Double Polished Sortexed) | 610 - 615 | |
| 2 | Myanmar Long Grain White Rice 10% Broken (Well Milled Double Polished Sortexed) | 600 - 610 | |
| 3 | Myanmar Long Grain White Rice 15% Broken (Well Milled Double Polished Sortexed) | 590 - 600 | |
| 4 | Myanmar Long Grain White Rice 25% Broken (Well Milled Double Polished Sortexed) | 580 - 590 | |
| 5 | Myanmar Long Grain White Rice 25% Broken (Reasonable Well Milled) | 565 - 575 | |
| 6 | Myanmar Long Grain White Rice (Kayinma) 5% Broken(Well Milled Double Polished Sortexed) | 610 - 615 | |
| 7 | Myanmar Long Grain White Rice (Kayinma) 10% Broken(Well Milled Double Polished Sortexed) | 600 - 610 | |
| 8 | Myanmar Long Grain White Rice (Kayinma) 15% Broken(Well Milled Double Polished Sortexed) | 590 - 600 | |
| 9 | Myanmar Long Grain White Rice (Kayinma) 25% Broken(Well Milled Double Polished Sortexed) | 580 - 590 | |
| 10 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 610 - 615 | |
| 11 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 600 - 610 | |
| 12 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 590 - 600 | |
| 13 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 580 - 590 | |
| 14 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Softexed) | 600 - 610 | |
| 15 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Softexed) | 590 - 600 | |
| 16 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Softexed) | 580 - 590 | |
| 17 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Softexed) | 575 - 580 | |
| 18 | Myanmar White Rice Tun Pu(or)Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 610 - 615 | |
| 19 | Myanmar White Rice Tun Pu(or)Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 600 - 610 | |
| 20 | Myanmar White Rice Tun Pu(or)Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 590 - 600 | |
| 21 | Myanmar White Rice Tun Pu(or)Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 575 - 580 | |
| 22 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 650 - 660 | |
| 23 | Myanmar Parboiled Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 645 - 650 | |
| 24 | A-1 , 2 (Sortexed) | 445 - 455 | |
| 25 | B-1 , 2 (Sortexed) | 430 - 440 | |
| 26 | B-1,2 (Non-Sortexed) | 410 - 420 | |

Source : မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

## ပြည်တွင်းဆီစျေးနှုန်းများ (၁-၃-၂၀၂၄)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| မန္တလေး | ၁၄၀၀၀ | ၁၄၀၀၀ | - | ၁၂၅၀၀ | ၁၂၅၀၀ | - | ၅၉၆၅ | ၆၀၀၀ | ↑ |
| ပဲခူး | ၁၄၀၀၀ | ၁၄၀၀၀ | - | ၁၅၀၀၀ | ၁၅၀၀၀ | - | ၅၇၀၀ | ၅၆၀၀ | ↓ |
| မကွေး | ၁၄၀၀၀ | ၁၄၀၀၀ | - | ၁၄၀၀၀ | ၁၄၀၀၀ | - | ၆၀၀၀ | ၅၈၀၀ | ↓ |
| ပြည် | ၁၄၀၀၀ | ၁၄၀၀၀ | - | ၁၃၅၀၀ | ၁၃၅၀၀ | - | ၅၆၀၀ | ၅၇၀၀ | ↑ |
| စစ်တွေ | ၂၂၀၀၀ | ၂၂၀၀၀ | - | | | | ၅၄၀၀ | ၅၄၀၀ | - |
| နေပြည်တော် | ၁၄၅၀၀ | ၁၄၅၀၀ | - | ၁၄၀၀၀ | ၁၄၀၀၀ | - | ၅၇၀၀ | ၅၇၀၀ | ↑ |

# မော်လမြိုင် ကုန်စည်ဒိုင်မှ ကြက်သွန်နီ၊ ကြက်သွန်ဖြူ စျေးနှုန်း

မော်လမြိုင်ကုန်စည်ဒိုင်၌ ဖေဖော်ဝါရီ စတုတ္ထပတ်အတွင်း ကြက်သွန်နီ တစ်ပိဿာစျေးနှုန်း အခြေအနေများမှာ မြစ်သား ကြက်သွန်နီ(အကြီး) ကျပ် ၃၄၀၀၊ (အလတ်) ကျပ် ၃၃၀၀၊ (အငယ်) ကျပ် ၃၁၀၀၊ မိုးကြက်သွန်နီ(အသစ်) (အကြီး) ကျပ် ၂၉၀၀၊ (အလတ်) ကျပ် ၂၇၀၀၊ (အငယ်) ကျပ် ၂၃၀၀ ဖြစ်သည်။

ကြက်သွန်ဖြူတစ်ပိဿာစျေးနှုန်းများမှာ ကြူကုတ် တစ်ပိဿာလျှင် ကျပ် ၉၅၀၀၊ ထူလေး တစ်ပိဿာလျှင် ကျပ် ၁၅၀၀၀၊ ထူငါး တစ်ပိဿာလျှင် ကျပ် ၁၅၅၀၀၊ ချင်း(ဥမ) တစ်ပိဿာလျှင် ကျပ် ၃၉၀၀၊ ချင်းပြတ်(ခြောက်) တစ်ပိဿာလျှင် ကျပ် ၆၁၀၀ ဖြစ်ကြောင်းသိရသည်။

ယခင် ဇန်နဝါရီ ပထမပတ်အတွင်း ကြက်သွန်နီစျေးနှုန်း အခြေအနေမှာ မြစ်သား ကြက်သွန်နီ(အကြီး) ကျပ် ၃၇၀၀၊ (အလတ်) ကျပ် ၃၅၀၀၊ (အငယ်) ကျပ် ၃၁၀၀၊ မိုးကြက်သွန်နီ(အသစ်) (အကြီး) ကျပ် ၃၂၀၀၊ (အလတ်) ကျပ် ၂၆၀၀၊ (အငယ်) ကျပ် ၂၆၀၀ ဖြစ်သည်။

ယခင်လ ကြက်သွန်ဖြူစျေးနှုန်းမှာ တစ်ပိဿာလျှင် ကြူကုတ် ကျပ် ၁၀၅၀၀၊ ထူလေး ကျပ် ၁၇၀၀၀၊ ထူငါး ကျပ် ၁၇၅၀၀၊ ချင်း(ဥမ) တစ်ပိဿာလျှင် ကျပ် ၃၅၀၀၊ ချင်းပြတ် (ခြောက်) တစ်ပိဿာကျပ် ၅၅၀၀ ဖြစ်ကြောင်းသိရသည်။ ကြက်သွန်နီစျေးနှုန်းမှာ ယခင်လနှင့်နှိုင်းယှဉ်ပါက တစ်ပိဿာလျှင် ကျပ် ၃၀၀ နှင့် ၄၀၀ ခန့်အတွင်း၊ ကြက်သွန်ဖြူစျေးနှုန်းမှာ ကျပ် ၈၀၀ မှ ၁၀၀၀ခန့် အတွင်း စျေးနှုန်းကျဆင်းကြောင်းသိရသည်။

ကြက်သွန်နီ၊ ကြက်သွန်ဖြူ အသစ်များ ပေါ်ချိန်ရာသီဖြစ်၍ လည်းကောင်း၊ မော်လမြိုင်သို့ ဝင်ရောက်မှုများပြားမှုတို့ကြောင့် လည်းကောင်း ကြက်သွန်နီ/ဖြူ စျေးနှုန်း ကျဆင်းခြင်းဖြစ်ကြောင်း သိရသည်။ **ခင်ကြည်(မွန်)**

# ဆိပ်ဖြူ ကြက်သွန်နီ စျေးကွက်

ဖေဖော်ဝါရီလ စတုတ္ထပတ်တွင် မိုးကြက်သွန်နီများ ဆိပ်ဖြူ ကုန်စည်ဒိုင် စျေးကွက်သို့ နေ့စဉ် ပိဿာသုံးသောင်းခန့်နှင့် တစ်ပတ်အတွင်း ကုန်ချိန်ပိဿာ သုံးသိန်းခန့် ဝင်ရောက်လျက်ရှိကြောင်း စျေးကွက်မှသိရှိရသည်။

ကြက်သွန်နီစျေးကွက်အနေဖြင့် ဖေဖော်ဝါရီလ စတုတ္ထပတ်တွင် တရိပ်ရိပ် စျေးမြင့်၍ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ မိုးကြက်သွန်နီ(ဂွန်)တစ်ပိဿာလျှင် ထိပ်စ အမြင့်စျေး ကျပ် ၂၆၀၀၊ အလတ်စ ကျပ် ၂၄၅၀၊ အနိမ့်စကျပ် ၁၉၀၀ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်ဖေဖော်ဝါရီ တတိယပတ်တွင် ကြက်သွန်နီ တစ်ပိဿာလျှင် ထိပ်စအမြင့်စျေးမှာ ၂၂၂၅ ကျပ်၊ အလတ်စ ကျပ် ၂၀၅၀၊ အနိမ့်စ ကျပ် ၁၆၀၀ စျေးနှုန်းအသီးသီးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

ယခင် ဖေဖော်ဝါရီလ တတိယပတ်နှင့် စျေးနှုန်းနှိုင်းယှဉ်ရမည်ဆိုလျှင် ယခု ဖေဖော်ဝါရီ စတုတ္ထပတ်တွင် ကြက်သွန်နီ တစ်ပိဿာလျှင် အမြင့်စျေးထိပ်စ ကျပ် ၃၇၅၊ အလတ်စ ကျပ် ၄၀၀၊ အသေးစ ကျပ် ၃၀၀ စျေးမြင့်၍ အရောင်းအဝယ်ဖြစ်ခဲ့သည်။ စျေးနှုန်းမြင့်တက်ရခြင်းမှာ ပြည်ပဝယ်လိုအား စျေးကွက်များခြင်းနှင့် ကြက်သွန်နီ ကုန်လက်ကျန် နည်းခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရသည်။

ဆိပ်ဖြူမြို့မှထွက်ရှိသော ကြက်သွန်နီများကို ရန်ကုန် ဘုရင့်နောင် ကုန်စည်ဒိုင်နှင့် ပြည်၊ ပုသိမ်မြို့နှင့် မြဝတီမြို့မှတစ်ဆင့် ထိုင်း၊ ဗီယက်နမ်နိုင်ငံများသို့ ကြက်သွန်နီကုန်ချိန်ပိဿာ သုံးသိန်းခန့်၊ တန်ချိန်အားဖြင့် တန်၄၉၀ ခန့် ကုန်စည်စီးဆင်းခဲ့ကြောင်း ကုန်စည်ဒိုင်စျေးကွက်မှ သိရှိရသည်။ **မြင့်မြင့်သန်း(ပခုက္ကူ)**

# ဂျပန်နိုင်ငံ၏ စားသောက်ကုန်ဈေးကွက်ကို အောင်မြင်စွာ ထိုးဖောက်နိုင်ရန် လိုအပ်ချက်များ

**မြန်မာသူဇာ**

ဂျပန်နိုင်ငံသည် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) အားဖြင့် ကမ္ဘာပေါ်တွင် စတုတ္ထမြောက် စီးပွားရေးအင်အားအကြီးဆုံး နိုင်ငံဖြစ်ပြီး ကမ္ဘာ့ပဉ္စမမြောက် ပို့ကုန်အများဆုံးတင်ပို့သူနှင့် ကမ္ဘာ့စတုတ္ထမြောက် သွင်းကုန်အများဆုံး တင်သွင်းသူလည်းဖြစ်သည်။ ဂျပန်နိုင်ငံသည် ကမ္ဘာ့ ၁၁ နိုင်ငံမြောက် လူဦးရေအထူထပ်ဆုံး နိုင်ငံဖြစ်ပြီး လူဦးရေ ၁၂၆ ဒသမ ၁၅ သန်းရှိသည်။ ဂျပန်နိုင်ငံတွင် စိုက်ပျိုးနိုင်သော မြေဧရိယာမှာ စုစုပေါင်း မြေဧရိယာ၏ ၁၁ ဒသမ ၅ ရာခိုင်နှုန်းသာရှိသည့်အတွက် နိုင်ငံ့လူဦးရေအတွက် လုံလောက်စွာ စိုက်ပျိုးထုတ်လုပ်နိုင်မှုမရှိဘဲ အခြားသောနိုင်ငံများမှ တင်သွင်းရလျက်ရှိသည်။

လက်ရှိ ဂျပန်နိုင်ငံအနေနှင့် စားနပ်ရိက္ခာလိုအပ်ချက်၏ ၆၀ ရာခိုင်နှုန်းကျော်ကို ပြည်ပမှတင်သွင်းနေရပြီး ပြည်တွင်း စားနပ်ရိက္ခာဖူလုံမှုနှုန်းမှာ ၃၈ ရာခိုင်နှုန်းသာရှိသည့်အတွက် စားနပ်ရိက္ခာဖူလုံစေရန် စိန်ခေါ်မှုများ ကြုံတွေ့လျက်ရှိသည်။ ၂၀၂၁ ခုနှစ်တွင် ဂျပန်နိုင်ငံ၏ ဆန်ဖူလုံမှုအချိုးမှာ ၉၈ ရာခိုင်နှုန်း၊ ဂျုံဖူလုံမှုအချိုးမှာ ၁၇ ရာခိုင်နှုန်း၊ ပဲအမျိုးမျိုး ဖူလုံမှုအချိုးမှာ ၈ ရာခိုင်နှုန်း၊ ဟင်းသီးဟင်းရွက်ဖူလုံမှုအချိုးမှာ ၇၉ ရာခိုင်နှုန်းနှင့် သစ်သီးဖူလုံမှုအချိုးမှာ ၃၉ ရာခိုင်နှုန်းရှိခဲ့သည်။

ဂျပန်နိုင်ငံ၏ ပြည်တွင်းစားနပ်ရိက္ခာ ဖူလုံမှုနှုန်းသည် စက်မှုထွန်းကားသည့် နိုင်ငံများတွင် အနိမ့်ဆုံးနှုန်းလည်းဖြစ်သည်။ ဂျပန်နိုင်ငံအနေဖြင့် နိုင်ငံအတွင်း စားနပ်ရိက္ခာဖူလုံစေရေးအတွက် ပြည်ပမှ စားသောက်ကုန်များ တင်သွင်းနိုင်မှုအပေါ် အလွန်အမင်း မှုတည်အားထားနေရသည်။ စားနပ်ရိက္ခာဖူလုံရေးကို အမျိုးသားလုံခြုံရေးအတွက် အရေးပါသည့် လုပ်ငန်းစဉ်တစ်ရပ်အဖြစ် မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ဂျပန်နိုင်ငံ၏ စားသောက်ကုန်နှင့် အဖျော်ယမကာ ဈေးကွက်သည် ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄၃၅ ဘီလီယံရှိခဲ့ပြီး ကမ္ဘာ့အဆင့်(၃)နေရာတွင်ရှိခဲ့သည်။ ထုပ်ပိုးပြီး အသင့်စား စားသောက်ကုန်ဈေးကွက် တန်ဖိုးမှာ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၁၆ ဘီလီယံနီးပါးရှိခဲ့သည်။ စားသောက်ကုန် တင်သွင်းမှုအနေဖြင့် ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၈၆ ဘီလီယံရှိခဲ့ပြီး လယ်ယာထုတ်ကုန်များကို အမေရိကန်၊ တရုတ်၊ ဩစတြေးလျ၊ ကနေဒါ၊ ထိုင်းနှင့် ဘရာဇီးနိုင်ငံတို့မှ အဓိကတင် သွင်းလျက်ရှိသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံမှ ဂျပန်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁၂၁၉ဒသမ၂၇၄ သန်းတန်ဖိုးရှိ ကုန်စည်များ တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၃၁ဒသမ၉၈၅ သန်းမှာ လယ်ယာထွက် ကုန်ပစ္စည်းများဖြစ်သည်။ ထို့ကြောင့် လယ်ယာထွက်ကုန်ပစ္စည်း တင်ပို့မှုမှာ မြန်မာနိုင်ငံမှ ဂျပန်နိုင်ငံသို့ စုစုပေါင်း တင်ပို့မှု၏ ၂ဒသမ၆၂ ရာခိုင်နှုန်းရှိခဲ့သည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာလအထိ မြန်မာနိုင်ငံမှ ဂျပန်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၈၆၃ ဒသမ ၀၀၆ သန်းတန်ဖိုးရှိကုန်စည်များတင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၂ဒသမ၃၄၃ သန်းမှာ လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်သည်။ ထို့ကြောင့် လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှုမှာ မြန်မာနိုင်ငံမှ ဂျပန်နိုင်ငံသို့ စုစုပေါင်းတင်ပို့မှု၏ ၂ ဒသမ ၅၉ ရာခိုင်နှုန်းရှိခဲ့သည်။

ဂျပန်နိုင်ငံအနေဖြင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီ မှ ဒီဇင်ဘာအထိ စားသောက်ကုန်များကို အာရှ ၃၃ ဒသမ ၃ ရာခိုင်နှုန်း၊ အာဆီယံ ၁၄ ဒသမ ၈၇ ရာခိုင်နှုန်း၊ အီးယူ ၁၄ဒသမ၂ ရာခိုင်နှုန်း၊ တရုတ် ၁၂ ဒသမ ၃၃ ရာခိုင်နှုန်းနှင့် အမေရိကန် ၅ ဒသမ ၆ ရာခိုင်နှုန်းတို့မှ အများဆုံးတင်သွင်းခဲ့သည်။ အဓိက တင်သွင်းခဲ့သည့် စားသောက်ကုန်များမှာ ပြောင်း၊ ဝက်သား၊ အမဲသား၊ ဂျုံ၊ ဟင်းသီးဟင်းရွက်၊ အသီးအနှံ၊ ပဲပိစပ်နှင့် အေးခဲအသီးအနှံများ ဖြစ်သည်။ တင်သွင်းသည့် ကုန်စည်များကို အဓိကအားဖြင့် ဈေးဝယ်စင်တာများ၊ Convenience Stores များတွင် ရောင်းချလျက်ရှိပြီး တင်သွင်းကုန်စည်များ၏ လက်လီဈေးနှုန်းမှာ ဂျပန်ပြည်တွင်းထုတ် ကုန်စည်နှင့်နှိုင်းယှဉ်ပါက ဈေးနှုန်းမှာ နှစ်ဆကျော် များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ ဂျပန်နိုင်ငံတွင် လက်ရှိကုန်စည်ဖြန့်ဖြူးမှုပုံစံမှာ တင်သွင်းသူအနေဖြင့် လက်ကားဆိုင်များနှင့် အများဆုံး ချိတ်ဆက်၍သာ ဖြန့်ဖြူးလျက်ရှိပြီး လက်ကားရောင်းချသူများမှ တစ်ဆင့်သာ လက်လီဖြန့်ဖြူးရောင်းချလျက်ရှိသည်။

နိုင်ငံတကာမှ စားသောက်ကုန် ကုမ္ပဏီများအနေဖြင့် ဂျပန်နိုင်ငံတွင် ကိုယ်ပိုင်ရုံးခွဲ ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ ကိုယ်စားလှယ်ခန့်ထား ဆောင်ရွက်ခြင်းတို့ဖြင့်လည်း လက်လီလုပ်ငန်းများသို့ တိုက်ရိုက်ဖြန့်ဖြူးရောင်းချနိုင်သည်။ ဈေးကွက်လေ့လာဆန်းစစ်ချက်အရ လက်လီလုပ်ငန်းများသို့ တိုက်ရိုက်ရောင်းချနိုင်ခြင်းဖြင့် ဝယ်လိုအားပိုမိုများပြားပြီး ကုန်စည်တင်ပို့နိုင်မှု မြင့်မားနိုင်သည်ကို တွေ့ရှိရသည်။ လက်လီလုပ်ငန်းများသို့ တိုက်ရိုက်ချိတ်ဆက် ရောင်းချနိုင်ခြင်းဖြင့် ကုန်စည်ဈေးနှုန်းကို ၂၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအထိ သက်သာစေသည်ကို တွေ့ရှိရသည်။ သို့သော် လက်လီလုပ်ငန်းများကိုသာ တိုက်ရိုက်တင်ပို့ရောင်းချမည်ဆိုပါက ဈေးကွက်ဖြန့်ကျက်နိုင်မှုမှာ Trading Company မှတစ်ဆင့် ဖြန့်ဖြူးခြင်းလောက် ကျယ်ပြန့်နိုင်မည် မဟုတ်သည့်အတွက် အဓိက လက်လီ ဝယ်လက်တစ်ဦး (သို့မဟုတ်) နှစ်ဦးနှင့် တိုက်ရိုက်ချိတ်ဆက်ပြီး Major Trading Company တစ်ခု (သို့မဟုတ်) Importer တစ်ဦးနှင့် ချိတ်ဆက်ခြင်းဖြင့် Hybrid Model ကို အသုံးပြု ဆောင်ရွက်သင့်သည်။

> ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံမှ ဂျပန်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁၂၁၉ ဒသမ၂၇၄ သန်းတန်ဖိုးရှိ ကုန်စည်များ တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၉၈၅ သန်းမှာ လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်သည်။

ဂျပန်နိုင်ငံတွင် စားသောက်ကုန် အဓိကတင်သွင်းလျက်ရှိသည့် ကုမ္ပဏီများမှာ Itochu Corporation ၊ Mitsubishi Shokuhin ၊ Mitsui Shokuhin၊ Wismettac Suzusho၊ Tomoe ၊ Yutaka Sangyo၊ Kataoka Bussan ၊ Nichifutsu Boeki နှင့် NIS တို့ ဖြစ်ပြီး စားသောက်ကုန် လက်ကားဖြန့်ဖြူးလျက်ရှိသည့် လုပ်ငန်းများမှာ Mitsubishi Shokuhin ၊ Nippon Access ၊ Kokubu Group ၊ Kato Sangyo၊ Mitsui Foods နှင့် Tomoshia Holdings တို့ဖြစ်ကြသည်။

လက်ရှိတွင် ဂျပန်စားသောက်ကုန်ကဏ္ဍတွင် လူကြိုက်များလျက်ရှိသည့် ကုန်စည်များမှာ ကျန်းမာရေးအထောက်အကူပြု စားသောက်ကုန်များ၊ အာရှဒေသထွက် အစားအစာများဖြစ်ပြီး အဆင်ပြေ လွယ်ကူစွာ ဝယ်ယူ၊ သယ်ဆောင်နိုင်သည့် Small Pack Sizes များကို ပိုမိုကြိုက်နှစ်သက်ကြသည်။

ဂျပန်နိုင်ငံသို့ စားသောက်ကုန်တင်ပို့သူများအနေဖြင့် အဓိကကြုံတွေ့နေရသည့် စိန်ခေါ်မှုများမှာ ဈေးကွက်ဝယ်လိုအားနှင့် ဈေးကွက်အလားအလာ၊ ယှဉ်ပြိုင်နိုင်စွမ်း၊ ကုန်အမှတ်တံဆိပ် မှတ်ပုံတင်ခြင်း၊ ကုန်စည်အရည်အသွေး၊ ဂျပန်နိုင်ငံ၏ စားသောက်ကုန်ဆိုင်ရာ စံနှုန်းများ၊ ငွေလဲလှယ်နှုန်း၊ ထောက်ပံ့ပို့ဆောင်ရေး ကွင်းဆက်နှင့် ဂျပန်လူမျိုးများ၏ ရှေးရိုးဆန်ပြီး ပြောင်းလဲမှုကို မလိုလားသော အစွဲအလမ်းကြီးသည့် ပုံစံတို့ဖြစ်သည်။

ဂျပန်ဈေးကွက်သို့ အောင်မြင်စွာ တင်ပို့ရောင်းချလိုပါက တစ်မူထူးခြားသော ကုန်စည်ဖြစ်ရန် လိုအပ်ပြီး အရသာ၊ ထုပ်ပိုးမှုနှင့် ဒီဇိုင်းတို့မှာလည်း ဂျပန်လူမျိုးများ ကြိုက်နှစ်သက်သည့် ပုံစံဖြစ်ရန် လိုအပ်မည်ဖြစ်သည်။ ဂျပန်နိုင်ငံရှိ Top Trading Company၊ Top Importer နှင့် Top Retailer များကို ရွေးချယ်၍ တင်ပို့ခြင်း၊ ကုန်စည်ကို အရောင်းမြှင့်တင်မှုများ ဆောင်ရွက်ခြင်းတို့ဖြင့် ဈေးကွက်ထိုးဖောက်နိုင်မည်ဖြစ်သည်။

ဂျပန်ဈေးကွက်သို့ အောင်မြင်စွာ ထိုးဖောက်နိုင်ရေးအတွက် စူးစိုက်ဆောင်ရွက်မှုနှင့် ရေရှည်တစိုက်မတ်မတ် ဆောင်ရွက်ရန် လိုအပ်သည်။ ဂျပန်လူမှုအသိုက်အဝန်းအနေဖြင့် ကျွမ်းကျင်မှုနှင့် အရည်အသွေးကို တန်ဖိုးထားကြပြီး ထိုသို့ကျွမ်းကျင်မှုနှင့် အရည်အသွေးအတွက်လည်း သတ်မှတ်တန်ဖိုးကို လိုလားစွာ ဝယ်ယူသုံးစွဲကြသည်ကို တွေ့ရှိရသည်။ ဂျပန်နိုင်ငံတွင် ဈေးကွက်ထိုးဖောက်ရန်အတွက် သုံးစွဲသူအုပ်စု (Specific Consumer) ကို သတ်မှတ်၍ ရောင်းချခြင်း (သို့မဟုတ်) ကုန်စည် အမျိုးအစား သီးသန့်သတ်မှတ်၍ (Specific Product) ရောင်းချခြင်းဖြင့် လုပ်ငန်းများ ရေရှည်အောင်မြင်နိုင်မည်ဖြစ်သည်။

ဂျပန်နိုင်ငံသည် အရည်အသွေးအပြင် ယုံကြည်မှုနှင့်ဝန်ဆောင်မှုကိုလည်း အထူးအလေးထားသော နိုင်ငံဖြစ်သည့်အားလျော်စွာ ဂျပန်ဈေးကွက်သို့ ကာလကြာရှည် အောင်မြင်စွာ ထိုးဖောက်ဝင်ရောက်လိုသူများအနေဖြင့် ဈေးကွက်အခြေအနေကို ကောင်းစွာနားလည်သိရှိရန် နှင့်ဝယ်ယူသူများ၏ အလေ့အထနှင့် ဓလေ့စရိုက်များကို နားလည်သိရှိစေရန်အတွက် On Ground Team ဖွဲ့စည်းထားရှိမည်ဆိုပါက ဈေးကွက်ကို ပိုမိုထိုးဖောက် ဝင်ရောက်နိုင်မည်ဖြစ်သည်။ လုပ်ငန်းများအနေဖြင့် On Ground Team မထားရှိနိုင်ပါက On Ground Team ရှိပြီးသား လုပ်ငန်းများနှင့် ချိတ်ဆက်၍ ကုန်စည်များ ထိုးဖောက်နိုင်ရေး ဆောင်ရွက်ခြင်းဖြင့် ဈေးကွက်ကို လျင်မြန်စွာ ထိုးဖောက်နိုင်မည်ဖြစ်သည်။

ဂျပန်ဈေးကွက်သည် ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားသလို ဆုံးရှုံးနိုင်ခြေလည်း မြင့်မားသည့်အတွက် အောင်မြင်စွာ ထိုးဖောက်နိုင်ရန် ကာလရှည်ကြာ ဆောင်ရွက်ရန် လိုအပ်သည့်အပြင် စိတ်ရှည်မှု၊ ဇွဲရှိမှုတို့ လိုအပ်ကြောင်း လေ့လာရေးသားလိုက်ပါသည်။

## မကွေးခရိုင်အတွင်း ဖြစ်ပေါ်နေသော ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးဈေးနှုန်း အခြေအနေ

မကွေးတိုင်းဒေသကြီး မကွေးခရိုင်တွင် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားပြီး မြေပဲ၊ နှမ်း၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ကြက်သွန်နီသီးနှံတို့အား အများအပြားစိုက်ပျိုးကြပြီး သီးနှံများ စိုက်ပျိုးရာတွင် အထွက်နှုန်း ကောင်းမွန်စေရေးအတွက် စိုက်ပျိုးရေးသုံး ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများအား စိုက်ပျိုးသူတောင်သူများမှာ ဝယ်ယူသုံးစွဲလျက်ရှိသည်။

မကွေးခရိုင်အတွင်းရှိ စိုက်ပျိုးသူတောင်သူများ ဝယ်ယူအသုံးပြုလျက်ရှိသော စိုက်ပျိုးရေးသုံး ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးဈေးနှုန်းများမှာ ဖေဖော်ဝါရီလ စတုတ္ထပတ်တွင် ဖြစ်ပေါ်ခဲ့သော စိုက်ပျိုးရေးသုံး ဓာတ်မြေဩဇာဈေးနှုန်းများမှာ အာမို(15;15;15)(50kg) တစ်အိတ်လျှင် ကျပ် ၁၅၃၀၀၀၊ အာမို(10;10;5)(50kg)တစ်အိတ်လျှင် ကျပ်၆၉၀၀၀၊ တက်တိုး(15;7;8)(50kg) တစ်အိတ်လျှင် ကျပ်၇၄၀၀၀၊ ရွှေပုလဲ(မြင်းကျား)(50kg)တစ်အိတ်လျှင် ကျပ်၅၀၀၀၀၊ ရွှေကောမတ် (50kg) တစ်အိတ်လျှင် ကျပ်၁၄၀၀၀၀၊ ကွန်ပေါင်း(15;15;15)(50kg)တစ်အိတ်လျှင် ကျပ်၁၁၆၀၀၀၊ ယူရီးယား(အလုံးသေး) (50kg) တစ်အိတ်လျှင် ကျပ် ၇၉၀၀၀နှင့် ကွန်ပေါင်းသီးစုံ (40kg)တစ်အိတ်လျှင် ကျပ် ၇၁၀၀၀ ဖြစ်သည်။

စိုက်ပျိုးရေးသုံး ပိုးသတ်ဆေးဈေးနှုန်းများမှာ ပရိုမက်တင်(500cc)တစ်ဘူးလျှင် ကျပ် ၂၁၀၀၀၊ ဆလက်ပက်(စ်)(500cc)တစ်ဘူးလျှင် ကျပ် ၂၅၀၀၀၊ အီရာပရိုသရင်(500cc)တစ်ဘူးလျှင် ကျပ် ၂၄၀၀၀၊ ဖို(စ်)တင်း(500cc)တစ်ဘူးလျှင် ကျပ်၁၇၀၀၀၊ အဆီဖိတ်(250g)တစ်ထုပ်လျှင် ကျပ်၉၀၀၀၊ ဖိုင်ကလုံး(250cc)တစ်ဘူးလျှင် ကျပ်၉၀၀၀၊ မက်ဆိုက်ပါ(250cc)တစ်ဘူးလျှင် ကျပ် ၈၀၀၀၊ အာမို (အထူးအားဆေး) (500g)တစ်ဘူးလျှင် ကျပ် ၉၀၀၀ တို့ဖြင့် အသီးသီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်း**

# မကွေးတိုင်းဒေသကြီး ထွက်ကုန်

**ပဲတီစိမ်း၊ မတ်ပဲ၊ မြေပဲ၊ ပဲကြီး**

ဖေဖော်ဝါရီလ စတုတ္ထပတ်တွင် ပဲတီစိမ်းသီးနှံမှာ ၃၀ ပိဿာဝင် တစ်အိတ်လျှင် ကျပ် ၉၇၅၀၀-၁၀၅၀၀၀ ဖြင့် ဖေဖော်ဝါရီလ တတိယပတ်ထက် ကျပ် ၆၀၀၀ အကျဈေးဖြင့် ပစ္စည်းလက်ကျန် မရှိသလောက် နည်းသွားပြီး အရောင်းအဝယ် အေးလျက်ရှိကြောင်း၊ ဆောင်းမတ်ပဲသီးနှံမှာ ၃၀ ပိဿာဝင် တစ်အိတ်လျှင် ကျပ် ၁၄၆၂၅၀ ဖြင့် ယခင်တစ်ပတ်ထက် ကျပ် ၃၇၅၀ အကျဈေးဖြင့် တစ်နေ့လျှင် အိတ်ရေ ၃၀ မှ ၅၀ ခန့်ဝင်ရောက်လျက်ရှိကြောင်း၊ ဆောင်းမြေပဲသီးနှံမှာ တစ်ပိဿာလျှင် အရည်အသွေးပေါ်မူတည်၍ ကျပ် ၆၁၀၀-၆၂၀၀ ဈေးဖြင့် ယခင်တစ်ပတ်ထက် ကျပ် ၁၀၀-၂၀၀ အကျဈေးဖြင့် ပိဿာ ၃၀ ဝင်အိတ်ဖြင့် ခုနစ်အိတ်မှ ၁၀ အိတ်ခန့် ဝင်ရောက်လျက်ရှိကြောင်း၊ ပဲကြီးသီးနှံမှာ ပိဿာ ၃၀ ဝင် တစ်အိတ်လျှင် ကျပ် ၁၆၂၀၀၀ ဈေးဖြင့် ယခင်တစ်ပတ်ထက် ကျပ် ၁၈၀၀၀ အကျဈေးဖြင့် နေ့စဉ်အိတ်ရေ ၃၀ ဝန်းကျင်ခန့် ဝင်ရောက်လျက်ရှိပြီး ပဲခူးတိုင်းဒေသကြီး ပြည်မြို့သို့ နေ့စဉ် တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**စပျစ်သီး**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အထက်မင်းလှမြို့နယ်တွင်စပျစ်သီးကို စီးပွားဖြစ်စိုက်ပျိုးကြသည်။ မင်းလှမြို့နယ်အတွင်း စပျစ်ခြံ ရှစ်ခြံရှိပြီး အပင် ၁၇၀ ခန့်စိုက်ပျိုးထားပြီး မျိုးအနေဖြင့် အဝိုင်းမျိုးနှင့် အချွန်မျိုး နှစ်မျိုးကိုသာ စိုက်ပျိုးထားကြောင်း၊ စပျစ်ပင်စတင်စိုက်ပျိုးချိန်မှစ၍ တစ်ဧက ကုန်ကျစရိတ်အနေဖြင့် ကျပ် ၂၀၀၀၀၀၀ ကျော်ကြောင်း၊ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလတွင် စပျစ်ပင်များကို ကိုင်းဖြတ်စနစ်ဖြင့် စင်တင်စိုက်ပျိုးထားပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်တွင် စတင်ထွက်ရှိကြောင်း ဈေးနှုန်းမှာ တစ်ပိဿာလျှင် လက်လီဈေး ကျပ် ၁၅၀၀၀၊ လက်ကားဈေး ကျပ် ၁၂၀၀၀ ရှိပြီး ဖေဖော်ဝါရီလ စတုတ္ထပတ်တွင် လက်လီဈေး ကျပ် ၁၅၀၀၀၊ လက်ကားဈေး ကျပ် ၁၂၀၀၀ ဖြင့် ရောင်းချကြောင်း၊ ဈေးကွက်အနေဖြင့် ဘက်စုံလမ်းစုံရှိ သစ်သီးဝလံ အရောင်းအဝယ်ဆိုင်များနှင့် အထက်မင်းလှမြို့ ဇေယျာသီရိဈေးသို့ တင်သွင်းရောင်းချကြောင်း သိရသည်။

**မမြို့ပန်း**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ရွာသာကုန်း၊ ပေါက်စု၊ ချွန်းစုကျေးရွာများမှ တောင်သူများသည် မြေအောက်ရေကိုအသုံးပြု၍ မမြို့ပန်းများ စိုက်ပျိုးရောင်းချလျက်ရှိရာ ယခုနှစ်တွင် အပင်များအောင်မြင်ဖြစ်ထွန်းပြီး နုတ်ယူရောင်းချချိန်တွင် ဈေးကောင်းရရှိ၍ အဆင်ပြေလျက်ရှိကြောင်း သိရှိရသည်။

မမြို့ပန်းအမျိုးမျိုးရှိရာ အက်စတာ၊ ကြက်လည်ဆံ၊ ရိုးစိမ်းကျောက်နီ၊ ခိုပြာမျိုးများကို ပိုမိုအားထားစိုက်ပျိုးကြသည်။ ဈေးကွက်အနေဖြင့် စလင်း၊ ဆင်ဖြူကျွန်း၊ မင်းဘူး၊ စကု၊ ချောက်၊ မကွေးမြို့များသို့ တင်ပို့ရောင်းချကြောင်း၊ ဘုရားပန်းလှူခြင်း၊ အလှူ၊ မင်္ဂလာဆောင်၊ ဧည့်ခံပွဲများတွင် အသုံးများလေ့ရှိကြပြီး ဖေဖော်ဝါရီလ စတုတ္ထပတ်တွင် မမြို့ပန်းတစ်ပင်လျှင် ကျပ် ၁၀၀ ခန့်ထိရရှိကာ ဝယ်လိုအားပေါ်မူတည်၍ အပင်ရေများများ ခူးဆွတ်ရောင်းချရသဖြင့် မမြို့ပန်းစိုက်ပျိုးသူ တောင်သူများအနေဖြင့် ပုံမှန်ဝင်ငွေရရှိပြီး အဆင်ပြေလျက်ရှိကြောင်း ရွာသာကုန်းကျေးရွာရှိ မမြို့ပန်းစိုက်သူတစ်ဦးထံမှ သိရသည်။

**သင်းသင်းစိုး၊ နှင်းလွင်ဦး၊ နွဲ့ယဉ်ဝင်း**

# မိသားစုဝင်ငွေမှသည် စီးပွားဖြစ်ရက်လုပ်သော မြက်ဖျာ



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကြောင်ပန်းကုန်းကျေးရွာအုပ်စု ထနောင်းကုန်းကျေးရွာရှိ မြက်ဖျာလုပ်ငန်းအား လေ့လာခဲ့သည်။

မြက်ဖျာရက်လုပ်ခြင်း လုပ်ငန်းတွင် အဓိကကုန်ကြမ်းမှာ ဒေသအခေါ် မြက်စလုံးမြက်ကို အသုံးပြုကြောင်း၊ မြက်စလုံးမြက်မှာ အင်းနှင့်မြစ်ချောင်းကမ်းဘေးများတွင် အများဆုံးပေါက်ရောက်သော အပင်ဖြစ်သည်။ မြက်စလုံးပင်ကို ဝယ်စရာမလို အလေ့ကျပေါက်သောကြောင့် အရင်းအနှီးမလိုဘဲ ရက်လုပ် ရောင်းချရသဖြင့် အကျိုးအမြတ်ပိုမိုရရှိကြသည်။

မြက်ဖျာ ရက်လုပ်ရန်အတွက် မြက်စလုံးပင်ကိုနုတ်ပြီး အပင်မှပါလာသော ပန်းပွင့်များကိုဖယ်၍ အခွံများကိုသင်ပြီး အခြောက်ခံထားရကြောင်း၊ အခြောက်ခံပြီးနှီးများကို ဆေးအနီ၊ အဝါ၊ အစိမ်းများထည့်၍ ရေနွေးဖြင့် ၁၅ မိနစ်ခန့်ပြုတ်ထားရကြောင်း၊ ပြုတ်ပြီးသားနှီးများကို လက်ကြိတ်စက်ဖြင့် ပြားအောင်ကြိတ်ရကြောင်း၊ ရရှိလာသော နှီးများကို ဖျာရက်လုပ်ရန်အတွက် လိုသလို ရက်လုပ်ကြကြောင်း၊ နှစ်ယောက်အိပ်ဖျာ တစ်ချပ်လျှင် နှီးပင် ၂၄၀ ပင် ရက်လုပ်ရကြောင်း၊ လေးယောက်အိပ်ဖျာ တစ်ချပ်လျှင် နှီးပင် ၄၈၀ ပင် ရက်လုပ်ရကြောင်း၊ မြက်ဖျာဈေးနှုန်းအနေဖြင့် နှစ်ယောက်အိပ်ဖျာ တစ်ချပ်လျှင် ကျပ် ၁၁၀၀၀-၁၂၀၀၀၊ လေးယောက်အိပ်ဖျာ တစ်ချပ်လျှင် ကျပ် ၁၅၀၀၀ အထိ ရောင်းချရကြောင်း သိရသည်။

လူတစ်ဦး တစ်နေ့ ရက်လုပ်မှုအနေဖြင့် နှစ်ယောက်အိပ်ဖျာ နှစ်ချပ်ပြီးစီးကြောင်း၊ လေးယောက်အိပ်ဖျာ ရက်လုပ်မှုတွင် တစ်ချပ်သာပြီးစီးကြောင်း၊ ထနောင်းကုန်းကျေးရွာတွင် အိမ်ခြေ ၁၀၀ခန့်ရှိပြီး မြက်ဖျာရက်လုပ်ခြင်းအား အိမ်ခြေ ၆၀ ခန့် ရက်လုပ်ကြကြောင်း၊ ရက်လုပ်ပြီးသား ဖျာများကို ငွေကြေးတတ်နိုင်သောသူများမှ ဝယ်ယူပြီး အခြားမြို့များသို့ သွားရောက်ရောင်းချကြကြောင်း၊ အချို့ ဖျာဝယ်ယူသူများမှလည်း နယ်လှည့်ရောင်းချလျက်ရှိကြောင်း၊ ဖောက်သည်ဈေးအနေဖြင့် မြက်ဖျာ တစ်ချပ်လျှင် ကျပ် ၁၀၀၀ ခွာ၍ ရောင်းချရကြောင်း၊ မြက်ဖျာရက်လုပ်သူများအနေဖြင့် အိမ်တွင် အိုးမကွာ အိမ်မကွာနေပြီး အရင်းအနှီးမလိုသောကြောင့် မိသားစု အပိုဝင်ငွေမှစီးပွားဖြစ် ရက်လုပ်ကြကြောင်း သိရသည်။

မြက်ဖျာ၏ အားသာချက်မှာ နွေအခါ၌အေး၍ ဆောင်းအခါ၌ နွေးသောကြောင့် ဝယ်ယူအသုံးပြုသင့်ကြောင်း၊ မြက်ဖျာတစ်ချပ် ဝယ်ယူပြီးပါက မိုးလုံလေလုံထဲတွင် ခင်းထားမည်ဆိုပါက ၇-၈ နှစ်အထိခံကြောင်း၊ မြက်ဖျာသည်ဈေးနှုန်းချိုသာပြီး ရာသီဥတုနှင့် လိုက်လျောညီထွေရှိသောကြောင့် ဝယ်ယူသုံးစွဲသင့်ကြောင်း မြက်ဖျာရက်လုပ်သော ကြောင်ပန်းကုန်းကျေးရွာသူ တစ်ဦး၏ ပြောပြချက်အရ သိရသည်။

**မော်မော်အောင်**

## ရန်ကုန်တိုင်းရွှေအသင်း ရွှေဈေးနှုန်း ကျပ် ၃၆ သိန်းကျော်ရှိ

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း (YGEA) မှ ထုတ်ပြန်လျက်ရှိသည့် ရွှေဈေးနှုန်းမှာ ကျပ် ၃၆ သိန်းကျော်ဖြစ်ကြောင်း အဆိုပါအသင်းမှ သိရသည်။ ဈေးကွက်အတွင်း ရွှေဈေးနှုန်း မြင့်တက်လာခြင်း မရှိစေရန်အတွက် အသင်းသား၊ အသင်းသူများအနေဖြင့် ရွှေဈေးကို ထိန်းထိန်းသိမ်းသိမ်းဖြင့် ရောင်းဝယ်ပေးကြရန်နှင့် လက်ငင်းဖြင့်သာ အရောင်းအဝယ်ပြုလုပ်ပြီး ပို၍ ရောင်းခြင်း၊ ဝယ်ခြင်းများ လုံးဝမပြုလုပ်ကြရန် YGEA က မေတ္တာရပ်ခံပန်ကြားလွှာ ထုတ်ပြန်ထားသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလ နောက်ဆုံးပတ်အတွင်း ဖြစ်ပေါ်ခဲ့သည့် YGEA ၏ ရွှေဈေးနှုန်းများမှာ ဖေဖော်ဝါရီ ၂၃ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သား ကျပ် ၃၆၃၉၆၀၀၊ ၂၄ ရက်တွင် ကျပ် ၃၆၆၃၀၀၀၊ ၂၆ ရက်တွင် ကျပ် ၃၆၆၁၂၀၀၊ ၂၇ ရက်တွင် ကျပ် ၃၆၆၃၀၀၀၊ ၂၈ ရက်တွင် ကျပ် ၃၆၅၅၈၀၀၊ ၂၉ ရက်တွင် ကျပ် ၃၆၆၅၅၀၀ ဖြစ်ကြောင်း သိရသည်။

အလားတူ အဆိုပါ ရက်သတ္တပတ်အတွင်း ဖြစ်ပေါ်ခဲ့သည့် ကမ္ဘာ့ရွှေဈေးနှုန်းများအနေဖြင့် ဖေဖော်ဝါရီ ၂၃ ရက်တွင် တစ်အောင်စ ၂၀၂၂ ဒေါ်လာ၊ ၂၄ ရက်တွင် ၂၀၃၅ ဒေါ်လာ၊ ၂၆ ရက်တွင် ၂၀၃၄ ဒေါ်လာ၊ ၂၇ ရက်တွင် ၂၀၃၅ ဒေါ်လာ၊ ၂၈ ရက်တွင် ၂၀၂၈ ဒေါ်လာ၊ ၂၉ ရက်တွင် ၂၀၃၇ ဒေါ်လာဖြစ်ကြောင်း သိရသည်။

YGEA အနေဖြင့် ယခင်က ရွှေရည်ညွှန်းဈေးကို ဗဟိုဘဏ်၏ အမေရိကန်ဒေါ်လာ ရည်ညွှန်းဈေး ကျပ် ၂၁၀၀ အပေါ်တွင် တွက်ချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ယခုနောက်ပိုင်း ဘဏ်များအကြား ဗဟိုဘဏ်၏ အွန်လိုင်းဈေးကွက်မှနေ၍ ရောင်းဝယ်ကြသည့် အမေရိကန်ဒေါ်လာနှုန်းထားဖြင့် တွက်ချက် ထုတ်ပြန်နေခြင်းဖြစ်သည်။

**ပန်းဆု**

## ပြည်တွင်း ငွေကြေးဈေးကွက် အရောင်းအဝယ် ပုံမှန်အတိုင်းသာရှိ

လက်ရှိ ပြည်တွင်း နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း အရောင်းအဝယ် ပုံမှန်အတိုင်းသာရှိကြောင်း နိုင်ငံခြားငွေကြေး ရောင်းဝယ်သူများထံက သိရသည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြားငွေကြေး ရောင်းဝယ်မှုများနှင့် ပတ်သက်၍ ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ ၅ ရက်တွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ပြီး အဆိုပါ ကြေညာချက်တွင် နိုင်ငံခြားငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်း (AD) လိုင်စင်ရဘဏ်များအနေဖြင့် နိုင်ငံခြားငွေကြေးဈေးကွက် (Online Trading) အတွင်း အရောင်းအဝယ်ပြုလုပ်ရာတွင် ငွေလဲလှယ်နှုန်းကို ဗဟိုဘဏ်မှ သတ်မှတ်ပေးမည်မဟုတ်ဘဲ ဈေးကွက်အတွင်း နိုင်ငံခြားငွေရောင်းချလိုသူနှင့် ဝယ်ယူလိုသူများက တင်သွင်းသည့် ငွေလဲလှယ်နှုန်းပေါ် မူတည်ကာ Market Rate အတိုင်း လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပြုကြောင်း ဖော်ပြထားသည်။

ထို့ပြင် ဈေးကွက်အတွင်း ဝယ်ယူရရှိခဲ့သည့် နိုင်ငံခြားငွေကို ပြည်ပသို့ လွှဲပြောင်းရာတွင်လည်း နိုင်ငံခြားသုံးငွေ ကြီးကြပ်မှုကော်မတီက သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ လွှဲပြောင်းပေးရမည်ဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ပါရှိသည်။

**ပန်းဆု**

## စတော့ရှယ်ယာ တန်ဖိုး ကျပ်သန်း ၃၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့

ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း စာရင်းဝင်ကုမ္ပဏီများ၏ စတော့ရှယ်ယာ အရောင်းအဝယ်ဖြစ်မှု တန်ဖိုး ကျပ်သန်း ၃၀၀ ကျော်ရှိခဲ့ကြောင်း ရန်ကုန်စတော့အိပ်ချိန်း (YSX) မှ သိရသည်။ အဆိုပါ ကာလအတွင်း အရောင်းအဝယ် ဖြစ်မြောက်သည့် ရှယ်ယာအစောင်ရေ စုစုပေါင်း ၉၆၉၇၈ စောင်ရှိပြီး တန်ဖိုးအားဖြင့် ကျပ် ၃၀၇ ဒသမ ၄၃ သန်း ရှိခဲ့ခြင်းဖြစ်သည်။ ကုမ္ပဏီတစ်ခုချင်းစီ၏ အစုရှယ်ယာ ရောင်းချနိုင်မှုအနေဖြင့် First Myanmar Investment (FMI) က အစုရှယ်ယာ ၁၃၃၃၆ စောင် ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၁၁၂ ဒသမ ၆၆ သန်း၊ Myanmar Thilawa SEZ Holidings Public (MTSH) က အစုရှယ်ယာ ၃၇၀၉၈ စောင် ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၁၀၆ ဒသမ ၉၁ သန်း ရရှိခဲ့ကြောင်း သိရသည်။

အလားတူ မြန်မာနိုင်ငံသားများဘဏ် (MCB) က အစုရှယ်ယာ ၁၄၄၈ စောင် ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၁၀ ဒသမ ၈၂ သန်း၊ ပထမပုဂ္ဂလိကဘဏ် (FPB) က အစုရှယ်ယာ ၇၀၀၅ စောင် ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၁၀ ဒသမ ၆၈ သန်း ရရှိခဲ့သည်။ ထို့အတူ TMH Telecom Public (TMH) က အစုရှယ်ယာ ၃၄၃ စောင် ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၀ ဒသမ ၈၅ သန်း၊ Ever Flow River Group Public (EFR) က အစုရှယ်ယာ ၁၁၃၁၆ စောင် ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၁၉ ဒသမ ၃၃ သန်း ရရှိခဲ့သည်။

**ပန်းဆု**

# စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာတစ်ဝန်း ဖြစ်ပေါ်နေသည့် ကိုဗစ်(၁၉) ကပ်ရောဂါနှင့် ကမ္ဘာ့နိုင်ငံရေး အခြေအနေများကြောင့် ကမ္ဘာ့ရွှေဈေးသည် အပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရသည်။ ကမ္ဘာ့ရွှေဈေးသည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၂၀၃၂ ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ ဖေဖော်ဝါရီ ၂၈ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၂၀၂၉ ဒေါ်လာဖြစ်ခဲ့သည်ကို တွေ့ရသည်။ ပြည်တွင်းရွှေဈေးသည်လည်း ဖေဖော်ဝါရီ ၂၂ ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၃၉၀၅၀၀၀ ပေါက်ဈေးရှိခဲ့ရာမှ ဖေဖော်ဝါရီ ၂၈ ရက်တွင် ကျပ် ၃၈၉၅၀၀၀ သို့ အတက်အကျဖြစ်ပေါ်ခဲ့ကြောင်းကို ရွှေဈေးကွက်အတွင်းမှ သိရသည်။

Trading Economics တွင် ဖော်ပြချက်အရ မြန်မာနိုင်ငံတွင် GDP သည် ၂၀၂၄ ခုနှစ် နှစ်ကုန်တွင် USD ၆၄ ဒသမ ၇၅ ဘီလီယံရှိလာရန် မျှော်မှန်းထားကြောင်း Trading Economics global macro model နှင့် ဆန်းစစ်လေ့လာသူများ၏ ခန့်မှန်းချက်အရ သိရသည်။ Econometric Model အရ မြန်မာနိုင်ငံ၏ GDP သည် ၂၀၂၅ ခုနှစ်တွင် USD ၆၆. ၀၅ ဘီလီယံနှင့် ၂၀၂၆ ခုနှစ်တွင် USD ၆၇ ဒသမ ၃၇ ဘီလီယံ ဝန်းကျင်ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

ဖေဖော်ဝါရီ ၂၂ ရက် မှ ဖေဖော်ဝါရီ ၂၈ ရက်အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို တစ်ဖက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်။

ပြည်တွင်းရှိ ပြင်ပဒေါ်လာငွေကြေးဈေးကွက်၌ ဝယ်လိုအား ပြောင်းလဲမှုပေါ်လိုက်၍ ဖေဖော်ဝါရီ ၂၂ ရက်မှ ဖေဖော်ဝါရီ ၂၈ ရက်အထိ ရက်သတ္တပတ်အတွင်း ၃၆၁၅-၃၆၂၀ ကျပ်ကြား ရှိနေကြောင်း သိရှိရသည်။

တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၂၂-၂-၂၀၂၄ | ၂၃-၂-၂၀၂၄ | ၂၆-၂-၂၀၂၄ | ၂၇-၂-၂၀၂၄ | ၂၈-၂-၂၀၂၄ | တစ်ပတ်အတွင်း ဒေါ်လာငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၀.၀၀ | - |
| ၂ | Thai Baht | THB | ၃၅.၇၈၅ | ၃၆.၁၀၀ | ၃၅.၈၇၅ | ၃၅.၇၉၀ | ၃၆.၀၅၀ | ၀.၇၄ | ↑ |
| ၃ | Singapore Dollar | SGD | ၁.၃၄၀ | ၁.၃၄၅ | ၁.၃၄၄ | ၁.၃၄၃ | ၁.၃၄၆ | ၀.၄၅ | ↑ |
| ၄ | Malaysian Ringgit | MYR | ၄.၇၇၃ | ၄.၇၇၈ | ၄.၇၇၇ | ၄.၇၇၀ | ၄.၇၆၈ | -၀.၁၀ | ↓ |
| ၅ | Indonesian Rupiah | IDR | ၁၅၅၉၀ | ၁၅၅၉၅ | ၁၅၆၃၀ | ၁၅၆၄၀ | ၁၅၆၈၅ | ၀.၆၀ | ↑ |
| ၆ | Chinese Yuan | CNY | ၇.၁၉၁ | ၇.၁၉၈ | ၇.၁၉၈ | ၇.၁၉၈ | ၇.၁၉၉ | ၀.၁၁ | ↑ |
| ၇ | Indian Rupee | INR | ၈၂.၉၁၉ | ၈၂.၉၁၅ | ၈၂.၈၇၆ | ၈၂.၈၈၆ | ၈၂.၉၁၉ | ၀.၀၀ | - |
| ၈ | Japanese Yen | JPY | ၁၅၀.၂၄၇ | ၁၅၀.၇၀၀ | ၁၅၀.၄၄၁ | ၁၅၀.၂၀၄ | ၁၅၀.၇၉၇ | ၀.၃၇ | ↑ |
| ၉ | Australian Dollar | AUD | ၁.၅၁၈ | ၁.၅၂၄ | ၁.၅၂၆ | ၁.၅၂၆ | ၁.၅၃၈ | ၁.၃၂ | ↑ |
| ၁၀ | Euro | EUR | ၀.၉၂၀ | ၀.၉၂၄ | ၀.၉၂၃ | ၀.၉၂၁ | ၀.၉၂၅ | ၀.၅၄ | ↑ |
| ၁၁ | Pound Sterling | GBP | ၀.၇၈၈ | ၀.၇၉၀ | ၀.၇၈၉ | ၀.၇၈၈ | ၀.၇၉၁ | ၀.၃၈ | ↑ |

Source- Central Bank of Myanmar

## ဆန် ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်တွင် Thai Rice Exporter Association Website တွင် ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၁၃ ဒေါ်လာဖြစ့်လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၆၈ ဒေါ်လာဖြစ့်လည်းကောင်း ဖြစ်ပေါ်ခဲ့သည်ကို သိရသည်။

ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ ရာခိုင်နှုန်း ဘီကရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၃၉ ဒေါ်လာဖြစ့် လည်းကောင်း၊ ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၂၅ ဒေါ်လာဖြစ့်လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၉၅ ဒေါ်လာဖြစ့် လည်းကောင်း၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၂၅ ဒေါ်လာဖြစ့်လည်းကောင်း အသီးသီး ဖြစ်ပေါ်ခဲ့သည်ကို လေ့လာသိရသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၆၀၄ ဖြစ့်လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၈၀ ဒေါ်လာဖြစ့်လည်းကောင်းရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ပေါင်းဆန် ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၅၅ ဒေါ်လာ အသီးသီးရှိခဲ့သည်။

ပြည်ပဆန်ဈေးကွက်အနေဖြင့် အိန္ဒိယ ပေါင်းဆန်ဈေးသည်ပြည်တွင်းဈေးကွက်ထဲသို့ အဝင်နည်းနေပြီး ပြည်ပမှ အဝယ်လိုက်သဖြင့် ဆန်ဈေးနှုန်းများ မြင့်မားနေကြောင်း သိရသည်။ အိန္ဒိယပေါင်းဆန်သည် ယခုတစ်ပတ်တွင် ဝယ်လိုအား ပိုကောင်းနေပြီး ဝယ်လက်များအနေဖြင့် ရွေးချယ်စရာ အများအပြားမရှိ၍ ဈေးနှုန်းအမြင့်ဖြင့် ဝယ်ယူနေကြကြောင်း သိရသည်။ ဗီယက်နမ်နိုင်ငံသည် ပြည်တွင်းဆန်ဈေးများ ထပ်မံကျဆင်းလာမည်ဟု လယ်သမားများက မျှော်လင့်လျက်ရှိကြောင်း ကုန်သည်အချို့၏ ပြောကြားချက်အရ သိရှိရသည်။ ၅ ရာခိုင်နှုန်း ဆန်ကွဲပါ ထိုင်းဆန်ဈေးနှုန်းသည် ယခုတစ်ပတ်တွင် ဈေးနှုန်းမြင့်တက်ခဲ့သော်လည်း ပြည်ပမှ အမှာစာ နည်းနေပြီး အရောင်းအဝယ် နည်းပါးနေကြောင်း၊ လာမည့်လတွင် ဆန်သစ်များ ဈေးကွက်ထဲသို့ တဖြည်းဖြည်း ဝင်ရောက်လာမည်ဖြစ်ကြောင်း သိရသည်။

ပြည်တွင်းဆန်ဈေးကွက်သတင်းအနေဖြင့် မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း) ဆန်ဈေးကွက်တွင် ပေါ်ဆန်းနယ်စုံ (ဖျာပုံ၊ မြောင်းမြ၊ ဒေးဒရဲ) တို့မှ ဆန်တစ်အိတ်လျှင် ကျပ် ၁၀၀၀၀၀ မှ ၁၁၀၀၀၀ ပေါက်ဈေးရှိပြီး ရွှေဘိုပေါ်ဆန်းမှာ ဆန်(ဟောင်း) တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀ မှ ၁၃၅၀၀၀ ပေါက်ဈေးရှိသည်။ ဆန်ကြမ်းဖြစ်သော ဧည့်မထ ၂၅ မှတ်ဆန် တစ်အိတ်လျှင် ကျပ် ၇၅၀၀၀ မှ ၇၇၀၀၀ ကြား ပေါက်ဈေးရှိပြီး ဧည့်မထ ရိုးရိုးဆန် တစ်အိတ်လျှင် ကျပ် ၈၂၀၀၀ မှ ၈၄၀၀၀ ကြားပေါက်ဈေးရှိကြောင်း သိရသည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ဖေဖော်ဝါရီ ၂၈ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ဧည့်မထဆန်တစ်အိတ်လျှင် ၂၈၅ ယွမ် ဝန်းကျင်ရှိပြီး ပြင်ပငွေလဲနှုန်း တစ်ယွမ်လျှင် ၄၉၉ ကျပ်နှုန်းရှိသောကြောင့် ဆန်တစ်အိတ်လျှင် ကျပ် ၁၃၅၀၀၀ကျော်ပေါက်ဈေးရှိခဲ့ပြီး မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ဖေဖော်ဝါရီ ၂၈ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ကျပ် ၁၀၀ နှုန်းပေါက်ဈေးရှိကြောင်း သိရသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက ဧည့်မထဆန် တစ်ပြည်လျှင် ဟားခါးမြို့တွင် ကျပ် ၆၈၀၀ ဖြင့် အမြင့်ဆုံးဈေးနှုန်း ဖြစ်ပေါ်ခဲ့ပြီး တောင်ကြီး၊ ပြည်နှင့် ပဲခူးမြို့တို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၃၃၀၀ ဖြင့် အနိမ့်ဆုံးဈေးနှုန်းများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရသည်။

# မော်လမြိုင် ဘီလပ်မြေ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် ရော်ဘာဈေးကွက်

**ဘီလပ်မြေ**

မော်လမြိုင်မြို့၌ ဖေဖော်ဝါရီလစတုတ္ထပတ်တွင် ဘီလပ်မြေဈေးကွက်မှာ အရောင်းအဝယ်ပုံမှန်ရှိနေပြီး ဈေးနှုန်းတည်ငြိမ်နေကြောင်း သိရှိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသော ဈေးမှာ ယခုတစ်ပတ်တွင် ကြံ့နစ်ကောင် (အနီ) ကျပ် ၁၂၄၀၀၊ ကြံ့တံဆိပ်(အဖြူ) ကျပ် ၁၀၀၀၀၊ ကြံ့တံဆိပ် (အပြာ) ကျပ် ၁၀၈၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေပြီး မော်လမြိုင်မြို့၌ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးဈေးနှုန်းမှာ အရောင်းအဝယ်ပုံမှန်ရှိနေကာ ဈေးနှုန်းတည်ငြိမ်နေကြောင်း သိရှိရသည်။

**ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး**

ဖေဖော်ဝါရီလ စတုတ္ထပတ်တွင် ကွန်ပေါင်း (မြန်မာ့ဩဘာ ရွှေကောမက်) 15;15;15 50kg ပါ တစ်အိတ် ကျပ် ၁၁၅၀၀၀၊ ကွန်ပေါင်း 20;12;12 50kg ပါတစ်အိတ် ကျပ် ၁၁၀၀၀၀၊ ကွန်ပေါင်း (Thai Grow How) 15;15;15 50kg ပါတစ်အိတ်လျှင် ကျပ် ၁၆၀၀၀၀၊ ပုလဲ (အသေး) ၄၆% မြန်မာ (MPE) 50kg ပါတစ်အိတ်လျှင် ကျပ် ၇၈၀၀၀၊ ပုလဲ (အကြီး) ၄၆% ထိုင်း (မြင်းပျံ) 50kg ပါ တစ်အိတ်လျှင် ကျပ် ၈၅၀၀၀၊ ပိုတက်(အာမို) 50kg ပါ တစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀၊ ပိုးသတ်ဆေး အမျိုးအစားဖြစ်သည့် မာလာမြင်ဆိုက်ပါ ၁၀% (သီးရွက်စုံ) 100cc ပါ တစ်ပုလင်းလျှင် ကျပ် ၃၁၀၀၊ မာလာမြင်ဆိုက်ပါ ၁၀% (သီးရွက်စုံ) 500cc ပါ တစ်ပုလင်းလျှင် ကျပ် ၁၃၈၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။

**ရော်ဘာ**

မွန်ပြည်နယ်အတွင်းရှိ ရော်ဘာအဝယ်ဒိုင်များအနေဖြင့် အပတ်စဉ် အရောင်းအဝယ် ပုံမှန်ရှိနေသည်။ ရော်ဘာဈေးနှုန်းမှာ အဖွင့်ရာသီတွင် RSS-3 တစ်ပေါင်လျှင် ကျပ်၁၈၀၀၊ RSS-5 တစ်ပေါင်လျှင် ကျပ် ၁၆၅၀ ရှိခဲ့ပြီး ဖေဖော်ဝါရီ ၂၆ ရက်မှ မတ်လ ၁ ရက်ထိ ရော်ဘာဈေးနှုန်းမှာ RSS-3 တစ်ပေါင်လျှင် ကျပ် ၁၈၀၀၊ RSS-5 တစ်ပေါင်လျှင် ကျပ် ၁၇၀၀ ပေါက်ဈေး ဖြစ်ပေါ်နေပြီး ယခင်တစ်ပတ် ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက တစ်ပေါင်လျှင် ကျပ် ၄၀ ခန့် ဈေးနှုန်းတက်လာခဲ့သည်။ ပြည်နယ်အတွင်း အရောင်းအဝယ်ဖြစ်သည့် ရော်ဘာထွက်ကုန် ပစ္စည်းအများစုမှာ TSR,Crump Rubber များအား ပြုပြင်ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့ခြင်းဆောင်ရွက်ပြီး RSS-3 အား ပြည်တွင်းရောင်းဝယ်မှုနှင့် ပြည်ပတင်ပို့မှု ပုံစံဖြင့်လည်းကောင်း၊ အထူပြားများ၊ ခွက်ကပ်၊ ဆွဲဖတ်များကို လုပ်သားစရိတ် လျှော့ချနိုင်ရေးအတွက် TSR စက်ရုံများသို့ ပေးပို့ရောင်းဝယ်မှုများရှိကြောင်း သိရှိရသည်။ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ သယ်ယူခ နှုန်းထားမှာ (50 Kg) ပါ တစ်ထုပ်လျှင် ကျပ် ၁၇၅၀၊ ရော်ဘာ တစ်တန်လျှင် ကျပ် ၃၅၀၀၀ ဖြင့်လည်းကောင်း၊ မော်လမြိုင်မြို့မှ မူဒုံလေးမြို့သို့ (50 Kg)ပါ တစ်ထုပ်လျှင် ကျပ် ၂၇၅၀၊ ရော်ဘာ တစ်တန်လျှင် ကျပ် ၅၅၀၀ ဖြင့် သယ်ယူပို့ဆောင်ပေးရကြောင်း ရော်ဘာကုန်သည်များထံမှ သိရသည်။

**အောင်မြင့်မြတ်(မွန်)**



# စျေးနှုန်းနှင့် ကမ္ဘာ့စျေးကွက် အခြေအနေ၊ အပတ်စဉ်စျေးနှုန်း သုံးသပ်ချက်

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းစျေးနှုန်းနှင့် ကမ္ဘာ့စျေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီ စျေးကွက်အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီစျေးနှုန်းသည် ဖေဖော်ဝါရီ ၂၆ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် စျေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၂၁ နိုင်ငံအနက် Curacao နိုင်ငံသည် ယခုတစ်ပတ်တွင် ၅ ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် စျေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး ဆလိုဗေးနီးယားနိုင်ငံတွင် ၃ ဒသမ ၂၀ ရာခိုင်နှုန်း၊ အက်စ်တိုးနီးယားနိုင်ငံတွင် ၂ ဒသမ ၃၀ ရာခိုင်နှုန်းနှင့် ဖိလစ်ပိုင်နိုင်ငံတွင် ၂ ဒသမ ၂၀ ရာခိုင်နှုန်းဖြင့် စျေးနှုန်းများ မြင့်တက်ခဲ့ပြီး စျေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၂၉ နိုင်ငံရှိကြောင်း တွေ့ရသည်။

Global Petrol Prices Website ၏ ယခုတစ်ပတ်အတွက် ဖေဖော်ဝါရီ၂၆ ရက် ဖော်ပြချက်၌ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ထိုင်း၊ တရုတ်၊ ဟောင်ကောင်၊ ထိုင်ဝမ်၊ အာဂျင်တီးနား၊ ဘူလ်တန်၊ ဘရာဇီး၊ ဖင်လန်၊ ပြင်သစ်၊ ဂျော်ဒန်၊ ကင်ညာနှင့် တောင်အာဖရိက စသည့် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၇၀ တွင် ယခင်တစ်ပတ်စျေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီစျေးနှုန်း တည်ငြိမ်နေကြောင်း တွေ့ရသည်။

ဓာတ်ဆီစျေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် စင်ကာပူ၊ ဗီယက်နမ်၊ ဂျပန်၊ ကနေဒါ၊ ဂျာမနီ၊ အိုင်ယာလန်၊ အီတလီ၊ ဆွီဒင်၊ နိုင်ဂျီးရီးယား၊ မက်ဆီဒိုးနီးယား၊ လူဇင်ဘတ်၊ နော်ဝေနှင့် ဘယ်လ်ဂျီယံ အပါအဝင် နိုင်ငံပေါင်း ၂၂ နိုင်ငံသာရှိပြီး ယခင်တစ်ပတ် စျေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၂ ရာခိုင်နှုန်းထိ စျေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရသည်။

အာဆီယံနိုင်ငံများ၏ ဖေဖော်ဝါရီ ၂၆ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီစျေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဖိလစ်ပိုင်နိုင်ငံတွင် ၂ ဒသမ ၂၀ ရာခိုင်နှုန်း၊ ကမ္ဘောဒီးယားနိုင်ငံတွင် ၁ ရာခိုင်နှုန်းနှင့် မြန်မာနိုင်ငံတွင် သုည ဒသမ ၃၀ ရာခိုင်နှုန်းဖြင့် စျေးနှုန်းမြင့်တက်ခဲ့ပြီး စင်ကာပူနိုင်ငံတွင် သုည ဒသမ ၅၀ ရာခိုင်နှုန်းနှင့် ဗီယက်နမ်နိုင်ငံတွင် ၁ ဒသမ ၃၀ ရာခိုင်နှုန်းဖြင့် စျေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် စျေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရ သည်။

ဒီဇယ်ဆီစျေးနှုန်းသည် ဖေဖော်ဝါရီ ၂၆ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၂၁ နိုင်ငံအနက် ဆလိုဗက်ကီးယားနိုင်ငံသည် ယခုတစ်ပတ်တွင် ၃ ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် စျေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး ဥဇဘက်ကစ္စတန် နိုင်ငံတွင် ၂ ဒသမ ၆၀ ရာခိုင်နှုန်း၊ ချက်နိုင်ငံတွင် ၂ ဒသမ ၄၀ ရာခိုင်နှုန်းနှင့် ခရိုအေးရှားနိုင်ငံတွင် ၂ ဒသမ ၂၀ ရာခိုင်နှုန်းဖြင့် စျေးနှုန်းမြင့်တက်ခဲ့ပြီး မြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၂၁ နိုင်ငံရှိကြောင်း တွေ့ရသည်။

Global Petrol Prices Website ၏ ဖော်ပြချက်၌ ယခုတစ်ပတ်အတွင်း အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ထိုင်း၊ တရုတ်၊ ဟောင်ကောင်၊ ထိုင်ဝမ်၊ အိုက်စလန်၊ ဂျော်ဒန်၊ ကင်ညာ၊ မက္ကဆီကို၊ ပီရူးနှင့် တောင်အာဖရိက စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၇၃ နိုင်ငံတွင် ယခင်တစ်ပတ် စျေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဒီဇယ်စျေးနှုန်း တည်ငြိမ်နေကြောင်း တွေ့ရသည်။

ဒီဇယ်စျေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် မြန်မာ၊ စင်ကာပူ၊ ဗီယက်နမ်၊ ဂျပန်၊ အန်ဒိုရာ၊ လက်ဘနွန်၊ ဂရိ၊ ဟန်ဂေရီ၊ အီတလီ၊ ပြင်သစ်၊ ဂျာမနီ၊ နော်ဝေ၊ ဆွီဒင်၊ ကနေဒါ၊ ဒိန်းမတ်နှင့် နိုင်ဂျီးရီးယား အပါအဝင် နိုင်ငံပေါင်း ၂၇ နိုင်ငံသာရှိပြီး ယခင်တစ်ပတ် စျေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၆ ရာခိုင်နှုန်းထိ စျေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ဖေဖော်ဝါရီ ၂၆ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်စျေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဖိလစ်ပိုင်နိုင်ငံတွင် ၁ ဒသမ ၆၀ ရာခိုင်နှုန်းနှင့် ကမ္ဘောဒီးယားနိုင်ငံတွင် ၁ ဒသမ ၂၀ ရာခိုင်နှုန်းဖြင့် စျေးနှုန်းမြင့်တက်ခဲ့ပြီး မြန်မာနိုင်ငံတွင် ၁ ဒသမ ၃၀ ရာခိုင်နှုန်း၊ စင်ကာပူနိုင်ငံတွင် ၁ ဒသမ ၈၀ ရာခိုင်နှုန်းနှင့် ဗီယက်နမ်နိုင်ငံတွင် ၂ ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် ကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် စျေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။ အာဆီယံနိုင်ငံများ၏ ဖေဖော်ဝါရီ၂၆ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာ စျေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၁.၄၁ | ၁.၂၅ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၈၇ | ၀.၉၈ |
| ၃ | ထိုင်း | လီတာ | ၁.၂၉ | ၀.၈၃ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၉၈ | ၀.၈၆ |
| ၅ | စင်ကာပူ | လီတာ | ၂.၀၄ | ၁.၉၁ |
| ၆ | မလေးရှား | လီတာ | ၀.၄၃ | ၀.၄၅ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၃၀ | ၁.၁၁ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၂၃ | ၁.၀၅ |
| ၉ | လာအို | လီတာ | ၁.၄၇ | ၁.၀၀ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

## DOT (P&S)

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နေသော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံတို့၏ စက်သုံးဆီ တစ်လီတာ စျေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၁၇ | ၁.၀၄ |
| ၂ | ဂျပန် | လီတာ | ၁.၁၆ | ၁.၀၂ |
| ၃ | အိန္ဒိယ | လီတာ | ၁.၂၆ | ၁.၁၃ |

ပြည်တွင်းစျေးကွက်အတွင်း ရောင်းချလျက်ရှိသော စက်သုံးဆီ စျေးနှုန်းများမှာ ဖေဖော်ဝါရီ ၂၈ ရက်တွင် အောက်တိန်း-92 တစ်လီတာလျှင် ကျပ် ၂၇၇၀၊ အောက်တိန်း-95 တစ်လီတာလျှင် ၂၈၈၅ ကျပ်၊ ဒီဇယ်တစ်လီတာလျှင် ၂၅၆၅ ကျပ်နှင့် ပရီမီယံဒီဇယ် တစ်လီတာလျှင် ကျပ် ၂၆၁၀ အသီးသီး စျေးနှုန်းများဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီ စျေးနှုန်းများအား လေ့လာရာတွင် ကလေးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၃၃၄၆ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၃၀၄၄ ကျပ်၊ ကျိုင်းတုံမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၃၂၅၀၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၃၅၄၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး ရန်ကုန်မြို့တွင် ဓာတ်ဆီတစ်လီတာလျှင် ၂၈၈၅ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၂၅၆၅ ကျပ်၊ ပဲခူးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၂၈၉၅ ကျပ်၊ ဒီဇယ်တစ်လီတာလျှင် ၂၅၇၀ ကျပ်ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရသည်။

မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ ပြည်တွင်းစက်သုံးဆီစျေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ယခင်တစ်ပတ်ထက် ဓာတ်ဆီ တစ်လီတာလျှင် ၁၀ ကျပ် စျေးနှုန်းမြင့်တက်ခဲ့ပြီး ဒီဇယ် တစ်လီတာလျှင် ၃၀ ကျပ် စျေးနှုန်းကျဆင်းခဲ့ကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။



## စိုက်ပျိုးသင့်သည့် ငွေနှင်းမှိုလုပ်ငန်း

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ ဆပ်သွား တော ကျေးရွာ ငွေနှင်းမှိုစိုက်ပျိုးရေးလုပ်ငန်းကို ၂၀၁၅ ခုနှစ်မှစတင်ခဲ့ပြီး မှိုစိုက်ပျိုးခြင်းမှာ တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်သော အော်ဂဲနစ်လုပ်ငန်းဖြစ်ကြောင်း ကိုယ်တိုင်မျိုးထုပ်၊ မျိုးပုလင်းများပြုလုပ်၍ မျိုးပုလင်းတစ်ပုလင်းလျှင် ကျပ် ၁၅၀၀ ဖြင့် လက်လီ/လက်ကား ရောင်းချလျက်ရှိကြောင်းသိရသည်။

မျိုးပုလင်းပြုလုပ်ရာတွင် ပါဝင်သော ပစ္စည်းများမှာ လွှဖာ၊ ဖွဲနု၊ ထုံး၊ ဆခါး၊ သကြား ငါးမျိုးရောစပ်၍ မျိုးထုပ်ရကြောင်း မျိုးထုပ်ဆိုဒ်မှာ နှစ်မျိုးရှိကြောင်း၊ စိုက်ပျိုးထားသည့်နေရာ (20’x50’)အကျယ်အဝန်းရှိ တစ်ရုံသာရှိပြီး စိုက်ပျိုးထုပ်ပေါင်း ၁၀၀၀ ထုပ် စိုက်ပျိုးထားရှိကြောင်း တစ်ရက်လျှင် မှိုပိဿာချိန် ငါးပိဿာခန့် ထွက်ရှိကြောင်း၊ စျေးကွက်အနေဖြင့် ထောက်ကြန့်စျေးသစ်နှင့် အိမ်သို့လာယူသော ဖောက်သည်များကို တစ်ပိဿာလျှင် ကျပ် ၄၀၀၀ ဖြင့် ရောင်းချလျက်ရှိကြောင်း သိရှိရပြီး စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် လုပ်ကိုင်နိုင်ကြောင်း ရေးသားလိုက်ရပါသည်။

ဖြူဖြူမြင့် (ရန်ကုန်)

## ပခုက္ကူခရိုင် ပေါက်မြို့နယ်ထွက် အာလူးများ စျေးကောင်းရရှိ

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်အတွင်းရှိ ပေါက်မြို့နယ်အနေဖြင့် စိုက်ပျိုးရေးကို အဓိကထား၍ ဒေသစီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်ကြရာ အာလူးသီးနှံကိုလည်း အဓိကသီးနှံအဖြစ် စိုက်ဧက ၂၀၀၀ ခန့် နှစ်စဉ်စိုက်ပျိုးလျက်ရှိသည်။

အာလူးသီးနှံစိုက်ပျိုးရာ ၂၀၂၃-၂၀၂၄တွင် စိုက်ဧက ၁၀၀၀ ခန့်ထိ စိုက်ပျိုးလာကြောင်း၊ ရှမ်းပြည်နယ်ထွက် အောင်ပန်းအာလူးမျိုးကို အများဆုံးစိုက်ပျိုးပြီး အောက်တိုဘာလကုန် နိုဝင်ဘာလဆန်းတွင် စတင်စိုက်ပျိုး၍ ဖေဖော်ဝါရီလဆန်းတွင် အာလူးများတူးဖော်ကြောင်း၊ စိုက်ပျိုး မြေအနေဖြင့် ကျောချောင်း နံဘေးရှိ သဲနုန်းမြေများတွင် ကျင်းဖွဲ့၍ အများဆုံးစိုက်ပျိုးကြောင်း သိရသည်။

တစ်ဧကလျှင် တောင်သူတစ်ဦးချင်းအနေဖြင့် အာလူးမျိုးနှင့် သွင်းအားစုအမျိုးမျိုး သုံးစွဲပုံမတူညီခြင်း၊ ရာသီဥတုနှင့် မြေသား ကွာခြားမှုရှိခြင်းကြောင့် အထွက်နှုန်းမတူညီ၍ အာလူးပိဿာ ၃၀၀၀ မှ ၆၀၀၀ ထိထွက်ရှိကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် ယခင်နှစ်က တစ်ဧကလျှင် ကျပ်သိန်း ၄၀ ခန့်ကုန်ကျခဲ့ပြီး ယခုနှစ်တွင် ကျပ်သိန်း ၇၀ ခန့်ထိ ကုန်ကျပြီး ပျမ်းမျှ အာလူးပိဿာ ၄၀၀၀ ထွက်ရှိပြီး တစ်ပိဿာ ကျပ် ၄၀၀၀ ပျမ်းမျှစျေးဖြင့် ရောင်းချရ၍ ဝင်ငွေမှာ ကျပ်သိန်း ၁၆၀ ခန့်ရရှိ၍ အကျိုးအမြတ်အနေဖြင့် ကျပ်သိန်း ၉၀ ခန့် ရရှိကြောင်း၊ ဒေသတွင်းထွက်ရှိသည့် အာလူးများကို ဒေသတွင်းစျေးကွက်နှင့် ပခုက္ကူမြို့သို့ အများဆုံး တင်ပို့လျက်ရှိသည်။

စျေးနှုန်းအနေဖြင့် လက်လီ တစ်ပိဿာလျှင် ကျပ် ၅၀၀၀၊ လက်ကားပွဲရုံသွင်းစျေး ကျပ် ၃၅၀၀ ဖြင့် ပေးသွင်းရကြောင်း၊ ယခုနှစ် ပေါက်မြို့နယ်ထွက် အာလူးများ စျေးကောင်းရရှိ၍ စိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း မြောက်ဘက်ကျေးရွာရှိ အာလူးစိုက်တောင်သူ တစ်ဦးထံမှ သိရသည်။

မြင့်မြင့်သန်း(ပခုက္ကူ)

# တစ်ပတ်အတွင်း ဓာတ်မြေဩဇာ၊ ဘီလပ်မြေနှင့် ဆေးဝါးပစ္စည်းများ တင်သွင်းမှုအခြေအနေ

### ဓာတ်မြေဩဇာ

ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၃ ရက်ထိ ကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၈၅၉ သန်းတန်ဖိုးရှိ ဓာတ်မြေဩဇာတန်ချိန် ၁၂၀၀၀ ကျော် တင်သွင်းခဲ့သည်။ တင်သွင်းမှုများအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တန်ချိန် ၂၇၀၀၀ ကျော်၊ ဂျာမနီနိုင်ငံမှ တန်ချိန် ၂၀၀၀ ကျော်၊ ကနေဒါမှ တန်ချိန် ၁၀၀၀ ကျော်၊ ရုရှားနိုင်ငံမှ တန်ချိန် ၁၂၀၀ ခန့်၊ နော်ဝေနိုင်ငံမှ တန်ချိန် ၅၀၀ခန့်၊ ဖင်လန်နိုင်ငံမှ တန်ချိန် ၄၀၀ခန့်၊ ထိုင်းနိုင်ငံမှ တန်ချိန် ၁၀၀ ကျော်၊ ဥဘက်ကစ္စတန်နိုင်ငံမှ တန်ချိန် ၈၀၀ ကျော်နှင့် ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၅၀၀ကျော် တင်သွင်းခဲ့သည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ပင်လယ်ရေကြောင်းမှ ဓာတ်မြေဩဇာတန်ချိန် ၃၀၀၀၀ ကျော် လျော့နည်းတင်သွင်းခဲ့ကြောင်း သိရသည်။

### ဘီလပ်မြေ

နယ်စပ်မှ ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၃ ရက်ထိကာလအတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၁၂၁ သန်း တန်ဖိုးရှိ ဘီလပ်မြေတန်ချိန် ၁၅၀၀ ခန့် ထိုင်းနိုင်ငံမှ တင်သွင်းခဲ့ကြောင်း သိရသည်။

### ဆေးဝါးပစ္စည်းများ

ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၃ ရက်ထိကာလအတွင်း ပင်လယ် ရေကြောင်းကုန်သွယ်မှုမှ အမေရိကန် ဒေါ်လာ ၅ ဒသမ ၉၁၁ သန်း တန်ဖိုးရှိ ဆေးဝါးပစ္စည်းများ တန်ချိန် ၂၅၀ ကျော် တင်သွင်းခဲ့သည်။ ယခုတစ်ပတ်တွင် ဩစတြေးလျနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘရာဇီးနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဆိုက်ပရက်စ်၊ ဂျာမနီနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ပါကစ္စတန်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ တင်သွင်းခဲ့ကြောင်း သိရသည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ပင်လယ်ရေကြောင်းမှ ဆေးဝါးပစ္စည်းများ တန်ချိန် ၁၅၀ ခန့် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

နယ်စပ်မှ ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၃ ရက်ထိကာလအတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၃၈၆ သန်း တန်ဖိုးရှိ ဆေးဝါးပစ္စည်းများ တန်ချိန် ၈၀၀ခန့် တင်သွင်းခဲ့သည်။ တင်သွင်းမှုများအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တန်ချိန် ၇၀၀ ကျော်နှင့် ထိုင်းနိုင်ငံမှ တန်ချိန် ၁၀၀ ခန့်တင်သွင်းခဲ့သည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက နယ်စပ်မှ ဆေးဝါးပစ္စည်းတန်ချိန် ၄၀၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

**အိမ့် (DOT)**

# ဗန်းမော်ဒေသထွက် ဆောင်းအာလူး ဈေးကွက်


ကချင်ပြည်နယ် ဗန်းမော်မြို့၏ ဒေသထွက် စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သည့် ဆောင်းအာလူးကို ဗန်းမော်မြို့ အရှေ့ဘက် တာပိန်မြစ်ကမ်း မြေနုကျွန်းပေါ်စိုက်ခင်းများတွင်လည်းကောင်း မံမလင်း၊ ကောင်းစင့်၊ သပြေကုန်း၊ ရေနီကျေးရွာများတွင်လည်း စိုက်ပျိုးလျက်ရှိကြသည်။

ဆောင်းအာလူးကို အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် အများဆုံးစိုက်ပျိုးကြပြီး ဖေဖော်ဝါရီလကုန်ခါနီးတွင် ရိတ်သိမ်းကြသည်။ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ဗန်းမော်မြို့နယ်အတွင်း အာလူးစိုက်ဧကမှာ ၇၁၂ ဧကရှိပြီး ထွက်ရှိမှုမှာ ပိဿာ ၂၀၂၃၆၈၂ ကျော်ခန့်ဖြစ်သည်။ ယခုနှစ်တွင် အာလူးစိုက်တောင်သူများမှာ ယခင်နှစ်ထက် ပိုမို၍ စိုက်ပျိုးလျက်ရှိသည်။

ထွက်ရှိလာသော အာလူးများကို ကျေးရွာများမှတစ်ဆင့် စက်လှေများဖြင့် သယ်ဆောင်၍ ဗန်းမော်သီးနှံကုန်သည်များသို့ လာရောက်ရောင်းချလျက်ရှိသည်။ ဈေးနှုန်း၊ ဈေးကွက်အနေဖြင့် ဆောင်းအာလူး တစ်ပိဿာလျှင် ဖောက်သည်ဈေးနှုန်းမှာ ကျပ် ၁၂၀၀ မှ ၁၃၀၀ ထိရှိပြီး လက်လီဈေးအနေဖြင့် အရွယ်အစားအလိုက် ဆောင်းအာလူး တစ်ပိဿာလျှင် ကျပ် ၁၅၀၀ မှ ၁၈၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေသည်။

ဗန်းမော်မြို့နယ်များမှ ထွက်ရှိလာသော ဆောင်းအာလူးများကို မန္တလေးပွဲရုံများသို့ ၁၂ ဘီး တွဲကားများဖြင့် တင်ပို့ရောင်းချလျက်ရှိပြီး ဗန်းမော်-မန္တလေး သယ်ယူစရိတ်နှုန်းထားများမှာ ပိဿာ ၄၀ ပါ တစ်အိတ်လျှင် သယ်ယူပို့ဆောင်ခ ကျပ် ၁၆၀၀၀ ရှိကြောင်း သီးနှံကုန်သည်များထံမှ သိရသည်။

**ရဲရင့်ဖြိုး (ဗန်းမော်)**



# ဖေဖော်ဝါရီ တတိယပတ်တွင် ပြောင်းနှင့် ရော်ဘာတင်ပို့မှု အခြေအနေ

### ပြောင်း

ဖေဖော်ဝါရီလ ၁၆ ရက်မှ ၂၃ ရက်ထိကာလအတွင်း ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၇၇၁ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၁၁၅၄၁၀ ကျော် တင်ပို့သည်။ ပြောင်းတင်ပို့မှုအနေဖြင့် ထိုင်းနိုင်ငံသို့ပြောင်းတန်ချိန် ၈၆၄၃၀ နှင့် ဖိလစ်ပိုင်နိုင်ငံသို့ ပြောင်းတန်ချိန် ၂၈၉၈၀ ကျော် တင်ပို့သည်။

ဖေဖော်ဝါရီလ တတိယပတ်တွင် မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၇၂ သန်း တန်ဖိုးရှိ ပြောင်းတန်ချိန် ၁၁၈၀ ကျော် တင်ပို့သည်။ နည်းလမ်းနှစ်သွယ်မှ ပြောင်းတင်ပို့မှု စုစုပေါင်းတန်ချိန် ၁၁၆၅၉၀ ကျော်ရှိပြီး တန်ဖိုးအမေရိကန်ဒေါ်လာ ၂၉ ဒသမ ၀၄၃ သန်း တင်ပို့ခဲ့သည်။

### ရော်ဘာ

ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၃ ရက်ထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၅၄၁ သန်း တန်ဖိုးရှိ ရော်ဘာတန်ချိန် ၈၄၃၀ ကျော်တင်ပို့သည်။ ရော်ဘာတင်ပို့မှုအနေဖြင့် တရုတ်နိုင်ငံသို့ ရော်ဘာတန်ချိန် ၅၉၃၀ ကျော်၊ မလေးရှားနိုင်ငံသို့ ရော်ဘာတန်ချိန် ၂၀၇၈ တန်ကျော်၊ အိန္ဒိယနိုင်ငံသို့ ရော်ဘာတန်ချိန် ၂၀၀ ကျော်၊ အင်ဒိုနီးရှားနိုင်ငံသို့ ရော်ဘာတန်ချိန် ၂၀၀ နှင့် သီရိလင်္ကာနိုင်ငံသို့ ရော်ဘာတန်ချိန် ၂၀ ခန့် တင်ပို့သည်။

ယခင်တစ်ပတ် ရော်ဘာတင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ရော်ဘာတန်ချိန် နှစ်ထောင်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

**DAAT**

# တာချီလိတ်ကုန်သွယ်ရေးစခန်း၏ တစ်ပတ်အတွင်း ကုန်သွယ်မှုအခြေအနေ

တာချီလိတ်ကုန်သွယ်ရေးစခန်း၏ ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၃ ရက်ထိ လုပ်ငန်းဆောင်ရွက်မှုမှာ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၂၀ သန်း၊ သွင်းကုန် တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၀၄ သန်းဖြစ်၍ ကုန်သွယ်မှုပမာဏမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၄ ဒသမ ၂၂၄ သန်းဖြစ်သည်။

အနီးစပ်ဆုံးကာလနှင့်နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုညဒသမ ၅၄၅ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သုညဒသမ ၇၃၄ သန်း လျော့နည်းခဲ့သောကြောင့် ကုန်သွယ်မှုပမာဏအနေဖြင့် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၁၈၉ သန်း လျော့နည်းခဲ့သည်။ ပို့ကုန်ပိုင်းတွင် ယခင်ပတ်ထက် လိမ္မော်သီး၊ ထောပတ်သီး၊ ငရုတ်သီးခြောက်၊ စက္ကူဖြတ်စ လျော့နည်းတင်ပို့ခဲ့သော်လည်း ပြောင်း၊ ကော်ဖီစေ့၊ ချဉ်ပေါင်ဖာလာ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ လက်ဖက်ခြောက်၊ ဆိတ်(အရှင်)၊ တံမြက်စည်းတို့ ပိုမိုတင်ပို့ခဲ့သည်။

သွင်းကုန်ပိုင်းတွင် ယခင်ပတ်ထက် ဘီလပ်မြေ၊ လယ်ထွန်စက်များ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ ရေနံထွက်ပစ္စည်းများ၊ သုတ်ဆေး၊ ပေါလစ်များ၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ တာယာနှင့် ကျွတ်များ၊ မီးဖိုချောင်သုံးပစ္စည်းများနှင့် အခြားပစ္စည်းများ ပိုမိုတင်သွင်းခဲ့သော်လည်း မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ၊ ဖန်ဆောက်လုပ်ရေးပစ္စည်းများ၊ စက်ဘီးအပိုပစ္စည်းများ၊ အခြားစက္ကူများ၊ ဆပ်ပြာနှင့် အလှကုန်ပစ္စည်းများ လျော့နည်းတင်သွင်းခဲ့သည်။

**အိမ့် (DOT)**

# မြဝတီကုန်သွယ်ရေးဇုန်၏ တစ်ပတ်အတွင်း ကုန်သွယ်မှုအခြေအနေ

မြဝတီကုန်သွယ်ရေးဇုန်၏ ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၃ ရက်ထိ လုပ်ငန်းဆောင်ရွက်မှုမှာ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၀၆ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၇ ဒသမ ၂၃၀ သန်းဖြစ်၍ ကုန်သွယ်မှုပမာဏမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၅၃၆ သန်းဖြစ်သည်။

အနီးစပ်ဆုံးကာလဖြစ်သော ယခင်တစ်ပတ် လုပ်ငန်းဆောင်ရွက်မှုနှင့်နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၀၈၃ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၃၈၀ သန်း ပိုမိုခဲ့သောကြောင့် ကုန်သွယ်မှုပမာဏအနေဖြင့် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၄၆၃ သန်းပိုမိုခဲ့သည်။

ယခုတစ်ပတ် ပို့ကုန်ပိုင်းတွင်ပိုမိုခြင်းမှာ သတ္တုတွင်းထွက်ပစ္စည်းအုပ်စု၊ စက်မှုကုန်ချောပစ္စည်းအုပ်စုတို့ တင်ပို့မှုလျော့နည်းခဲ့သော်လည်း လယ်ယာထွက်ပစ္စည်းအုပ်စု၊ ရေထွက်ပစ္စည်းအုပ်စုတို့ တင်ပို့မှုပိုမိုခဲ့ခြင်းကြောင့်ဖြစ်သည်။

သွင်းကုန်အနေဖြင့် ယခုတစ်ပတ်တွင် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းအုပ်စု၊ လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်း အုပ်စုတို့ တင်သွင်းမှု လျော့နည်းခဲ့သော်လည်း လူသုံးကုန်ပစ္စည်းအုပ်စု တင်သွင်းမှု ပိုမိုခဲ့ခြင်းကြောင့်ဖြစ်သည်။

**အိမ့် (DOT)**

### ၁-၂-၂၀၂၄ မှ ၂၉-၂-၂၀၂၄ ရက်အထိ Online CO Application မှ CO / Product Card / CE လျှောက်ထားမှုစာရင်း

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 1777 | 31 | - | - | 4 | 1812 |
| | Form AANZ | 41 | 1 | - | - | - | 42 |
| | Form AHK | 1 | - | - | - | - | 1 |
| | Form AI | 875 | 8 | - | - | - | 883 |
| | Form AJ | 84 | - | - | - | - | 84 |
| | Form AK | 622 | 5 | - | - | - | 627 |
| | Form CHINA | - | - | - | - | - | 0 |
| | Form D | - | - | - | - | - | 0 |
| | Form DFTP | 22 | 3 | - | - | - | 25 |
| | Form E | 1271 | 14 | - | - | 1 | 1286 |
| | Form Korea | 110 | 2 | - | - | - | 112 |
| | E Form D | 1004 | - | - | - | - | 1004 |
| 2. | Product Card | - | - | - | - | - | 0 |
| 3. | Certified Exporter | - | - | - | - | - | 0 |
| | Total | 5807 | 64 | - | - | 5 | 5876 |

# အိန္ဒိယမှ ဆန်လုံးညိုများ ဗီယက်နမ် တင်သွင်းမှုပြု

ဗီယက်နမ်နိုင်ငံသည် ကမ္ဘာ့ဆန်ဝယ်လိုအား ခိုင်မာကောင်းမွန်နေမှုအပေါ် ဝင်ငွေတိုးတက်ရရှိရန် ကြိုးပမ်းလျက်ရှိရာ ပြန်လည်ပြုပြင်ကြိတ်ခွဲပြီး သန့်စင်ထားသော ဆန်ဖြူအမျိုးအစားများကို ပြည်ပသို့ ပြန်လည်တင်ပို့ရန်အတွက် ဆယ်စုနှစ်များစွာအတွင်း အိန္ဒိယမှ စပါးခွံချွတ်ပြီးသော ဆန်လုံးညိုများကို ပထမဆုံးအကြိမ်အဖြစ် တင်သွင်းခဲ့ကြောင်း ကုန်သွယ်ရေးနှင့် အစိုးရ သတင်းရင်းမြစ်များ၏ ပြောကြားချက်အရ သိရသည်။

ကမ္ဘာ့တတိယအကြီးဆုံး ဆန်တင်ပို့သည့် နိုင်ငံဖြစ်သည့် ဗီယက်နမ်နိုင်ငံသည် ဒီဇင်ဘာလနှင့် ဖေဖော်ဝါရီလအတွင်း အိန္ဒိယနိုင်ငံမှ ဆန်လုံးညို မက်ထရစ်တန် ၂၀၀၀၀၀ ထက်မနည်း တင်သွင်းခဲ့ကြောင်း၊ ကမ္ဘာ့ထိပ်တန်းဆန်တင်ပို့သူ အိန္ဒိယသည် ၂၀၂၃ ခုနှစ်တွင် ဆန်ဖြူတင်ပို့မှုကို ပိတ်ပင်ပြီးနောက် ဗီယက်နမ်၏ ဆန်တင်ပို့မှုမှာ သွက်လက်လျက်ရှိကြောင်း၊ ၂၀၂၃ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံမှ ဆန်တင်ပို့မှုသည် မက်ထရစ်တန် ၈ဒသမ၃ သန်းသို့ စံချိန်တင်တိုးတက်ခဲ့ကြောင်း သိရသည်။

တင်ပို့မှုများ တစ်ဟုန်ထိုး မြင့်တက်လာခြင်းသည် ဗီယက်နမ်၏ ဆန်သိုလှောင်မှုပမာဏကို ကျဆင်းမှုဖြစ်စေကြောင်း၊ သို့သော်လည်း ဗီယက်နမ်အနေဖြင့် ကမ္ဘာ့ဝယ်လိုအား မြင့်တက်လာခြင်းကို ဖြည့်ဆည်းပေးရန်အတွက် စိတ်အားထက်သန်နေဆဲဖြစ်ကြောင်း အိန္ဒိယနိုင်ငံအရှေ့ပိုင်း ကောလ်ကတ္တားမြို့မှ ပို့ကုန်လုပ်ငန်းရှင်တစ်ဦးက ပြောကြားခဲ့သည်။

ဗီယက်နမ်တွင် ဆန်ကြိတ်ခွဲထုတ်လုပ်ရန် စပါးကို မရရှိနိုင်သောကြောင့် ကုန်သည်အချို့သည် အိန္ဒိယမှ စပါးခွံချွတ်ပြီး ဆန်လုံးညိုများကို တင်သွင်းကာ ပြုပြင်ကြိတ်ဖွတ်တင်ပို့ခြင်းဖြင့် အမြတ်အစွန်းများ ရရှိခဲ့ကြောင်း၊ နောက်ပိုင်းတွင် အခြားသော ကုန်သည်များကလည်း အဆိုပါ လုပ်ငန်းကို လုပ်ကိုင်လာကြကြောင်း ၎င်းက ဆက်လက်ပြောဆိုခဲ့သည်။

အိန္ဒိယ၏ အရှေ့ဘက်ကမ်းရိုးတန်းမှ ဆန်လုံးညို တစ်တန်လျှင် ကုန်ပစ္စည်းသင်္ဘောပေါ် အရောက် အခြေခံဈေးနှုန်း (FOB) ဒေါ်လာ ၅၀၀ ဝန်းကျင်ဖြင့် ကမ်းလှမ်းရောင်းချခဲ့ပြီး ဗီယက်နမ်ကုန်သည်များသည် ပြန်လည်ပြုပြင်ထားသော ဆန်များကို ဒေါ်လာ ၆၀၀ ကျော်ဖြင့် ရောင်းချခြင်းဖြစ်ကြောင်း၊ ဗီယက်နမ်သည် အိန္ဒိယမှ ဆန်လုံးညိုကို မကြာသေးမီက စတင်ဝယ်ယူခဲ့ပြီး ယခုအခါ အိန္ဒိယ၏ စုစုပေါင်း ဆန်လုံးညိုတင်ပို့မှု၏ ၉၅ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။

လက်ရှိကာလ ဗီယက်နမ်သည် အိန္ဒိယမှ ဆန်လုံးညို မက်ထရစ်တန်ချိန် ၇၀၀၀၀ ခန့်အား လစဉ်တင်သွင်းနေကြောင်း အမည်မဖော်လိုသည့် အစိုးရအရာရှိတစ်ဦးက ပြောဆိုခဲ့ပြီး ဗီယက်နမ်နိုင်ငံတွင် ရာသီအသစ်မှ ထွက်ရှိသော စပါးများဈေးကွက်သို့ စတင်ဝင်ရောက်လာသော်လည်း အိန္ဒိယဆန်သည် ဈေးနှုန်းသက်သာဆဲဖြစ်ကြောင်း ကောလ်ကတ္တားမြို့အခြေစိုက် ဆန်တင်ပို့သူ၏ ပြောကြားချက်အရ သိရသည်။

အိန္ဒိယမှ ဆန်တင်ပို့မှု မပိတ်မီအချိန်ထိ ဗီယက်နမ်နိုင်ငံသည် တိရစ္ဆာန်အစာနှင့် ဘီယာချက်လုပ်ရန်အတွက် ၁၀၀ ရာခိုင်နှုန်းပြည့် ဆန်ကွဲများကို ဝယ်ယူတင်သွင်းခဲ့ကြောင်း၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ နိုင်ဂျီးရီးယား၊ ဆီနီဂေါ၊ အိုင်ဗရီကို့စ်နှင့် မလေးရှားနိုင်ငံတို့သည် ဆန်တင်သွင်းမှုတွင် ဦးဆောင်နေပြီး အဆိုပါနိုင်ငံများသည် အိန္ဒိယ၊ ထိုင်း၊ ဗီယက်နမ်၊ ပါကစ္စတန်နှင့် မြန်မာနိုင်ငံတို့မှ ဆန်တင်ပို့မှုအပေါ် မှီခိုနေရကြောင်း၊ အိန္ဒိယသည် လက်ရှိတွင် ပေါင်းဆန်နှင့် ပရီမီယံအဆင့် အရည်အသွေးမြင့် ဘာစမာတီဆန်မျိုးများကိုသာ တင်ပို့ခွင့်ပြုထားကြောင်း သိရှိရသည်။

**Source ; Reuters,**
**DPTM, DOCA**





A.ONE.TOP & STAR LIGHT CO.,LTD

BIZOL
Made in Germany

SCT MANNOL®
Germany

Authroized Distributor by A.ONE.TOP AND STARLIGHT CO.,LTD

Yangon ရုံးချုပ်
အမှတ် C10/11 သီရိရတနာလက်ကားဈေး၊ မြောက်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့။
Ph; 09-250 411 288, 09 772 928 187, 09 674 709 688, 09 674 709 699

မန္တလေးရုံးခွဲ
၆၂လမ်း (၁၀၃နှင့်၁၀၃-အေ ကြား)၊ အမှတ် (တ၄/၃၀)၊ ကုတင် ၃၀၀ မျက်စောင်းထိုး၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
Ph; 09-782055527, 09-792055527

မြစ်ကြီးနားရုံးခွဲ
အမှတ်(၁)၊ တိုက်(၁)၊ စံပြမိန်းလမ်းဘေး၊ Good Boy ကားရေဆေးဆိုင်ရှေ့၊ မြစ်ကြီးနားမြို့။
09-257936493, 09-94045248

SINOPEC



**Authorized Distributor: 777-1 EXPORT IMPORT COMPANY LIMITED**

**Yangon:**
No.(59-60), Hlay Thin Ah Twin Wun U Chain Street,
Industrial Zone(2),Hlaing Thar Yar Township, Yangon, Myanmar.
Tel:09-454511112,454511113,454511114

**Mandalay:**
PaPa(21/1), Corner of 135 (Yaw Min Gyi) Street & 66 Street,
Industrial Zone(1), Mandalay, Myanmar.
Tel:02-5154403,5153970,5152224,5153100,5152117





ROYAL
Shwe Phoo Phoo
ROYAL SHWE PHOO PHOO CO.,LTD

No(102-F), Room No (201), Between Moe Kaung Street & Maggin Street, Shwe Moe Kaung Condo , Yankin Tsp,Yangon.
Ph : 09-5410086, 09 5415522, 09-5412318 , 09-5450050
09 44244416,09 44234416 , 09254115158
E mail : usanlwin905@gmail.com

Plant Heavy Equipment and Earth Moving Equipment and Spares



Marine Machinery, Equipment and Spares






Paints Chemicals, Acids and Insecticide etc;



Construction and Building Material



# GREAT LINE CO.,LTD.

## EXPORTER & IMPORTER

**Mr.Mahender**

(Managing Director)

Add : No.115, 46 Street, 4th Floor, Botataung Township, Yangon, Myanmar.

Ph : 09 421019905, 09 254127211

Email : kmahendar83@gmail.com




- NO. 25/26, BOGYOKE AUNG SAN ROAD, BAHOSI HOUSING ESTATE, LANMADAW TOWNSHIP, YANGON, MYANMAR. TEL : 01- 2301460
- NO(91), THIRI YADANAR SHOPPING COMPLEX, NAYPYITAW, MYANMAR TEL : 09 - 969 973 051
- ZEGYO PLAZA, FIRST FLOOR, CORNER OF 26th & 85th STREET, CHAN AYE THAR ZAN, TOWNSHIP, MANDALAY, MYANMAR TEL : 09 - 977 917 574
- NO.171, PINLON STREET, NYAUNG SHWE HAW GONE QUARTER, TAUNGGYI, MYANMAR. TEL : 09 - 977 617 771


# Aye Nyein Thar Co., Ltd

SPEEDY MOVE TO FUTURE WITH US

ပြည်ပမှ တိုက်ရိုက်တင်သွင်းသော အရည်အသွေးမြင့် ဓာတ်သုံးဆီ အမျိုးမျိုးအား ဈေးနှုန်းချိုသာစွာဖြင့်
ဝယ်ယူအားပေးသူများစိတ်တိုင်းကျ လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချပေးနေပါသည်



FUEL STATION



AYE NYEIN THAR COMPANY LIMITED
No.51(C), University Avenue Road, Shwe Taung Kyar (1)ward, Bahan Township, Yangon.
Tel: +95-9-5108291, +95-9-765485405, +95-9-750228889 Web : www.ayenyeinthar.com , E-Mail : admin.hr@ayenyeinthar.com

HTET EKARI FUEL STATION
1. No(2) Main Road, Shan Tae Gyi Upper Village, Hlegu Township. Tel: +95-9-762100989
2. Yangon-Mandalay Highway Road, Taung Gyi Kwe Village, Intagaw City. Tel: +95-9-782067900
3. Lower Mingalardon Road, Tar Sone, Shwe Pyi Thar Township.

THARAPHU FUEL STATION
1. Danyin Gone Railway Road, Insein Township. Tel: +95-9-457195400
2. Yangon-Mandalay Highway Road, Oktwin Township, Taungoo. Tel: +95-54-25316

Since 2006

License No 2088

# Mono Hosizon Services Co.,Ltd

**ပေးပို့သည့်နိုင်ငံများ**

ထိုင်း
မလေးရှား
စင်ကာပူ
ဂျပန်
ကိုရီးယား
ဒူဘိုင်း
တူရကီ
တရုတ်

**အလုပ်အကိုင်များ**

ဆောက်လုပ်ရေး ၊ စက်ရုံအလုပ်ရုံ
ကုန်ထုတ် ၊ စားသောက်ဆိုင်
ဘိုးဘွားစောင့်ရှောက်ရေး ၊
E 7 ၊ E 9 ၊ Housekeeping ၊ Kitchen
Helpers ၊ Service Crew ၊ Waiters
Waitress ၊ Steward ၊ Cleaners


Add : No.169, 1st Floor, 37th Street (Middle), Kyauktada Township, Yangon.

Ph : 09 881190904, 09 881190907, 09 443739389

Email : www.mhscmanpower.com

# ပြည်ခရိုင်၏ လယ်ယာထွက်ကုန်ဈေးကွက်

ဝေဝေမင်း၊ ခင်ဆွေဝင်း(ပြည်)



### ajryd|ef

ပြည်ခရိုင်မှထွက်ရှိသော မြေပဲဆန်များကို ပြည်မြို့ရှိ ဈေးကွက်များနှင့် ပွဲရုံများသို့ ရောင်းချပြီး မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့မှ ဝယ်ယူကြသည်။ မိုးမြေပဲနှင့်ဆောင်းမြေပဲလှိုင်လှိုင်ပေါ်ချိန်တွင် ပြည်မြို့ရှိဈေးကွက်များသို့ နေ့စဉ်အိတ် ၁၀၀၀/၁၅၀၀ ခန့် ဝင်ရောက်မှုရှိသလို အရောင်းအဝယ်ဖြစ်မှုမှာလည်း ဝင်သလောက် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။မြေပဲဆန်ဈေးများမှာဈေးကွက်ပေါ် မူတည်ပြီး ဈေးအတက်အကျရှိသည်။

| စဉ် | အမျိုးအမည် | ၂၀၂၃ ခုနှစ် | ၂၀၂၄ ခုနှစ် |
|---|---|---|---|
| ၁ | မြေပဲဆီကြိတ်ဆန် (နီ) | ၅၅၀၀ | ၆၇၀၀ |
| ၂ | မြေပဲဆီကြိတ်ဆန်(ဖြူ) | ၅၀၀၀ | ၆၂၀၀ |
| ၃ | မြေပဲလုံးဆန်(နီ) | ၆၃၀၀ | ၇၈၀၀ |
| ၄ | မြေပဲလုံးဆန်(ဖြူ) | ၅၃၀၀ | ၇၂၀၀ |

### Ekf

ဖေဖော်ဝါရီလနောက်ဆုံးပတ်တွင် နှမ်းဈေးများ မြင့်တက်လာခဲ့သည်။ နှမ်းဈေးများ မြင့်တက်လာရခြင်းမှာ နှမ်းဝင်ရောက်မှု နည်းသွားပြီး ဝယ်လိုအား များလာသောကြောင့်ဖြစ်သည်။ နှမ်းနီလက်ကျန် နည်းပါးလာပြီး ဆီကြိတ်ရန် ဆီစက်သမားများက ဝယ်ယူမှုရှိ၍ ဈေးမြင့်တက်ခဲ့ခြင်းဖြစ်ပြီး နှမ်းနက်နှင့်စမုန်နက်နှမ်းမှာ ပြည်ပသို့တင်ပို့ရန် ဝယ်ယူမှုရှိ၍ ဈေးနှုန်းများ မြင့်တက်လာခြင်းဖြစ်သည်။ နှမ်းဈေးနှုန်းများအနေဖြင့် ဖေဖော်ဝါရီနောက်ဆုံးပတ်တွင် နှမ်းနီ(၃)တင်းတစ်အိတ်လျှင် ကျပ် ၃၄၀၀၀၀၊ နှမ်းနက်(၃)တင်းတစ်အိတ်လျှင် ကျပ် ၃၇၀၀၀၀ နှင့် စမုန်နက်နှမ်း(၃)တင်း တစ်အိတ်လျှင် ကျပ် ၃၅၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ဇန်နဝါရီလ နောက်ဆုံးပတ်ဈေးနှင့်နှိုင်းယှဉ်လျှင် နှမ်းနီ(၃)တင်း တစ်အိတ်လျှင် ကျပ် ၅၅၀၀၀၊ နှမ်းနက်(၃)တင်း တစ်အိတ်လျှင် ကျပ် ၇၀၀၀၀ နှင့် စမုန်နက်နှမ်း(၃) တင်းတစ်အိတ်လျှင် ကျပ် ၁၀၀၀၀ ဖြင့် ဈေးနှုန်းများ မြင့်တက်လာခဲ့သည်။ နှမ်းဆီဈေးမှာ တစ်ပိဿာလျှင် ကျပ် ၁၄၅၀၀ ရှိသည်။

### Alwf;ud;wdyJ

ပြည်ဈေးကွက်တွင် တစ်ရက်လျှင် အိတ် ၃၀၀ကျော် ဝင်ရောက်ပြီး ပြည်အနီးတစ်ဝိုက်ဒေသများမှ ဝင်ရောက်ခြင်းဖြစ်ကာ လက်လီ/လက်ကား အရောင်းအဝယ်သွက်နေခဲ့သည်။ ပဲတစ်တင်းလျှင် ကျပ် ၇၃၀၀၀ဈေးပေါက်နေပြီး ယခင်လကုန်ပတ်က ပဲတစ်တင်း ကျပ် ၇၇၀၀၀ထိရှိခဲ့သဖြင့် တစ်တင်း ကျပ် ၄၀၀၀ ခန့် လျော့နည်းသွားခဲ့သည်။

### ypJifkH

ပြည်ပဲဈေးကွက်မှာ ပဲစင်းငုံသီးနှံသစ်များ အဝင်ဆက်တိုက်ရှိလာပြီး တစ်ရက်အိတ် ၄၀၀ကျော် ဝင်ရောက်ခဲ့သည်။ ပြည်ဈေးကွက်သို့ ပန်းတောင်း၊ ဥသျှစ်ပင်ဘက်မှ နေ့စဉ် ဝင်ရောက်လာခြင်းဖြစ်ပြီး ဝယ်လိုအားအနေဖြင့် ရန်ကုန်ဝယ်လက် အဓိကထား ဝယ်ယူသဖြင့် ပဲဈေးနှုန်းမှာ တစ်တင်း ကျပ် ၁၁၈၀၀၀ မှ ကျပ် ၁၁၉၀၀၀ အထိ ဈေးရရှိ၍ ဈေးကွက်အတွင်း ဖေဖော်ဝါရီနောက်ဆုံးပတ်တွင် ဈေးအမြင့်ဆုံးရလျက်ရှိသည်။ ယခင်နှစ်က ကာလတူ ပေါက်ဈေးနှုန်းမှာ တစ်တင်းကျပ် ၆၇၅၀၀ သာရရှိခဲ့သည့်အတွက် ယခုနှစ်တွင် ပဲစင်းငုံသီးနှံသည် ဈေးကောင်းဝင် သီးနှံတစ်မျိုးဖြစ်နေခဲ့သည်။

### yWpdf

ပြည်ပဲဈေးကွက်၌ ဖေဖော်ဝါရီလတွင် ပဲအဝင်ပါးခဲ့ပြီး အိတ်အနည်းငယ်သာ ဝင်ရောက်မှုရှိခဲ့သည်။ အခြားပဲများဖြစ်သော မတ်ပဲ၊ ကုလားပဲ၊ ပဲစင်းငုံသီးနှံများ အဝင်လှိုင်ချိန်တွင် ပဲတီစိမ်းသီးနှံ အဝင်နည်းသွားသလို ဈေးနှုန်းအနေဖြင့်လည်း ပဲတစ်တင်း ကျပ် ၇၃၀၀၀ ဖြင့် ရောင်းဝယ်လျက်ရှိခဲ့သည်။ ပဲသစ်ပေါ်စအချိန်က တစ်တင်းလျှင် ကျပ် ၆၀၀၀၀ ကျော်ဖြင့် အဖွင့်ဈေးထက် ဈေးပိုရလျက်ရှိသည်။

### rwfyJ

မတ်ပဲသီးနှံသည် ဇန်နဝါရီလအတွင်းမှစ၍ပဲသစ်များဝင်ရောက်လာပြီး ယခုအချိန်တွင် ပဲအထွက်လှိုင်လာပြီဖြစ်သဖြင့် တစ်ရက်လျှင် အိတ်၇၀၀ကျော်၊၈၀၀အထိ ပြည်အနီးတစ်ဝိုက်ဒေသများမှဝင်ရောက်ခဲ့သည်။ ယခုကာလ ပဲလှောင်သမားထက် လိုင်းသမားများ ပိုအဝယ်ဖြစ်ကာ ဝင်ရောက်လာသမျှ အရောင်းအဝယ်ဖြစ်ကြသည်။ ရန်ကုန်ဝယ်လက် အဓိကဝယ်ယူမှုရှိပြီး ပဲဈေးနှုန်းအနေဖြင့် ပိဿာ ၂၀တစ်တင်းလျှင် ကျပ် ၉၅၅၀၀ ဖြင့်သာ ပဲဈေးနှုန်း လျော့နည်းသွားခဲ့သည်။ ပဲသစ်ပေါ်စချိန်တွင် ပဲတစ်တင်း တစ်သိန်းကျော်ထိရရှိခဲ့ကာပဲအထွက်လှိုင်ချိန်တွင် ကျပ် တစ်သိန်းအောက်သာ ရရှိသည်။ မတ်ပဲသီးနှံ၏ နှစ် အလိုက် ကာလတူဈေးနှုန်းများမှာ-

| စဉ် | ခုနှစ် | ဈေးနှုန်း |
|---|---|---|
| ၁ | ၂၀၂၁ | ၃၁၇၀၀ |
| ၂ | ၂၀၂၂ | ၃၉၀၀၀ |
| ၃ | ၂၀၂၃ | ၆၃၀၀၀ |
| ၄ | ၂၀၂၄ | ၉၅၅၀၀ |



## မုံရွာမြို့နယ်၌ ကွမ်းဈေးနှုန်းများ ဆက်လက် ကျဆင်းနေ

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၌ ကွမ်းကို မိမိတို့ အိမ်ခြံဝင်းအတွင်း တစ်နိုင်တစ်ပိုင်အနေဖြင့်လည်းကောင်း၊ အပိုဝင်ငွေရရှိရန်အတွက်လည်းကောင်း စိုက်ပျိုးကြကြောင်း၊ ကွမ်းကို ဆောင်းစိုက်နှင့်မိုးစိုက်ဟူ၍ နှစ်မျိုးခွဲ၍ စိုက်ပျိုးကြရာ မိုးစိုက်သည် ပိုးကျလွယ်သည့်အတွက် အနည်းငယ်သာ စိုက်ပျိုးကြပြီး ဆောင်းစိုက်ကိုသာ ပိုမိုစိုက်ပျိုးကြကြောင်း သိရသည်။

မုံရွာမြို့နယ်၌ ဖြစ်ပေါ်နေသော ကွမ်းဈေးနှုန်းများအနေဖြင့်အရည်အသွေးအပေါ် မူတည်၍ ဇန်နဝါရီလ နောက်ဆုံးပတ်တွင် ကွမ်း တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀၀- ၁၉၀၀၀ များဖြင့်လည်းကောင်း၊ ဖေဖော်ဝါရီလတတိယပတ်တွင် ငွေကျပ် ၆၀၀၀-၉၀၀၀ များဖြင့်လည်းကောင်း၊ ဖေဖော်ဝါရီလ စတုတ္ထပတ်တွင် ငွေကျပ် ၅၀၀၀-၇၀၀၀ များဖြင့်လည်းကောင်း ရောင်းချလျက်ရှိကြောင်း၊ ဆောင်းအကုန်နွေဦးရာသီတွင် ကွမ်းအထွက်နှုန်းတိုးပြီး ဈေးကွက်အတွင်း ဝင်ရောက်မှုများကာ ဈေးနှုန်းကျဆင်းလျက်ရှိကြောင်း ကွမ်းစိုက်တောင်သူများထံမှ သိရှိရသည်။

DOCA (စစ်ကိုင်း)

## ယောဒေသထွက် ယောလုံချည်ကွင်းများ၏ ဈေးနှုန်းဈေးကွက်

ယောဒေသထွက်လုံချည်ကွင်းများကို ယောဒေသဖြစ်သော ဂန့်ဂေါမြို့ပေါ်တွင်သာမက နယ်များတွင်လည်း ယောလုံချည် "ကျား"ဝတ်၊ "မ"ဝတ်များ ရက်လုပ်လျက်ရှိသည်။ ယောလုံချည် ကျားဝတ်၊ မဝတ်များကို အသုံးပြုသော ချည်များမှာ အများအားဖြင့် အိန္ဒိယ ချည်များကို အသုံးပြုကြပြီး အပွင့်ကောက်လေးများကို ပိုးချည်၊ ရိုးရိုးချည်များကို အသုံးပြု၍ ရက်လုပ်ကြသည်။ ယောချည်ထည်များ ယက်လုပ်ရာတွင် "မ"ဝတ်ပွင့်ကောက်လုံကွင်းများကို တစ်ရက်လျှင် တစ်ထည်နှုန်းဖြင့် တောင်သူလုပ်ငန်းများနှင့်တွဲဖက်၍ လုပ်ကိုင်ကြသည်။ လုပ်သားခအနေဖြင့် လုံချည်အမျိုးအစားလိုက်၍ တစ်ကွင်းလျှင် ကျပ် ၅၀၀၀ မှ ၁၀၀၀၀ထိ ရှိကြောင်း ရက်ကန်း လုပ်သားများထံမှ သိရသည်။

ရက်ကန်းရက်လုပ်သော ရွာများမှာ ဝက်သက်၊ ဝါးဖိုးချောင်၊ အုန်းချောင်း၊ ရွှေကုန်တိုင်၊ အိုင်းမ၊ လောင်းဘိုလေး၊ လောင်းဖိုကြီး၊ အုန်းတွဲနှင့် ထီးလင်းမြို့နယ်ရှိ ရွာများမှ ရက်လုပ်ကြပြီး ထွက်ရှိသော ယောလုံချည်"မ"ဝတ်များမှာ စပေ့၊ နှင်းဆီခိုင်၊ စပယ်ထွာပို၊ နှင်းဆီခိုင်ရိုးရိုး၊ နှင်းဆီစစ်နှင့် "ကျား"ဝတ်ပုဆိုးများမှာ ကင်းတဒ်၊ ကွက်တူ၊ စောင်းကောက်၊ ကျေးရုပ်၊ အင်းမကွက် (မယားခိုးကွက်)၊ ထီးလင်း၊ ဂန့်ဂေါစပယ်ရှယ်များ ထွက်ရှိပြီး ဈေးနှုန်းများမှာလည်း အမျိုးအစားများကို လိုက်၍ ကွဲပြားခြားနားကြသည်။

ဈေးနှုန်းများအနေဖြင့် "မ"ဝတ်လုံချည်ကွင်းများဖြစ်သော စပေ့လုံချည်ကွင်း တစ်ကွင်းလျှင် ကျပ် ၁၆၀၀၀၊ စပေ့ဝမ်းဆက် တစ်ကွင်းလျှင် ကျပ် ၂၇၀၀၀ ၊ နှင်းဆီခိုင်တစ်ကွင်းလျှင် ကျပ် ၂၇၀၀၀၊ နှင်းဆီစစ် တစ်ကွင်းလျှင် ကျပ် ၂၃၀၀၀ ၊ နှင်းဆီခိုင်ရိုးရိုးတစ်ကွင်းလျှင် ကျပ် ၁၉၀၀၀၊ စပယ်ထွာပို တစ်ကွင်းလျှင် ကျပ် ၁၈၀၀၀ တို့ဖြစ်သည်။

"ကျား"ဝတ်လုံချည်ကွင်းများ၏ ဈေးနှုန်းများမှာ nK ၊ ကျေးရုပ်၊ ကင်းတဒ်၊ ထီးလင်း တစ်ကွင်းလျှင်ကျပ် ၁၇၀၀၀၊ ကင်းတဒ်တစ်ကွင်းလျှင် ကျပ်၁၂၀၀၀ ၊ကွက်တူတစ်ကွင်းလျှင် ကျပ်၁၁၀၀၀၊ အင်းမကွက်(မယားခိုးကွက်)တစ်ကွင်းလျှင် ကျပ် ၁၈၀၀၀ နှင့် မျက်နှာသုတ်တဘက် တစ်ထည်လျှင် ကျပ် ၄၀၀၀ ဖြစ်ပြီး မြန်မာနိုင်ငံ အနှံ့အပြားသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ယောလုံချည်ကွင်းများ ဖြန့်ဖြူးသူထံမှ သိရှိရသည်။

လှိုင်ဥမ္မာဦး(ပခုက္ကူ)

## မုံရွာမြို့ ချင်းတွင်းရတနာဈေးအတွင်း ရောင်းချနေသော အခြေခံစားကုန်ဈေးနှုန်းများ အခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ ဈေးများတွင် ဖေဖော်ဝါရီလ စတုတ္ထပတ်အတွင်း ရွှေဘိုပေါ်ဆန်း(သစ်) တစ်အိတ်လျှင် ကျပ် ၁၅၀၀၀၀၊ ရွှေဘိုပေါ်ဆန်း(ဟောင်း) တစ်အိတ်လျှင် ကျပ် ၁၆၀၀၀၀၊ ဧရာမင်း(ဆန်)(သစ်)တစ်အိတ်လျှင် ကျပ်၁၃၀၀၀၀၊ ဧရာမင်း(ဆန်)(ဟ)တစ်အိတ်လျှင် ကျပ် ၁၅၀၀၀၀၊ ဧည့်မထဆန်(သစ်) တစ်အိတ်လျှင် ကျပ် ၈၅၀၀၀၊ ဧည့်မထဆန်(ဟောင်း) တစ်အိတ်လျှင် ကျပ် ၁၀၅၀၀၀၊ ပဲဆီတစ်ပိဿာလျှင် ကျပ် ၁၂၅၀၀၊ နှမ်းဆီ (တစ် ပိဿာ) လျှင် ကျပ် ၁၂၅၀၀၊ နေကြာဆီ(တစ်ပိဿာ)လျှင် ကျပ် ၁၂၅၀၀၊ စားအုန်းဆီ(တစ်ပိဿာ) လျှင် ကျပ် ၅၉၀၀၊ ဆား (တစ်ပိဿာ)လျှင် ကျပ် ၇၀၀ မှ ၈၀၀ ၊ ငရုတ်ခြောက် (တစ်ပိဿာ)ကျပ် ၁၁၅၀၀ မှ ၁၂၀၀၀၊ ကြက်သွန်နီ (သစ်) တစ်ပိဿာ ကျပ် ၂၃၀၀မှ ၂၅၀၀၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာ ကျပ် ၁၅၅၀၀ မှ ၁၆၀၀၀၊ ကြက်သွန်ဖြူ (ကြူကုတ်) (တစ်ပိဿာ) ကျပ် ၁၁၀၀၀မှ ၁၂၀၀၀၊ အာလူး(တစ်ပိဿာ) ကျပ် ၂၆၀၀ မှ ၂၈၀၀၊ မန်ကျည်းသီးမှည့် တစ်ပိဿာလျှင် ကျပ် ၂၈၀၀မှ ၃၀၀၀၊ နနွင်းတက်တစ်ပိဿာလျှင် ကျပ်၁၀၅၀၀ မှ ၁၁၀၀၀၊ ခရမ်းချဉ်သီး တစ်ပိဿာ ကျပ် ၆၀၀၊ ဂေါ်ဖီထုတ် တစ်ထုပ် ကျပ် ၅၀၀၊ ပဲသီး (ပဲတောင့်ရှည်) တစ်စည်း ကျပ် ၃၀၀၊ ကြက်သား တစ်ပိဿာလျှင် ကျပ် ၉၀၀၀ မှ ၉၅၀၀၊ ဝက်သား တစ်ပိဿာလျှင် ကျပ် ၁၇၀၀၀ မှ ၁၇၀၀၀၊ အမဲသား တစ်ပိဿာလျှင် ကျပ် ၁၄၀၀၀ မှ ၁၅၀၀၀၊ ဆိတ်သား တစ်ပိဿာလျှင် ကျပ် ၁၉၀၀၀ မှ ၂၀၀၀၀ ငါးမြစ်ချင်း တစ်ပိဿာလျှင် ကျပ် ၉၅၀၀ မှ ၁၀၀၀၀ အတွင်း အသီးသီး ဈေးရှိကြောင်း သိရသည်။

ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက အခြေခံစားကုန်များဖြစ်သည့် အသား/ငါး နနွင်းတက်၊ ကြက်သွန်/ဖြူနီ ခရမ်းချဉ်ဈေးနှုန်းအနည်းငယ် အတက်အကျရှိနေပြီးစားအုန်းဆီဈေးနှုန်းများ ရည်ညွှန်းဈေးပေါ် မူတည်၍ ဈေးနှုန်းအပြောင်းအလဲရှိပါကြောင်း ချင်းတွင်းရတနာဈေးရှိ လက်လီ လက်ကား ရောင်းဝယ်ဖောက်ကား ရောင်းချနေသောကုန်သည် များထံမှ သိရှိရသည်။

ခင်မို့မို့ငြိမ်း (မုံရွာ)

# ဆန်တန်ချိန် ၁ ဒသမ ၆ သန်း အင်ဒိုနီးရှား ထပ်မံ တိုးမြှင့်တင်သွင်းမည်




အင်ဒိုနီးရှားနိုင်ငံတွင် နိုင်ငံတော်ထောက်ပံ့ပို့ဆောင်ရေးအေဂျင်စီ (Bulog)၏ စီမံခန့်ခွဲမှုဖြင့် အရန်ဆန်များ ဖြည့်တင်းနိုင်ရေးအတွက် ဆန်တန်ချိန် ၁ဒသမ၆သန်း ထပ်မံတင်သွင်းရန် အစိုးရအနေဖြင့် ပြင်ဆင်လျက်ရှိသည်ဟု အင်ဒိုနီးရှားအမျိုးသားစားနပ်ရိက္ခာအေဂျင်စီ (Bapanas)က ကြေညာချက်ထုတ်ပြန်ခဲ့ကြောင်း သိရှိရသည်။

အရန်ဆန်ထားရှိရန် အမှန်တကယ် လိုအပ်ချက်မှာ တန်ချိန် ၃သန်းဖြစ်ပြီး Bulogတွင် အနည်းဆုံး ဆန်တန်ချိန် ၁ ဒသမ ၂သန်း ထားရှိနိုင်အောင် ဆောင်ရွက်ရန် နိုင်ငံတော်သမ္မတက လမ်းညွှန်ထားကြောင်း Bapanas၏ အကြီးအကဲဖြစ်သူ Arief Prasetyo Adi က ဂျကာတာရှိ သမ္မတအိမ်တော်၌ ဖေဖော်ဝါရီ ၂၆ ရက်တွင် ပြောကြားခဲ့သည်။ အစိုးရသည် နိုင်ငံတော် အရန်ရိက္ခာဆန်အတွက် ဆန်တန်ချိန် ၂သန်း တင်သွင်းရန် ခွဲတမ်းချထားပြီး ၎င်းခွဲတမ်းအရတင်သွင်းသည့်ဆန်သည် တန်ချိန် ၅သိန်းသာရှိသေးကြောင်း၊ နိုင်ငံ၏နေရာဒေသများစွာ၌ ရိတ်သိမ်းအခြေက်လွန်ပြီးသောစပါး ၁ ကီလိုဂရမ်လျှင် အင်ဒိုနီးရှားရူပီးငွေ ၈၀၀၀ မှ ၈၆၀၀ အတွင်းရှိသော ဈေးနှုန်းဖြင့် လယ်သမားများက ရောင်းချလျက်ရှိရာ လက်ရှိကာလတွင် ဆန်ဈေးနှုန်းသည် ၁ ကီလိုဂရမ်လျှင် အင်ဒိုနီးရှားရူပီးငွေ ၁၆၀၀၀ (၁. ၀၂ အမေရိကန်ဒေါ်လာ) အထက်ရှိကြောင်းMr. Adi ၏အဆိုအရ သိရသည်။

အင်ဒိုနီးရှားအစိုးရသည် စားနပ်ရိက္ခာထောက်ပံ့ရေးနှင့်ဈေးနှုန်းတည်ငြိမ်ရေးအစီအစဉ်မှတစ်ဆင့် ပြည်သူလူထုထံသို့ ဆန်တန်ချိန် ၂၅၀၀၀၀ ကို အမြင့်ဆုံးလက်လီဈေးနှုန်းသတ်မှတ်ချက်ဖြင့် ရောင်းချပေးရန် Bulog အား တာဝန်ပေးအပ်ထားသည်။ ထို့အပြင် ၅ ကီလိုဂရမ်ဝင် ဆန်အိတ်များကို ထုပ်ပိုး၍ လက်လီအရောင်းဆိုင်များနှင့် သမားရိုးကျဈေးများသို့ အမြောက်အမြား ဖြန့်ဖြူးပေးရန် ဆန်စက်လုပ်ငန်းရှင်များအား အစိုးရက တိုက်တွန်းထားသည်။ **DHTSN, DOCA**

**Source ; Vietnam Plus 27 Feb 2024,**

# တောင်ကိုရီးယားနိုင်ငံသို့ မြန်မာ့ဆား တန်ချိန် ၅၀၀၀ ခန့် တင်ပို့ရန် လျာထား



ယခု ၂၀၂၄ ခုနှစ်အတွင်း တောင်ကိုရီးယားနိုင်ငံသို့မြန်မာ့ဆား တန်ချိန် ၅၀၀၀ ခန့် တင်ပို့ရန် လျာထားကြောင်း မွန်ပြည်နယ် ဆားလုပ်ငန်းရှင်များအသင်းမှ သိရသည်။

လက်ရှိတွင် တောင်ကိုရီးယားနိုင်ငံသို့ မွန်ပြည်နယ်မှထွက်ရှိသည့် ဆားကို အဓိကတင်ပို့နေပြီး နောက်ပိုင်းတွင် ဧရာဝတီတိုင်းမှထွက်ရှိသည့် ဆားကိုလည်း တင်ပို့ရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါ တောင်ကိုရီးယားနိုင်ငံသို့ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း ဆားတန်ချိန် ၅၀၀ ခန့် တင်ပို့ထားပြီး ယင်းနိုင်ငံတွင် မြန်မာ့ဆားဈေးကွက်ရှိသည့်အတွက် ဈေးကောင်းရနေကြောင်း သိရသည်။

ထို့ကြောင့် ထပ်မံ၍ တန်ချိန် ၃၀၀၀၀ ခန့် တင်ပို့ခွင့်ရရှိပါက ဧရာဝတီတိုင်းဒေသကြီးမှ ထွက်ရှိသည့် ဆားများကိုပါ တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိ ဆားဈေးကွက်တွင် ဆားချောတစ်ပိဿာ ကျပ် ၂၈၀ အထိ ဈေးနှုန်းရရှိနေပြီး တစ်ပိဿာလျှင် ကျပ် ၅၀ အထိ မြင့်တက်လာခဲ့ကာ ဆားကြမ်း တစ်ပိဿာလျှင် ၁၇၀ ကျပ် အထိ ဈေးရရှိနေကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် လွန်ခဲ့သည့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ဆားရာသီ၌ မိုးရွာသွန်းမှုကြောင့် ဆားတန်ချိန် တစ်သိန်းခန့်သာ ထွက်ရှိခဲ့သော်လည်း ပြီးခဲ့သည့် ၂၀၂၂-၂၀၂၃ ဆားရာသီတွင် ရာသီဥတုကောင်းမွန်မှုကြောင့် တန်ချိန်၁၄၂၀၀၀ အထိ ထွက်ရှိခဲ့ပြီး ယခု ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင်လည်း အယ်လ်နီညိုရာသီဥတုကြောင့် အထွက်နှုန်း ဆက်လက်ကောင်းမွန်နိုင်ကြောင်း သိရသည်။ **ပန်းဆု**

# တရုတ်နိုင်ငံသို့ မြန်မာ့တစ်သျှူးငှက်ပျော တန်ချိန် လေးသိန်းနီးပါး တင်ပို့ထား

ကချင်ပြည်နယ်မှ စိုက်ပျိုးထွက်ရှိသည့် မြန်မာ့တစ်သျှူးငှက်ပျောများကို တရုတ်နိုင်ငံသို့ တန်ချိန် လေးသိန်းနီးပါး တင်ပို့ထားကြောင်း ကချင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပြီးခဲ့သည့် ၂၀၂၂-၂၀၂၃ ကာလတူနှင့်နှိုင်းယှဉ်ပါက ယခုနှစ်တွင် ပိုမိုတင်ပို့နိုင်ခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် ကချင်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၌ တရုတ်နိုင်ငံသို့ တစ်သျှူးငှက်ပျောတင်ပို့ရန် မှတ်ပုံတင်ထားသည့် ကုမ္ပဏီ ၃၂ ခုရှိကြောင်း သိရသည်။

တစ်သျှူးငှက်ပျောကို ကချင်ပြည်နယ်အတွင်း ဧက ခြောက်သောင်းကျော် စိုက်ပျိုးလျက်ရှိပြီး ကချင်ပြည်နယ်ရှိ မိုးမောက်မြို့နယ်၊ မံစီမြို့နယ်၊ ရွှေကူမြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ငါးအိုးမြို့နယ်တို့၌ အများဆုံး စိုက်ပျိုးနေခြင်းဖြစ်သည်။

ကံပိုက်တည်နယ်စပ် ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ခဲ့သည့် ပို့ကုန်အမယ်များအနက် တစ်သျှူးငှက်ပျော တင်ပို့မှု အများဆုံးဖြစ်ပြီး ငှက်ပျောသီး(ရိုးရိုး)ကို မြန်မာ-ထိုင်းနယ်စပ်မှ အများဆုံးတင်ပို့လျက်ရှိကြောင်း သိရသည်။ **ပန်းဆု**

# ငှက်ပျောလျှော် တန်ဖိုးမြှင့်ထုတ်ကုန် ပြည်ပကမ်းလှမ်းမှု များလာ

မြန်မာနိုင်ငံအတွင်း ထုတ်လုပ်နေသည့် ငှက်ပျောလျှော် တန်ဖိုးမြှင့်ထုတ်ကုန်များကို ပြည်ပနိုင်ငံအချို့သို့ တင်ပို့နေရပြီး ဈေးကွက်သစ်နိုင်ငံအချို့ကလည်း ဝယ်ယူရန် ကမ်းလှမ်းမှုများရှိလာကြောင်း လုပ်ငန်းရှင်များဆီက သိရသည်။

ငှက်ပျောလျှော်မှ ထုတ်လုပ်သည့်ပစ္စည်းများကို ထိုင်းနှင့်ကမ္ဘောဒီးယားနိုင်ငံတို့သို့ တင်ပို့ရောင်းချနေရပြီး လက်ရှိတွင် ဈေးကွက်သစ်အနေဖြင့် ဂျပန်နိုင်ငံက ကမ်းလှမ်းလာခြင်းဖြစ်ကြောင်း ငှက်ပျောလျှော်မှနေ၍ အဝတ်အထည်ထုတ်လုပ်နေသည့်လုပ်ငန်းရှင်က မတ်လ ၁ ရက်တွင် ပြောသည်။

"ပြည်ပနိုင်ငံတွေက မြန်မာ့ငှက်ပျောလျှော်က ထုတ်တဲ့ အဝတ်အထည်တွေနဲ့ ပုဝါတွေကို ကြိုက်ကြတယ်။ ဒါပေမဲ့ သူတို့မှာသလောက် မပို့နိုင်သေးဘူး။ ကုန်ကြမ်းက အခက်အခဲမရှိဘူး၊ ပေါတယ်။ အဓိကက လိုသလောက်ထုတ်နိုင်တဲ့စက် မရှိသေးတာဘဲ။ အစိုးရဘက်က ပံ့ပိုးမှုတွေ၊ နည်းပညာတွေ ပေးလာမယ်ဆိုရင်တော့ ဈေးကွက်က ပိုကျယ်ပြန့်လာမှာပါ"ဟု ၎င်းက ပြောသည်။

ငှက်ပျောလျှော် တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်နိုင်ရန်အတွက် ကုန်ကြမ်းအနေနှင့် အခက်အခဲမရှိသော်လည်း ချုပ်ကျစ်ရန်အတွက် စက်ပစ္စည်းကိရိယာများ လိုအပ်နေခြင်း ဖြစ်သည်ဟု ဆိုသည်။

လက်ရှိတွင် အဆိုပါ တန်ဖိုးမြှင့်ထုတ်ကုန်များထဲမှ ညှပ်ဖိနပ်၊ အိတ်၊ ဦးထုပ်နှင့် သော့ချိတ်များကို ပြည်တွင်းဈေးကွက်၌ ရောင်းချနေရပြီး အဝတ်အထည် အစများကို ပြည်ပသို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

ပြည်တွင်း၌ ရောင်းချလျက်ရှိသည့်ဈေးနှုန်းများမှာ ငှက်ပျောလျှော် အမျိုးသားစီး ညှပ်ဖိနပ်တစ်ရံလျှင် ကျပ် ၇၀၀၀၊ အမျိုးသမီးစီး ညှပ်ဖိနပ်တစ်ရံလျှင် ကျပ် ၅၀၀၀၊ လေဒီရှူးတစ်ရံ ကျပ် ၃၅၀၀၀၊ အိတ်တစ်လုံး ကျပ် ၉၀၀၀ မှ ၂၀၀၀၀၊ ဦးထုပ်တစ်လုံး ၁၂၀၀၀ ကျပ်၊ သော့ချိတ်တစ်ခု ကျပ် ၅၀၀၀ နှင့် ပိုက်ဆံအိတ်တစ်လုံး ကျပ် ၁၅၀၀၀မှ ၃၅၀၀၀ အထိ ဈေးရရှိကြောင်း သိရသည်။ ငှက်ပျောချည် အဝတ်အထည်များမှာ အေးမြပြီး ချွေးထွက်နည်း၊ ပေါ့ပါးသည့်အတွက် ပြည်ပနိုင်ငံများက ကြိုက်နှစ်သက်ကြကြောင်း သိရသည်။ **ပန်းဆု**

# နနွင်းဈေးနှုန်းဈေးကွက်အခြေအနေ

ကျောက်ဆည်ခရိုင်အတွင်း နနွင်းများကို ယခုနှစ် ပထမပတ်မှစတင်၍ တူးဖော်လျက်ရှိရာ ယခုအချိန်တွင် နနွင်းများ လှိုင်လှိုင်ထွက်ပေါ် လျက်ရှိသည်။

နနွင်းစတင်တူးဖော်ချိန်တွင် ဈေးနှုန်းများ ကောင်းမွန်လျက်ရှိပြီး တောဝယ် နနွင်းအစိုတစ်တင်းလျှင် ကျပ် ၁၂၅၀၀-၁၄၀၀၀ အထိရောင်းချခဲ့ပြီး ဖေဖော်ဝါရီဒုတိယပတ်မှစတင်၍ နနွင်းဈေးများ ကျဆင်းလာပြီး တောဝယ် နနွင်းအစိုတစ်တင်းလျှင် ကျပ် ၁၁၂၀၀-၁၁၆၀၀ အထိ ကျဆင်းခဲ့သည်။ ၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလတွင် နနွင်းတက်တစ်တင်းလျှင် ကျပ် ၈၈၀၀၊ နနွင်းတက်အခြောက် တစ်ပိဿာလျှင် ကျပ် ၃၆၀၀၊ နနွင်းမှုန့်တစ်ဗူးလျှင် (၈၀၀-၁၀၀၀)ကျပ် ဈေးနှုန်းများဖြင့် ရောင်းဝယ်လျက်ရှိပြီး ယခုဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင် တောဝယ် နနွင်းတက်စိုတစ်တင်းလျှင် ၁၁၂၀၀ကျပ်၊ နနွင်းတက်အခြောက် တစ်ပိဿာလျှင် (၅၅၀၀)ကျပ်၊ နနွင်းမှုန့်တစ်ဗူးလျှင်(၁၀၀၀-၁၂၀၀)ကျပ် ဈေးများဖြင့် ရောင်းချရကြောင်း၊ နနွင်းများကိုပွဲစားများမှ အငင်းထဲအရောက်လာရောက်ဝယ်ယူပြီး နနွင်းကို ရေနွေးဖျော အခြောက်ခံကာ မြို့ပေါ်ပွဲရုံများသို့သွားရောက်ရောင်းချကြောင်း၊ အချို့ပွဲစားများအနေဖြင့် နနွင်းတက်အခြောက်များကို လှောင်ထားပြီး ဈေးနှုန်းမြင့်တက်ချိန်မှသာ ထုတ်ရောင်းကြကြောင်း၊ နနွင်းများကို ပွဲရုံများမှတစ်ဆင့် ရန်ကုန်-မန္တလေးမြို့များသို့ တင်ပို့ရောင်းချကြကြောင်းသိရသည်။ **မော်မော်အောင်**





# "မြန်မာပြည်မှာ ထုတ်လုပ်နေတဲ့ နိုင်ငံခြားကုမ္ပဏီ ဖြစ်စေ၊ Joint Venture ဖြစ်စေ၊ မြန်မာကုမ္ပဏီဖြစ်စေ မြန်မာပြည်မှာ တကယ်စက်ရုံရှိတဲ့ ကုမ္ပဏီတွေအနေနဲ့ ပဲရစ်ပြပွဲမှာ လာရောက်ပြသလို့ရပါတယ်"

## Su Shwe Nadi Trading & Consultancy မန်နေဂျင်းဒါရိုက်တာ ဒေါ်သက်စုလှိုင်နှင့် တွေ့ဆုံမေးမြန်းခြင်း

**ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့တွင် ၂၀၂၄ ခုနှစ်ဇူလိုင် ၁ ရက်မှ ၃ ရက်ထိ ဥရောပသမဂ္ဂ၊ အမေရိကန်အပြင် နိုင်ငံတကာမှ လုပ်ငန်းရှင်များ၊ ဝယ်လက်များ လာရောက်ကြမည့် ချည်မျှင်နှင့် အထည်အလိပ်ပြပွဲကြီးအား စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။ ယင်းပြပွဲကြီးတွင် မြန်မာနိုင်ငံမှ အထည်ချုပ်လုပ်ငန်းရှင်များ ပါဝင်ပြသနိုင်ရေးအတွက် Messe Frankfurt France ၏ Texworld Evolution Pairs နှင့် Apparel Sourcing Paris ကုန်စည်ပြပွဲ မိတ်ဆက်ပွဲကို ဖေဖော်ဝါရီ ၂၆ ရက်က ရန်ကုန်မြို့ရှိ Lotte ဟိုတယ်တွင် ကျင်းပခဲ့သည်။ သို့ဖြစ်ရာ ယင်းပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင်ကျင်းပမည့် ချည်မျှင်နှင့် အထည်အလိပ်ပြပွဲကြီးတွင် မြန်မာပြည်မှလုပ်ငန်းရှင်များ ဝင်ရောက်ပြသခြင်းအားဖြင့် မည်သို့ အကျိုးကျေးဇူးများ ရရှိနိုင်ပါသလဲဆိုခြင်းနှင့် ယင်းပြပွဲအကြောင်းအား Messe Frankfurt ၏ မြန်မာပြည်ကိုယ်စားလှယ်အဖြစ် တာဝန်ယူထားသည့် Su Shwe Nadi Trading & Consultancy မန်နေဂျင်းဒါရိုက်တာ ဒေါ်သက်စုလှိုင်နှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ရပါသည်။**

**ပြင်သစ်နိုင်ငံ ပဲရစ်မြို့မှာ ကျင်းပမယ့် ချည်မျှင်နှင့်အထည်အလိပ် ပြပွဲအကြောင်း ပြောပြပေးပါဦး။**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့မှာ ပြုလုပ်မယ့် Messe Frankfurtရဲ့ ချည်မျှင်နှင့် အထည်အလိပ်ပြပွဲဖြစ်ပါတယ်။ အဲဒီပြပွဲကိုလည်း မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းကနေပြီးတော့ သွားရောက်ပြသ နေတာ ၂၀၁၅ ခုနှစ်ကတည်းက သွားရောက်ပြသနေတာပါ။ ပွဲအတွက်ကို ရည်ရွယ်ပြီးတော့ ပြင်သစ်နိုင်ငံ Messe Frankfurt ရဲ့ စီအီးအိုက မြန်မာပြည်ကိုလာရောက်ပြီးတော့ အထည်ချုပ်လုပ်ငန်းရှင်တွေနဲ့ လာရောက်တွေ့ဆုံတယ်။ ပဲရစ်မြို့မှာရှိတဲ့ Messe Frankfurtu ပြုလုပ်နေတဲ့ ချည်မျှင်နှင့် အထည်အလိပ်ပြပွဲတွေမှာ မြန်မာပြည်မှာ ထုတ်လုပ်နေတဲ့ နိုင်ငံခြားကုမ္ပဏီဖြစ်စေ၊ Joint Venture ဖြစ်စေ၊ မြန်မာကုမ္ပဏီဖြစ်စေ မြန်မာပြည်မှာ တကယ်စက်ရုံရှိတဲ့ ကုမ္ပဏီတွေအနေနဲ့ ပဲရစ်ပြပွဲမှာ လာရောက်ပြသလို့ရတယ်ဆိုတာကို ဆိုလိုခြင်းဖြစ်ပါတယ်။ အဲဒီပြပွဲမှာ ချည်မျှင်နဲ့ အထည်အလိပ်တွေပြသမယ်။အဲဒါနဲ့ပတ်သက်တဲ့ နည်းပညာတွေ ပြသမယ်။ နောက်ပြီးတော့ သူနဲ့ဆက်စပ်နေတဲ့ ထုတ် ကုန်တွေရယ် လည်သာနဲ့ပတ်သက်တာတွေ၊ ဖက်ရှင် accessories တွေကို ပြသမှာဖြစ်ပါတယ်။ အထည်ချုပ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက်ကလည်း ကျွန်မတို့အနေနဲ့ ဦးတည်ထားခဲ့တဲ့ ပစ်မှတ် တစ်ခုဖြစ်ပါတယ်။ ဝယ်လက်အသစ်တွေ ရဖို့အတွက်ကို ဒီလိုပွဲမျိုးတွေမှာ ပြသခြင်းအားဖြင့် မြန်မာပြည်မှာ အထည်ချုပ်နဲ့ ပတ်သက်ပြီး ဒီလိုရှိပါလားဆိုတဲ့ဟာ တစ်ခုကို ပြသရမှာဖြစ်ပါတယ်။

**ဒီပြပွဲမှာ မြန်မာပြည်က လုပ်ငန်းရှင်တွေအနေနဲ့ ပါဝင်ပြသမယ်ဆိုရင် ဘယ်လိုအကျိုးကျေးဇူးတွေ ရရှိနိုင်မလဲ။**

မြန်မာပြည်မှာက အထည်ချုပ်လုပ်သားတွေက လေးသိန်းခွဲနဲ့ ငါးသိန်းကြားမှာရှိတယ်။ အဲဒီလုပ်သားတွေရဲ့ ၉၀ ရာခိုင်နှုန်းလောက်က အမျိုးသမီးတွေလို့ သိရပါတယ်။ နောက်တစ်ခုက အထည်ချုပ်ကဏ္ဍဆိုတာက အားလုံးသိတဲ့အတိုင်း ကမ္ဘာပေါ်မှာ ဈေးသက်သာတဲ့ဘက်ကို သွားကြတာပဲလေ။ ဒါပေမယ့် မြန်မာနိုင်ငံလို ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေနဲ့ ရလာတဲ့အခွင့်အရေးကို အကောင်းဆုံးအသုံးချနိုင်ဖို့ လိုအပ်တယ်လို့ မြင်မိပါတယ်။



ပဲရစ်မှာလုပ်မယ့်ပြပွဲမှာ မြန်မာအထည်ချုပ် လုပ်ငန်းရှင်တွေအနေနဲ့ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်အသင်းကနေပြီးတော့ သွားရောက်ပြသမယ်ဆိုလို့ရှိရင် ပြောလို့ရတာက ပြည်တွင်းမှာထိုင်ပြီးတော့ ကြည့်နေတာထက်စာရင် ဒီလိုပြပွဲတွေကို သွားရောက်မယ်ဆိုရင် နိုင်ငံတကာက လုပ်ငန်းရှင်တွေ၊ နိုင်ငံတကာက ဝယ်လက်တွေနဲ့ ချိတ်ဆက်ခွင့်ရမယ်။ အဲဒီပြပွဲတွေမှာက ဥရောပသမဂ္ဂ၊ အမေရိကန်တို့လို နိုင်ငံတွေက ဝယ်လက်တွေအများဆုံးလာတာဖြစ်တဲ့အတွက် ဘယ်လိုအကျိုးကျေးဇူးရှိမလဲဆိုတော့ အပြင်ကိုထွက်မယ်ဆိုရင်တော့ အများကြီးအကျိုးရှိနိုင်ပါတယ်။ ဒီအတိုင်း ထိုင်ကြည့်နေမယ်ဆိုရင် အထည်ချုပ်လုပ်ငန်းတွေက ရပ်တန့်သွားဖို့ပဲရှိမှာပါ။ အလုပ်သမားကမရှိတော့လို့ ရှာလို့မရတာထက်ရှိနေတဲ့ လုပ်သားကို ထိန်းသိမ်းနိုင်ဖို့က ပိုပြီးလိုအပ်ပါတယ်။ ဒါကတော့ တစ်ဦးချင်းကုမ္ပဏီတွေ၊ အထည်ချုပ်လုပ်ငန်းရှင်တွေရဲ့ ဆုံးဖြတ်ချက်အပေါ် မူတည်ပါတယ်။ ကျွန်မတို့အနေနဲ့ကတော့ ဒီလိုနိုင်ငံတကာပြပွဲတွေမှာ ဝင်ရောက်ပြသခြင်းအားဖြင့် ပြည်တွင်းက လုပ်ငန်းရှင်တွေအတွက် အခွင့်အလမ်းတွေအများကြီး ရရှိမယ်လို့ ထင်ပါတယ်။

### တိုပ္ပ

**မြန်မာကုမ္ပဏီတွေအနေနနဲ့ ပြပွဲမှာ ဘယ်လောက်အထိ ပါဝင်ဖို့ မျှော်မှန်းထားပါသလဲ။**

၂၀၂၃ ခုနှစ် ဇူလိုင်လမှာ မြန်မာပြည်အနေနဲ့ လုပ်ငန်းရှင်လေးဦးအပြင် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်း ရှင်အသင်းကနေပြီးတော့ သွားရောက်ပြသခဲ့တယ်။ အခုလာမယ့် ၂၀၂၄ ဇူလိုင်လမှာ ပြင်သစ်နိုင်ငံ ပဲရစ်မြို့မှာ ကျင်းပမယ့် ချည်မျှင်နှင့် အထည်အလိပ်ပြပွဲမှာ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်အသင်းအနေနဲ့ ဆက်လက်ပြီးတော့ ပြသဖို့ရည်ရွယ်ပါတယ်။

**ပြပွဲကနေတစ်ဆင့် နိုင်ငံတကာ ဝယ်လက်တွေ ဘယ်လောက်ထိ ဆွဲဆောင်နိုင်ဖို့ ရည်မှန်းထားပါသလဲ။**

၂၀၂၄ ခုနှစ်ကလည်း ၂၀၂၃ ခုနှစ်ထက် မနည်းဘဲ နိုင်ငံတကာက ဝယ်လက်တွေ အနည်းဆုံး သုံးသောင်းလောက် ဒီပြပွဲကို လာရောက်မယ်လို့ မျှော်လင့်ပါတယ်။ အဲဒါကြောင့် ဒီပြပွဲဟာ ပြည်တွင်းက အထည်ချုပ်လုပ်ငန်းရှင်တွေအားလုံးအတွက် အခွင့်အလမ်းတစ်ခုဖြစ်ပါတယ်။

**ဖြည့်စွက်ပြောချင်တာများရှိပါသလား။**

Messe Frankfurt ဆိုတာက အင်တာနေရှင်နယ် ပလက်ဖောင်းတစ်ခုကို ထောက်ပံ့ပေးတာပါ။ ဒီပြပွဲမှာ အဓိကတော့ ဖွံ့ဖြိုးဆဲနိုင်ငံတွေ၊ ဖွံ့ဖြိုးပြီးနိုင်ငံတွေအားလုံး ဝင်ရောက်ပြသမှာပါ။ ဒီလိုမျိုးနိုင်ငံတကာပြပွဲတွေကို သွားရောက်ပြသခြင်းအားဖြင့် အကျိုးကျေးဇူးတွေ အများကြီး ရရှိနိုင်မှာဖြစ်ပါတယ်။ သွားရောက်မပြသရသေးတဲ့ လုပ်ငန်းရှင်တွေကိုလည်း အားပေးချင်တယ်။ ဒီလိုပြပွဲမျိုးရှိပါတယ်။ သွားရောက်ပြသလို့ရပါတယ်။ ဒီလိုပြပွဲမျိုးကတော့ တစ်နှစ်တည်းသွားပြီးတော့ အော်ဒါအများကြီးရတာမျိုးတော့ မမျှော်လင့်ပါဘူး။ ဒါပေမယ့် ဆက်တိုက်သွားမယ်ဆိုရင်တော့ နိုင်ငံတကာက အထည်ချုပ်လုပ်ငန်းကြီးတွေဆီကနေပြီးတော့ အော်ဒါတွေအများကြီးရရှိလာနိုင်မှာ ဖြစ်ပါတယ်။

# စက်မှုဒီဇိုင်းမှတ်ပုံတင်

## ၂၄/၄ လျှောက်ထားခြင်းများ

# လက်ခံဆောင်ရွက်နေပြီဖြစ်

စက်မှုဒီဇိုင်းမူပိုင်ခွင့်ဌာနခွဲ

ပြိုင်ဆိုင်မှုများမြင့်မားသည့် ယနေ့ဈေးကွက်စီးပွားရေးလောကတွင် ဝယ်ယူသူများ၏ကြိုက်နှစ်သက်မှုအာရုံစိုက်မှုကိုရရှိရန်အတွက် နည်းအမျိုးမျိုးဖြင့် ယှဉ်ပြိုင်ဆောင်ရွက်ကြရာတွင် ထုတ်ကုန်များ၏ ဒီဇိုင်းသည် အဓိကကျသော အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိသည်ကို တွေ့ရသည်။ စီးပွားရေးလုပ်ငန်းရှင်များသည် ဝယ်ယူသူကြိုက်နှစ်သက်မည့် ထုတ်ကုန်များကို ဒီဇိုင်းအမျိုးမျိုးဖြင့် ဆန်းသစ်တီထွင်ထုတ်လုပ်၍ နည်းမျိုးစုံဖြင့် ဆွဲဆောင်လျက်ရှိကြပြီး ဈေးကွက်ရရှိရေး အပြိုင်အဆိုင်ဆောင်ရွက်လျက်ရှိကြသည်။

ဆန်းသစ်သော ဒီဇိုင်းများပါဝင်သည့် လူ့အသုံးအဆောင်ပစ္စည်းများကို ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချသောအခါ လူကြိုက်များသော ကုန်ပစ္စည်းများကို စီးပွားရေးပြိုင်ဘက်များက တုပ၍ ရောင်းချလာကြပြီး ဒီဇိုင်းများကို အခြားသူများက ပုံတူကူးချခြင်း၊ ဆင်တူယိုးမှား ပြုလုပ်ရောင်းချခြင်း၊ အရည်အသွေးညံ့သည့်ပစ္စည်း ဒီဇိုင်းအတုများ ထုတ်လုပ်ခြင်း စသည့် မူပိုင်ခွင့်ပိုင်ရှင်များ၏ အခွင့်အရေးများကို နည်းအမျိုးမျိုးဖြင့် ချိုးဖောက်ခြင်းများ ဆောင်ရွက်နေသည်ကိုတွေ့ရသည်။ ထိုကဲ့သို့ ချိုးဖောက်မှုများကြောင့် ဒီဇိုင်းဖန်တီးသူများ၊ ထုတ်ကုန်ဒီဇိုင်းပိုင်ရှင်များ၏ အကျိုးခံစားခွင့်များ၊ အခွင့်အရေး ဆုံးရှုံးမှုများဖြစ်ပေါ်နေပြီး မမျှတသည့် ဈေးကွက်ယှဉ်ပြိုင်မှုများ ဖြစ်ပေါ်နေသည်ကို ဝမ်းနည်းဖွယ်တွေ့ရပြီး မူပိုင်ခွင့်ချိုးဖောက်မှု အန္တရာယ်များကို ထိရောက်စွာဟန့်တားနိုင်ရန်အတွက် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေသည် မရှိမဖြစ် လိုအပ်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် စက်မှုဒီဇိုင်းဖန်တီးသူများနှင့် သုံးစွဲသူများအကြား နည်းပညာဗဟုသုတနှင့် လူမှုစီးပွားဘဝ သာယာဝပြောရေးကို အပြန်အလှန် အကျိုးပြုစေရန်၊ စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန် ဖန်တီးသူနှင့်စက်မှုဒီဇိုင်းသုံးစွဲသူများ၏အခွင့်အရေးနှင့်စောင့်ထိန်းရမည့် တာဝန်ဝတ္တရားများအကြား ဟန်ချက်ညီနိုင်ရေးတို့တွင် အထောက်အကူဖြစ်စေရန်တို့ကို ရည်ရွယ်၍ စက်မှုဒီဇိုင်းမူပိုင်ခွင့် ဥပဒေကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည်။

ဒီဇိုင်းများကို စက်မှုဒီဇိုင်းမူပိုင်ခွင့် အကာအကွယ် ရယူထားခြင်းဖြင့် စီးပွားရေးလုပ်ငန်းများကို ပိုမိုဆွဲဆောင်နိုင်ပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် စီးပွားရေးဈေးကွက်ကို ရရှိစေနိုင်မည့်အပြင် ဒီဇိုင်းဖန်တီးသူများ၏ဖန်တီးမှု လက်ရာများကို အခြားသူများ ခိုးယူတုပခြင်းတို့မှ အကာအကွယ်ပေးနိုင်ခြင်း၊ လှပဆန်းသစ်သော ဒီဇိုင်းသစ်များ စဉ်ဆက်မပြတ် ပေါ်ထွက်လာနိုင်စေခြင်း၊ ဒီဇိုင်းဖန်တီးလိုစိတ်များ မြင့်တင်ပေးနိုင်ခြင်းတို့အပြင် စီးပွားရေးနယ်ပယ်များတွင် မျှတသော ယှဉ်ပြိုင်ရောင်းဝယ်မှုများကိုလည်း ဖြစ်ပေါ်စေမည်ဖြစ်သည်။

ထို့အပြင် စက်မှုဒီဇိုင်းမူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် စနစ်တစ်ရပ် ခိုင်မာစွာတည်ဆောက်နိုင်ခြင်းအားဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေခြင်း၊ စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေပြီး အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေနိုင်ခြင်း၊ စက်မှုဒီဇိုင်းနည်းပညာ တိုးတက်လာစေရေးနှင့် ပြန့်ပွားရေးကို အထောက်အကူပြုစေနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကိုလည်း ရရှိခံစားနိုင်မည်ဖြစ်သည်။မြန်မာနိုင်ငံတွင် စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားခြင်းများကို ၂၀၂၄ခုနှစ် ဖေဖော်ဝါရီလ ၁ရက်နေ့မှစ၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနတွင် လျှောက်ထားနိုင်ပြီဖြစ်ကြောင်း ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ကြေညာချက်အမှတ် ၁/၂၀၂၄ ဖြင့် ထုတ်ပြန်ခဲ့သည်။

စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားခြင်းကို ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ မူပိုင်ခွင့်ဦးစီးဌာနအောက်ရှိ လျှောက်လွှာလက်ခံဌာန နေပြည်တော်(ရုံးချုပ်)၊အောက်မြန်မာပြည်ရုံးခွဲ (ရန်ကုန်) နှင့်အထက်မြန်မာပြည်ရုံးခွဲ(မန္တလေး)တို့တွင် လာရောက်လျှောက်ထားခြင်းဖြင့်လည်းကောင်း၊ဦးစီးဌာနက သတ်မှတ်ထားသည့်အီလက်ထရွန်နစ် မှတ်ပုံတင်စနစ်ဖြင့်လည်းကောင်း လျှောက်ထားနိုင်ပြီး စက်မှုဒီဇိုင်းမူပိုင်ခွင့်ဌာနခွဲindustrial designdept.mm@gmail.com နှင့်ဖုန်းနံပါတ် ၀၆၇၃၄၃၀၅၉၈စသို့ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

# တီထွင်ဖန်တီးမှုမှသည် အနာဂတ်ဆီသို့

တီထွင်မှုမူပိုင်ခွင့်ဌာနခွဲ

**တီထွင်မှု မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများသည် တီထွင်ကြံဆမှုနှင့် လူသားတို့၏ ကြိုးပမ်းအားထုတ်မှုတို့ကို ပေါ်ထွန်းလာစေသည့်အတွက် လူသားထုတစ်ရပ်လုံး၏ တိုးတက်မှုကို အားဖြည့်ပေးသော လောင်စာများပင်ဖြစ်သည်။**

လူသားထုတစ်ရပ်လုံး၏ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေးနှင့် သာယာဝပြောရေးတို့သည် အသစ်အဆန်း တီထွင်မှုအပေါ်တွင် မှီတည်နေသည်။ တီထွင်မှုဆိုသည်မှာ အသေးအဖွဲ့မှစ၍ ကြီးမားသောစက်ပစ္စည်းများ အပါအဝင် နည်းပညာဆိုင်ရာ အခက်အခဲပြဿနာတစ်ရပ်ကို ဖြေရှင်းပေးနိုင်သည့် ထုတ်ကုန် သို့မဟုတ် ထုတ်လုပ်မှုနည်းစဉ်ဆိုင်ရာ စိတ်ကူးအသစ်တစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်သည်။

ထိုသို့အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ စက်မှုလက်မှု အစရှိသည့် လုပ်ငန်းနယ်ပယ်အသီးသီးမှ တစ်ဦးချင်းဖြစ်စေ၊ တစ်ဦးထက်ပို၍ဖြစ်စေ၊ ပူးတွဲ၍ဖြစ်စေ၊ အဖွဲ့အစည်းနှင့်ဖြစ်စေ တီထွင်ဖန်တီးမှုများစွာကို ပြုလုပ်ကြသည်။ တီထွင်ဖန်တီးမှုမှန်သမျှကို သက်ဆိုင်ရာနိုင်ငံ သို့မဟုတ် ဒေသတစ်ခုခုရှိ မူပိုင်ခွင့်ရုံးများသို့ တီထွင်မှုနှင့်သက်ဆိုင်သည့် နည်းပညာဆိုင်ရာအချက်အလက်များကို လျှောက်ထားချက်တွင် ထုတ်ဖော်ပြသ၍ လျှောက်ထားရမည်ဖြစ်ပါသည်။

ဥပမာအနေဖြင့် ရေပေါ် ပေါ်နိုင်၍ ပေ့ါပါးသော အုတ်ခဲ အမျိုးအစားအား တီထွင်ထားလျှင် မိမိ၏တီထွင်မှုအား ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း အစရှိသည့် စီးပွားရေးအကျိုးအမြတ်နှင့် အကာအကွယ်ရယူလိုသည့် မြန်မာနိုင်ငံအပါအဝင် အခြား မည်သည့်နိုင်ငံတွင်မဆို တီထွင်မှုမူပိုင်ခွင့် လျှောက်ထားခြင်းများ ဆောင်ရွက်နိုင်သည်။ လျှောက်ထားလာသည့်တီထွင်မှုများအတွက် နိုင်ငံတိုင်း၏ မူပိုင်ခွင့်ရုံးများတွင် တီထွင်မှုသည် အသစ်ဖြစ်၍တီထွင်မှုအဆင့်တစ်ရပ်ပါရှိပြီး စက်မှုလက်မှုလုပ်ငန်းတွင် အသုံးပြုနိုင်ခြင်း စသည့် အချက်သုံးချက်ပေါ်တွင်အခြေခံ၍စစ်ဆေးပြီး တီထွင်မှု မူပိုင်ခွင့်အခွင့်အရေးများကို ခံစားနိုင်မည်ဖြစ်သည်။

တီထွင်မှုမူပိုင်ခွင့်အခွင့်အရေးများသည် အကာအကွယ်ရယူထားသည့်နိုင်ငံ၌ အနှစ်(၂၀)ကာလအတွင်း ကိုယ်တိုင်အသုံးပြုခွင့်၊ အခြားသူများကို လွှဲပြောင်းခွင့်၊ အခြားသူများအား ထုတ်လုပ်နိုင်ရန် လိုင်စင်ချထားခွင့်များရရှိနိုင်သည့်အပြင်မိမိအကာအကွယ်ရယူထားသော တီထွင်မှု မူပိုင်ခွင့်အား အခြားသူများက ပုံစံတူပြုလုပ်ခြင်း၊ ရောင်းချခြင်း၊ ရောင်းချရန် ကမ်းလှမ်းခြင်း၊ အသုံးပြုခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်းများ ပြုလုပ်လာပါက တရားမကြောင်းအရ တရားစွဲဆိုခြင်းများ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ တီထွင်မှု မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများသည် တီထွင်ကြံဆမှုနှင့် လူသားတို့၏ ကြိုးပမ်းအားထုတ်မှုတို့ကို ပေါ်ထွန်းလာစေသည့်အတွက် လူသားထုတစ်ရပ်လုံး၏ တိုးတက်မှုကို အားဖြည့်ပေးသော လောင်စာများပင်ဖြစ်သည်။

တီထွင်ဖန်တီးမှုများအား အကာအကွယ်မရယူထားလျှင် အခြားသူများက မိမိ၏နည်းပညာကို ခိုးယူခြင်း၊ တုပပြုလုပ်ခြင်းများ ဆောင်ရွက်၍ စီးပွားရေးအကျိုးအမြတ်များ ရယူသွားနိုင်သည်။ တီထွင်မှု မူပိုင်ခွင့်စနစ်တွင် ဦးစွာအသုံးပြုသူနှင့် ဦးစွာလျှောက်ထားသူမှ အခွင့်အရေးရနိုင်သည့် စနစ်နှစ်ခုရှိရာ မိမိနိုင်ငံနှင့် အဆင်ပြေနိုင်မည့်စနစ်ကို အသုံးပြုကြသည်။ မြန်မာနိုင်ငံသည် ဦးစွာလျှောက်ထားသူမှ အခွင့်အရေးရနိုင်သည့် စနစ်ဖြစ်သည့်အတွက် မိမိ၏တီထွင်မှုကိုအကာအကွယ်မယူထားပါက အခြားသူက သူတီထွင်ထားသကဲ့သို့ မိမိ၏တီထွင်မှုကို မူပိုင်ခွင့်ရုံးမှာ လာရောက်လျှောက်ထားခဲ့လျှင် ဦးစွာလျှောက်ထားသူသည် အခွင့်အရေးရရှိမည်ဖြစ်သောကြောင့် မိမိ၏တီထွင်မှုကို အခြားသူက တီထွင်မှုမူပိုင်ခွင့် ရသွားနိုင်သည်။ အဆိုပါဖြစ်ရပ်ကြောင့် မိမိ၏တီထွင်မှုကို ကိုယ်ကိုတိုင် အသုံးပြုခွင့် မရှိနိုင်သည်အထိဖြစ်နိုင်ပြီး မိမိ၏တီထွင်မှုကိုအခြားသူဆီမှ လိုင်စင်ပြန်ယူ၍ အသုံးပြုရမည့်အခြေအနေများ ဖြစ်ပေါ်နိုင်သည်။ ထို့အပြင်နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် နည်းပညာအကာအကွယ် မရယူနိုင်သည့်နေရာတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခြင်းဖြင့် စီးပွားပြိုင်ဘက်များသည် ၎င်းတို့၏နည်းပညာကို တုပထုတ်လုပ်၍ ဈေးနှုန်းသက်သာစွာ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချခြင်းများ ဆောင်ရွက်လာနိုင်သောကြောင့် ဈေးကွက်အတွင်း မမျှတသော ယှဉ်ပြိုင်မှုများဖြစ်ပေါ်နိုင်သည်။ထို့ကြောင့်တီထွင်ဖန်တီးမှုတစ်ခုကို တီထွင်မှုမူပိုင်ခွင့်အကာအကွယ်ရယူထားရန် လိုအပ်သည်။

တီထွင်မှု မူပိုင်ခွင့်စနစ်သည် သုံးစွဲသူများကို အကျိုးပြုမည့် သာလွန်ကောင်းမွန်သော ကုန်ပစ္စည်းများ တီထွင်ထုတ်လုပ်ရန် ပညာရှင်များ၊ သုတေသီများအား စေ့ဆော်ပေးနိုင်မည့်စနစ်တစ်ခုဖြစ်သည်။

အဆိုပါစနစ်ကို အားပေးခြင်းနှင့်အကာအကွယ်ပေးခြင်းတို့ကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာနိုင်ခြင်း၊ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်စေခြင်း၊ အလုပ်အကိုင်အသစ်၊ လုပ်ငန်းသစ်များပေါ်ထွန်းလာစေခြင်း၊ ယှဉ်ပြိုင်မှု မြင့်မားလာသော ဈေးကွက်တွင် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများမှ တီထွင်ဆန်းသစ်မှုများတိုးမြှင့်လုပ်ဆောင်လာစေရန် တွန်းအားတစ်ရပ်ဖြစ်ခြင်းတို့ကြောင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်လာနိုင်ပြီး နိုင်ငံတော်၏အကျိုးစီးပွားများကိုလည်း များစွာအထောက်အကူပြုစေမည်ဖြစ်ပါသည်။

# မြင်းခြံ မိုးကြက်သွန်နီဈေးကွက် အရောင်းအဝယ်သွက်

ယခုနှစ် ဖေဖော်ဝါရီ နောက်ဆုံးပတ် မြင်းခြံခရိုင်အတွင်း ဖြစ်ပေါ်နေသော မိုးကြက်သွန်နီဈေးနှုန်းများအနေဖြင့် ကြီးစတစ်ပိဿာလျှင် ကျပ် ၂၉၀၀မှ ၃၀၀၀၊ အလတ်စ ကျပ် ၂၅၀၀ မှ ၂၇၀၀ ဖြစ်ပြီး အသေးစ တစ်ပိဿာလျှင် ကျပ် ၁၉၀၀ မှ ၂၀၀၀ နှုန်းဖြင့် အသီးသီး အရောင်းအဝယ်ဖြစ်နေကြောင်းသိရသည်။ ယခင်တစ်ပတ် ဈေးနှုန်းများအနေဖြင့် မိုးကြက်သွန်နီကြီး တစ်ပိဿာလျှင် ကျပ် ၁၉၀၀ မှ ၂၂၀၀၊ အလတ်စ တစ်ပိဿာလျှင် ကျပ် ၁၅၀၀ မှ၁၈၀၀၊ အသေးစတစ်ပိဿာလျှင် ကျပ် ၁၀၀၀ မှ ၁၃၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရှိရပါသည်။

ယခင်တစ်ပတ်ထက် ယခုတစ်ပတ်တွင် မိုးကြက်သွန်နီ အရွယ်အစားအလိုက် တစ်ပိဿာလျှင် ၇၀၀ ကျပ်အထိ ဈေးနှုန်းမြင့်တက်ခဲ့သည်။ ယင်းသို့ မြင့်တက်ရခြင်းမှာ တောင်သူများလက်တွင် မိုးကြက်သွန်နီလက်ကျန် လျော့နည်းပြီး ဝယ်လိုအားများသောကြောင့် ဈေးနှုန်းမြင့်တက်လာခြင်းဖြစ်သည်ဟု ကြက်သွန်နီ ကုန်သည်တစ်ဦး၏ပြောပြချက်အရ သိရသည်။

ယခုတစ်ပတ်တင်ပို့မှုအနေဖြင့် မိုးကြက်သွန်နီ ကုန်ချိန်ပိဿာ ၁၂၃၀၀၀ ကျော်တင်ပို့ခဲ့ပြီး ယခင်တင်ပို့မှုမှာ ၁၁၀၀၀၀ ကျော် တင်ပို့ခဲ့ကြောင်း သိရသည်။ ယခင်တစ်ပတ်ထက် ယခုတစ်ပတ်တွင် ကုန်ချိန်ပိဿာ ၁၃၀၀၀ကျော် ပိုမိုတင်ပို့နိုင်ခဲ့သလို ဈေးနှုန်းလည်း ပိုမိုရရှိခဲ့ပြီး မြင်းခြံမြို့နယ်မှ စိုက်ပျိုး ထွက်ရှိသော မိုးကြက်သွန်နီများကို မန္တလေး၊ ရန်ကုန်၊ နေပြည်တော်နှင့် မော်လမြိုင်မြို့များသို့ တင်ပို့လျက်ရှိပြီး မကြာမီ နွေကြက်သွန်နီများလည်း ထွက်ပေါ်လာတော့မည်ဖြစ်ကြောင်း သိရသည်။

**သူဇာမိုး**

# စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍအတွက် တီထွင်မှု၏အရေးပါပုံ

မူပိုင်ခွင့်ဦးစီးဌာန

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် စိုက်ပျိုးရေးကဏ္ဍသည် အရေးပါသော ကဏ္ဍတစ်ရပ်ဖြစ်သည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေး၊ မွေးမြူရေးကို အဓိကထားသော စိုက်ပျိုးရေးနိုင်ငံဖြစ်သည်။ အဓိက အကြောင်းအရင်းများအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုနည်းပါးခြင်း၊ ခေတ်မီနည်းပညာများရရှိမှုနည်းပါးခြင်း၊ ကူညီပံ့ပိုးမှုစနစ်များအားနည်းခြင်း စသည်တို့ကြောင့်ဖြစ်ကြောင်း လေ့လာတွေ့ရှိချက်များအရ သုတေသီများက ပြောကြသည်။

တီထွင်ဖန်တီးမှုများသည် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ စက်မှုလက်မှုနှင့် လူနေမှုအဆင့်အတန်းကဏ္ဍအားလုံးနှင့်ဆက်စပ်လျက်ရှိသည်။ အသိပညာအချက်အလက်နှင့် နည်းပညာများသည် တစ်နေရာတည်း စီးဆင်းသွားမြဲမရှိဘဲ တစ်ဦးတစ်ယောက် တီထွင်ဖန်တီးမှု၏ အကျိုးရလဒ်သည် အားလုံးအပေါ် သက်ရောက်မှုရှိနေသည်မှာ အမှန်ပင်ဖြစ်သည်။ ယနေ့ခေတ်ကဲ့သို့ ပြောင်းလဲတိုးတက်မှုမြန်သည့်ခေတ်တွင် မိမိတို့တီထွင်ဖန်တီးထားသည့် ဖန်တီးမှုနှင့်ဆိုင်သည့် အသိပညာနှင့် နည်းပညာများပျံ့နှံ့မှုကို ထိန်းချုပ်ရန် ခက်ခဲသကဲ့သို့ပင် မိမိတို့ ဖန်တီးမှုနှင့်သက်ဆိုင်သည့် အခြားသူများ၏ တီထွင်မှုဆိုင်ရာ အချက်အလက်နှင့် နည်းပညာကိုလေ့လာရန် လွယ်ကူလာသည်။ မူပိုင်ခွင့်အကာအကွယ်ပေးခြင်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သက်ဆိုင်သည့်တီထွင်ဖန်တီးမှုများ မြှင့်တင်နိုင်ရန် နှစ်ပေါင်းများစွာကပင် ဆောင်ရွက်ခဲ့ကြသည်။

မြန်မာနိုင်ငံတွင်လည်း တီထွင်မှုများကို အကာအကွယ်ပေးမည့် တီထွင်မှု မူပိုင်ခွင့်ဥပဒေကို ၂၀၁၉ခုနှစ်၊ မတ်လ ၁၁ရက်နေ့တွင် တီထွင်သူများနှင့် တီထွင်မှုကို အသုံးပြုသူများအကြား နည်းပညာဗဟုသုတနှင့်လူနေမှုစီးပွားဘဝ သာယာဝပြောရေးများကို အပြန်အလှန် အကျိုးပြုစေရန်၊ နည်းပညာဆိုင်ရာ ဆန်းသစ်တီထွင်မှုများနှင့် နည်းပညာဖြန့်ဖြူးလွှဲပြောင်းရေးတို့ကို မြှင့်တင်နိုင်ခြင်းအားဖြင့် နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှုကို ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တီထွင်ဖန်တီးသော လူနေမှုပတ်ဝန်းကျင်ဖြစ်ပေါ်စေရေးအတွက် အားပေးရန် ရည်ရွယ်၍ ပြဋ္ဌာန်းခဲ့သည်။ တီထွင်မှု မူပိုင်ခွင့် အကာအကွယ်ရရှိပြီးသော တီထွင်မှုများမှာလည်း လူသားတို့အတွက်အရေးပါသော ကဏ္ဍတော်တော်များများတွင် အမှန်တကယ် အကျိုးပြုနေသည်။ ဥပမာအားဖြင့် စိုက်ပျိုးရေး လုပ်ငန်းသုံးပစ္စည်းများ တီထွင်ခြင်း၊ မွေးမြူရေး လုပ်ငန်းသုံးပစ္စည်းများ တီထွင်ခြင်းဖြင့် အချိန်ကုန် လူပင်ပန်းသက်သာပြီး ပြည်သူလူထုများမှာလည်း အကျိုးသက်ရောက်မှု ရရှိလာမည်ဖြစ်သည်။ တီထွင်မှု မူပိုင်ခွင့်လျှောက်ထားသူမှ ၎င်း၏ တီထွင်ဖန်တီးမှုဆိုင်ရာ သတင်းအချက်အလက်များကို ထုတ်ဖော်ပြသပေးခြင်းမှာ နည်းပညာစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် အလွန်အရေးကြီးပါသည်။ ပြည်သူလူထုအနေဖြင့်လည်း မိမိတို့သိရှိနားလည်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးတို့အတွက် တီထွင်မှု မူပိုင်ခွင့်နှင့်သက်ဆိုင်သည့် အသိပညာဗဟုသုတများကို အခြားသူများသို့ ပြန်လည်ဖြန့်ဝေခြင်းဖြင့် မိမိတစ်ဦးတစ်ယောက်၏ အကျိုးစီးပွားအတွက်သာမက နိုင်ငံတော်၏အကျိုးစီးပွားများကိုလည်း များစွာအထောက်အကူပြုစေသည်။

စိုက်ပျိုးမွေးမြူရေးနှင့်လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံတော်အတွက် စားနပ်ရိက္ခာဖူလုံရေး၊ တောင်သူလယ်သမားများအတွက် ဝင်ငွေတိုးတက်ရရှိရေး၊ ၎င်းတို့၏ လူနေမှုစီးပွားဘဝများ မြင့်မားလာရေးနှင့် မြန်မာ့စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ပြည်ပဈေးကွက်သို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးတို့အတွက် မဖြစ်မနေဆောင်ရွက်ရမည့်လုပ်ငန်းများဖြစ်ရာ အောင်မြင်မှုရရှိနိုင်ရန်မှာ သက်ဆိုင်ရာဝန်ကြီးဌာနများသာမက စိုက်ပျိုးမွေးမြူရေးတောင်သူများ၊ လုပ်ငန်းရှင်များနှင့်အခြားဆက်စပ်ကဏ္ဍများကပါ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်သည်။

နိုင်ငံတကာတွင် အသုံးပြုလျက်ရှိသည့် ခေတ်မီစိုက်ပျိုး၊ မွေးမြူရေးနည်းစနစ်များကို လေ့လာနိုင်းယှဉ်၍ မိမိတို့နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေး လုပ်ဆောင်ကြရန်လည်း လိုအပ်မည်ဖြစ်သည်။ ထိုကဲ့သို့ တီထွင်ကြံဆမှုများကို ကိုယ်တိုင်လည်းတီထွင်နိုင်ရမည်၊ အခြားသူများကိုလည်း တီထွင်နိုင်ရန် တိုက်တွန်းအားပေးရမည်။ မိမိတို့နိုင်ငံမှစိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆိုင်သည့်တီထွင်မှုများကို ဖန်တီးခြင်းဖြင့် ထုတ်လုပ်မှုနှင့်စားသုံးမှုမျှတပြီးကုန်ဈေးနှုန်းများသင့်တင့်လာမည်ဖြစ်သည်။ စားသုံးမှုနှင့် ထုတ်လုပ်မှုမျှခြေရှိမည်ဆိုပါက ထိုက်သင့်သည့်ဈေးနှုန်းများဖြင့် ရောင်းချနိုင်မည်ဖြစ်သည်။ မြန်မာ့စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍတွင် ခေတ်မီနည်းစနစ်များကို တီထွင်ကြံဆဖန်တီးခြင်းဖြင့် အစိုးရ၊ တောင်သူ၊ ပုဂ္ဂလိကပိုင်းတို့က စဉ်ဆက်မပြတ် ဝိုင်းဝန်းဆောင်ရွက် ကြိုးပမ်းရန် လိုအပ်သလို မူပိုင်ခွင့်ဦးစီးဌာနအနေဖြင့်လည်း စိုက်ပျိုး၊ မွေးမြူရေး ကုန်ထုတ်စွမ်းအားများ တိုးတက်မြင့်မားလာအောင် တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အသိပညာပေးမှုများနှင့် တီထွင်ဖန်တီးမှုများကို မူပိုင်ခွင့် အကာအကွယ်ရရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

# စာပေ သို့မဟုတ် အနုပညာလက်ရာများ မူပိုင်ခွင့်မှတ်ပုံတင် လျှောက်ထားနိုင်

စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင်များ၊ ဆက်နွှယ်သည့်အခွင့်အရေးပိုင်ရှင်များ၏အခွင့်အရေးများကိုဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရန် စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေကို အမိန့်ကြော်ငြာစာအမှတ်(၂၁၈/၂၀၂၃)ဖြင့် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာ ၃၁ ရက်တွင် အာဏာသက်ဝင်ခဲ့ပြီး ၎င်းဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် စာပေနှင့်အနုပညာလက်ရာများ၊ ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို မှတ်ပုံတင်ခြင်းဆိုင်ရာနည်းဥပဒေများကို ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၃ ရက်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာအမှတ်(၇၀/၂၀၂၃)ဖြင့် ထုတ်ပြန်ခဲ့သည်။

မှတ်ပုံတင်လျှောက်ထားခြင်းအတွက် လိုအပ်သောလျှောက်လွှာပုံစံများကိုလည်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာအမှတ်(၇၃/၂၀၂၃)ဖြင့် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင်လည်းကောင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ စာပေ သို့မဟုတ် အနုပညာလက်ရာ မှတ်ပုံတင်လျှောက်ထားခြင်း၊ ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာကိစ္စရပ် မှတ်ပုံတင်လျှောက်ထားခြင်းနှင့် ယင်းတို့နှင့်စပ်လျဉ်းသည့် လျှောက်ထားခြင်းများအတွက် လျှောက်လွှာပုံစံအမျိုးအစား(၁၃)မျိုးကို သတ်မှတ်ထုတ်ပြန်ထားပြီး မှတ်ပုံတင်လျှောက်ထားခြင်းနှင့်သက်ဆိုင်သည့် လျှောက်ထားမှု အမျိုးမျိုးအတွက် ပေးသွင်းရမည့် အခကြေးငွေများကို ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

စာပေနှင့်အနုပညာမူပိုင်ခွင့် မှတ်ပုံတင်လျှောက်ထားခြင်းများကို ၂၀၂၄ခုနှစ် ဖေဖော်ဝါရီ ၉ ရက်တွင် စတင်လျှောက်ထားနိုင်ပြီဖြစ်ကြောင်းနှင့် မှတ်ပုံတင်လျှောက်ထားလိုပါက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်သည့်အပြင် အီလက်ထရွန်နစ်စနစ် (CRFile System)ကို အသုံးပြုပြီး https://crfile.ipd.gov.mm တွင် လျှောက်ထားနိုင်မည်ဖြစ်သည်။ မှတ်ပုံတင်လျှောက်ထားရာတွင် မူပိုင်ခွင့်ပိုင်ရှင်ကိုယ်တိုင်လျှောက်ထားနိုင်သလို ကိုယ်စားလှယ်နှင့်လည်း လျှောက်ထားနိုင်သည်။ နိုင်ငံခြားသားက လျှောက်ထားမည်ဆိုလျှင် မြန်မာနိုင်ငံသား ကိုယ်စားလှယ်ကို မဖြစ်မနေ ခန့်အပ်ပြီး လျှောက်ထားရမည်ဖြစ်သည်။

စာပေနှင့်အနုပညာမူပိုင်ခွင့်သည် မှတ်ပုံတင်ထားသည်ဖြစ်စေ၊ မှတ်ပုံမတင်ထားသည်ဖြစ်စေ မူပိုင်ခွင့်ကို ရရှိမည်ဖြစ်သော်လည်း မူပိုင်ခွင့်မှတ်ပုံတင်ထားခြင်းဖြင့် မူပိုင်ခွင့်အငြင်းပွားမှုများ ဖြစ်ပွားသည့်အခါ မှတ်ပုံတင်လက်မှတ်ကို ခိုင်လုံသော သက်သေအထောက်အထားအဖြစ် တရားစွဲဆိုရာတွင် တင်ပြနိုင်မည်ဖြစ်သည်။

**စာပေနှင့်အနုပညာမူပိုင်ခွင့်ဌာနခွဲ**

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန | ဖုန်း-၀၁ ၃၈၅၃၂၂ | အီးမေးလ်-mitcmyantrade@gmail.com |
| အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ဖုန်း-၀၁ ၉၆၆၉၉၅၉ | အီးမေးလ်-mhcyangon@gmail.com |

ယှဉ်ပြိုင်မှုဥပဒေပါတားမြစ်ချက်များကို ဖောက်ဖျက်မှုအတွက် အောက်ပါလိပ်စာသို့ ဆက်သွယ်စုံစမ်းတိုင်ကြားနိုင်ပါသည်-

မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ကော်မရှင်ရုံး

ရုံးအမှတ် (၃)၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်။

ဖုန်း - ၀၆၇(၃)၄၀၈၅၀၅

အီးမေးလ် - mmcc.office@commerce.gov.mm

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါန်ခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |



# ရောဝတီတိုင်းဒေသကြီးမှ ပို့ကုန်ကဏ္ဍတိုးမြှင့်ရေးနှင့် ပြည်ပပို့ကုန် သီဟိုဠ်ဈေးကွက်

မင်းမင်းဦး(ပသ)

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဒေသထွက်ကုန်များတွင် ပြည်ပပို့ကုန် သီဟိုဠ်ဈေးကွက်မှာ ရာသီသီးနှံအဖြစ် ဖေဖော်ဝါရီလ ကုန်နောက်ဆုံးပတ်မှစတင်၍ ဈေးကွက်သို့ ဝင်ရောက်လျက်ရှိပြီး မတ်လဆိုလျှင် သီဟိုဠ်လှိုင်လှိုင်ပေါ်သည့်အချိန်ဖြစ်ကြောင်း သီဟိုဠ်ရာသီမှာ မိုးမရွာခင်အချိန်အထိ ဈေးကွက်မှာ အရောင်းအဝယ်ဖြစ်၍ မေ၊ ဇွန်လများတွင် မိုးဖြိုင်ဖြိုင် ရွာသွန်းပါက ဈေးကွက်တွင် အရောင်းအဝယ်မဖြစ်တော့ဘဲ သီဟိုဠ်ရာသီ ပြီးဆုံးသွားပြီဖြစ်သည်။

ယခင်နှစ်က သီဟိုဠ်ကုန်ကြမ်း တစ်ပိဿာ ကျပ် ၄၂၀၀ ဈေးရှိပြီး ယခုနှစ်တွင် သီဟိုဠ် တစ်ပိဿာကို ကျပ် ၄၈၀၀/၅၀၀၀ ဈေးရရှိသည့်အတွက် ယခင်နှစ်ထက် တစ်ပိဿာကို ကျပ် ၆၀၀/၈၀၀ ဈေးပိုမိုရရှိပြီး သီဟိုဠ်တောင်သူများ တွက်ခြေကိုက်လျက်ရှိကြောင်း ပုသိမ်မြို့ သီဟိုဠ်အဝယ်ဒိုင်မှ သိရသည်။

ဧရာဝတီတိုင်း ဒေသကြီးအတွင်း ပြည်တွင်း/ပြည်ပဈေးကွက်ဝင် နှစ်ရှည် သီးနှံသီဟိုဠ်စိုက်ဧက ၆၅၉၃၃ ဧကရှိပြီး ပုသိမ်ခရိုင်၊ ဟင်္သာတခရိုင်နှင့် မြောင်းမြခရိုင်တို့တွင် အများဆုံးစိုက်ပျိုးသည့်အပြင် လပွတ္တာခရိုင်နှင့် ဖျာပုံခရိုင်တို့တွင်လည်း စိုက်ပျိုးမှုရှိကြောင်း သီဟိုဠ်သည် မြေအမျိုးအစားမရွေး စိုက်ပျိုးနိုင်ပြီး ရခိုင်ကမ်းရိုးတန်း၊ တနင်္သာရီကမ်းရိုးတန်း၊ အနောက်ဘက်ကမ်းရိုးတန်း၊ မြစ်ဝကျွန်းပေါ်နှင့် ပင်လယ်ပိုင်းဒေသများတွင်လည်း အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ပုသိမ်မြို့နယ်နှင့်သာပေါင်းမြို့နယ်ထွက် သီဟိုဠ်စေ့မှာ အစေ့ကြီး၍ရေကြည်မြို့နယ်ထွက်သီဟိုဠ်မှာအလယ်အလတ်ရှိပြီး မြောင်းမြမြို့နယ်ထွက် သီဟိုဠ်စေ့မှာ အစေ့သေးသော်လည်း အထွက်နှုန်းပို၍ ကောင်းမွန်ကြောင်း စတင်စိုက်ပျိုးချိန်မှ ခူးဆွတ်ရသည်အထိ ငါးနှစ်စိုက်ပျိုးရပြီး အပင်သက်တမ်း နှစ်(၆၀)ရှိသဖြင့် ရေရှည်အကျိုးအမြတ်ရရှိသည့် နှစ်ရှည်သီးနှံအမျိုးအစားဖြစ်သည်။ သီဟိုဠ်ခူးဆွတ်ခြင်းကို ဖေဖော်ဝါရီလမှ စတင်ခူးဆွတ်၍ မေလ မိုးမရွာခင်အထိ ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်၍ မိုးထိလျှင် သီဟိုဠ်စေ့မှာ မူလအရောင်ပျက်ကာ မည်းသွားပြီး ဈေးကွက်တွင်လည်း အရောင်းအဝယ် မဖြစ်တော့ကြောင်း သိရသည်။

သီဟိုဠ်ပေါ်ချိန် ပုသိမ်မြို့တွင် အဝယ်ဒိုင်ငါးဒိုင်၊ သာပေါင်းမြို့ပေါ်တွင် သုံးဒိုင်ခန့်၊ မြောင်းမြမြို့ပေါ်တွင် အဝယ်ဒိုင် နှစ်ဒိုင်နှင့် ရေကြည်မြို့ပေါ်တွင် အဝယ်ဒိုင်နှစ်ဒိုင်ဖြင့် ဝယ်ယူလျက်ရှိပြီး ဝယ်ယူရရှိသော သီဟိုဠ် ကုန်ကြမ်းများကို ရန်ကုန်မြို့သို့ အဓိက တင်ပို့သည်။ ပုသိမ်မြို့နှင့် ရေကြည်မြို့တို့တွင် သီဟိုဠ်စေ့ ကုန်ချောပြုလုပ်၍ ပြည်တွင်းဈေးကွက်နှင့် Export ဈေးကွက်အဖြစ် တရုတ်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံများသို့ ရန်ကုန်မှတစ်ဆင့် တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ သီဟိုဠ်စေ့ကို တန်ဖိုးမြှင့် စားသောက်ကုန်အဖြစ် ချောကလက်၊ ရေခဲမုန့်၊ ထိုးမုန့်၊ ကိတ်မုန့်အမျိုးမျိုး၊ မုန့်မျိုးစုံ ယိုစုံ၊ ဒန်ပေါက်နှင့် ဟိုတယ်စာအဖြစ်နှင့် မုန့်အမျိုးမျိုးတို့တွင် ပါဝင်အသုံးပြုလျက်ရှိပြီး သီဟိုဠ်စေ့တွင်Vitamine-E ပါဝင်သဖြင့် ပြည်ပနိုင်ငံများတွင် ဆံပင်၊ အသားအရေလှပသည့် မိတ်ကပ်အကူပစ္စည်း ခေါင်းလိမ်းဆီ ထုတ်လုပ်ရာနှင့် အိန္ဒိယနိုင်ငံတွင် သီဟိုဠ်စေ့အခွံကို သင်္ဘောဆေးလုပ်ငန်း တွင် ကုန်ကြမ်းအဖြစ်အသုံး ပြုလျက်ရှိကြောင်းသိရသည်။

ဧရာဝတီတိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမတွင်လည်း ဖေဖော်ဝါရီလ ၂၇ ရက် နံနက် ၁၀:၀၀ နာရီ သီဟိုဠ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် တက်ရောက်လာသော တိုင်းအဆင့်ဌာနဆိုင်ရာများမှ သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေး၍ သီဟိုဠ်စိုက်ပျိုးထုတ်လုပ်သူများမှ တင်ပြလာသော ဈေးကွက်အခြေအနေ နည်းပညာ၊ အရင်းအနှီး၊ ဈေးကွက်လိုအပ်ချက် ကုန်စည်စီးဆင်းမှုအခြေအနေများအပေါ် ဆွေးနွေးခဲ့သည်။

ဌာနဆိုင်ရာများမှ ပြန်လည်ဆွေးနွေးခဲ့ရာတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း သီဟိုဠ်စိုက်ပျိုးသော ဧကများစွာရှိပြီး ဆက်စပ်နေရာများတွင်စိုက်ပျိုးနိုင်ခြင်း၊မြေလွတ်မြေရိုင်းများရှိနေခြင်း၊နေရာမရွေး စိုက်ပျိုးနိုင်ပြီး အထွက်နှုန်းသင့်တင့်ကောင်းမွန်၍ ပြည်တွင်း/ပြည်ပဈေးကွက် ဝယ်လိုအားရှိသည့်အတွက် ကုန်ကြမ်းအဆင့်မှ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် တိုးမြှင့်ထုတ်လုပ်၍ ပုဂ္ဂလိကကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ပြည်တွင်းကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှုမှ ပို့ကုန်ကဏ္ဍ တိုးမြှင့်တင်ပို့နိုင်ရန်အတွက် တိုင်းဒေသကြီး သီဟိုဠ်အသင်းကို သင်းဖွဲ့စည်းမျဉ်းများနှင့်အညီ ကျစ်လျစ်ခိုင်မာစွာ ဖွဲ့စည်းနိုင်ရေး ဧရာဝတီကုန်သည်များနှင့် စက်မှုအသင်းဌာနဆိုင်ရာများသာမက နောက်ပိုင်းတွင် UMFCCI အသင်းကြီးနှင့်လည်း ချိတ်ဆက်ဆောင်ရွက်နိုင်ရန်နှင့် One Village One Product ကဲ့သို့ ပို့ကုန်အမယ်သစ်အဖြစ် ပြည်ပဈေးကွက် ပိုမိုဖောက်နိုင်ရန် အားလုံးဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားရန်နှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။

♦

# တည်းကုန်းလက်ကားဈေးကြီးတွင် ရက်သတ္တပတ်အတွင်း ရောင်းချနေသော ကုန်ဈေးနှုန်းအခြေအနေ

အင်းစိန်မြို့နယ်ရှိ တည်းကုန်းလက်ကားဈေးကြီးအတွင်းသို့ ဖေဖော်ဝါရီလ ၂၁ ရက်နေ့မှ ဖေဖော်ဝါရီလ ၂၇ ရက်အတွင်း ညောင်တုန်း၊ မှော်ဘီ၊ သာရဝေါ၊ ညောင်နှစ်ပင်ကျေးရွာ၊ ကြာကန်စုကျေးရွာ၊ နေပြည်တော်၊ တပ်ကုန်း၊ ရွှေဒါး၊ မင်္ဂလာဒုံ၊ အင်းစိန်၊ ခရမ်း၊ သုံးခွ၊ ပြည်၊ လက်ပံတန်း၊ မင်းလှ၊ ဝါးနက်ချောင်း၊ မော်လမြိုင်၊ မန္တလေး၊ အုတ်ဖိုနှင့် ရှမ်းပြည်နယ်တို့မှ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်များ အများဆုံးဝင်ရောက်ရောင်းချနေကြောင်း သိရှိရသည်။

ထိုသို့ဝင်ရောက်ရာတွင် ယခုရက်သတ္တပတ်အတွင်း ခရမ်းချဉ်သီးထိုင်ဝမ်(ပိဿာ)ကျပ်၅၀၀မှ ၁၀၀၀အတွင်း၊ ဂေါ်ဖီထုပ်(တစ်ထုပ်)ကျပ် ၅၀၀ မှ ၁၂၀၀အတွင်း၊ ပန်းဂေါ်ဖီ(ထုပ်)ကျပ် ၃၀၀ မှ ၈၀၀ အတွင်း၊ အာလူး(ပိဿာ)ကျပ် ၁၇၀၀ မှ ၂၇၀၀ အတွင်း၊ မုန်လာဥနီ(ပိဿာ) ကျပ် ၄၀၀၀ မှ ၄၃၀၀ အတွင်း ရွှေဖရုံသီး(လုံး)ကျပ်၇၀၀မှ၄၂၀၀အတွင်း၊ ဘူးသီး(လုံး) ကျပ် ၅၀၀ မှ ၁၀၀၀ အတွင်း၊ မုန်ညင်း(ထုပ်)(ပိဿာ)ကျပ် ၁၃၀၀မှ၁၅၀၀အတွင်း၊ ကြက်သွန်နီ(ဆိပ်ဖြူ) ကျပ် ၁၃၀၀ မှ ၃၆၀၀ အတွင်း၊ ကြက်သွန်ဖြူ(ရှမ်း) (ပိဿာ) ကျပ် ၁၅၀၀၀မှ ၁၇၀၀၀အတွင်း၊ကြက်သွန်ဖြူ(ကြူကုတ်)(ပိဿာ) ကျပ် ၉၀၀၀ မှ ၉၈၀၀ အတွင်း၊ ချင်း(ပိဿာ)ကျပ် ၃၂၀၀ မှ ၄၅၀၀ အတွင်း၊ ဆလပ်ရွက် (စည်း) ကျပ် ၁၀၀ မှ၁၅၀ အတွင်း၊ ချဉ်ပေါင်ရွက်(စည်း) ကျပ် ၁၂၀ မှ ၂၀၀ အတွင်း၊ ခရမ်းသီး(ရှည်) (ပိဿာ) ကျပ် ၈၀၀ မှ ၁၂၀၀ အတွင်း၊ သံပရာသီး(လုံး)ကျပ် ၁၅၀ မှ ၃၅၀ အတွင်း၊ ငရုတ်သီးစိမ်း (ကျောက်စိမ်း) (ပိဿာ)ကျပ် ၁၂၀၀ မှ ၂၀၀၀ အတွင်း၊ ဖရဲသီး (အကြီး၊ အလတ်၊ အသေး)ကျပ် ၂၀၀၀ မှ ၅၀၀၀ အတွင်းဖြစ်ကြောင်း သိရသည်။ တည်းကုန်းလက်ကားဈေးကြီးအတွင်းသို့ ယခုရက်သတ္တပတ်အတွင်း သံပရာသီး အလုံးပေါင်း ၁၇၄၆၈၅၀ကျော်၊ ခရမ်းသီး(ရှည်) ပိဿာ ၃၉၅၆၀ ကျော်၊ ဘူးသီး အလုံးပေါင်း ၁၂၆၉၁ ကျော်၊ ရွှေဖရုံသီး အလုံးပေါင်း ၁၀၀၅၅ကျော်၊ ဂေါ်ဖီထုပ်ပေါင်း ၅၆၅၀၀ ကျော်၊ ပန်းဂေါ်ဖီထုပ်ပေါင်း ၆၅၈၀၀ ကျော်၊ မုန်ညင်းထုပ် ပိဿာ ၉၀၈၅ ကျော်၊ ဖရဲသီးအလုံးပေါင်း ၃၉၁၀၀ ကျော် အသီးသီး ကုန်အဝင်ရှိကြောင်း သိရသည်။

**လှဲ့လှဲ့စိုး(ရန်ကုန်)**

# ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော အခြေခံစားသောက်ကုန်ဈေးနှုန်းများ

ရန်ကုန်တိုင်းဒေသကြီး၊ ဘုရင့်နောင်ကုန်စည်ဒိုင်၌ ဖေဖော်ဝါရီလ နောက်ဆုံးပတ်အတွင်း ဖြစ်ပေါ်ခဲ့သော အခြေခံစားသောက်ကုန်ဈေးနှုန်းများမှာ ကြက်သွန်ဖြူ (ကြူကုတ်-ရှယ်) တစ်ပိဿာလျှင် အမြင့်ဈေး ကျပ် ၉၉၀၀ မှ အနိမ့်ဈေး ကျပ် ၉၈၀၀ ထိလည်းကောင်း၊ ကြက်သွန်ဖြူ(အောင်ပန်းထူး-၂) တစ်ပိဿာလျှင် ကျပ် ၁၆၅၀၀ ဖြင့်လည်းကောင်း၊ ကြက်သွန်ဖြူ (အောင်ပန်း ထူး-၃) တစ်ပိဿာလျှင် ကျပ် ၁၇၀၀၀ ဖြင့်လည်းကောင်း၊ ကြက်သွန်ဖြူ(အောင်ပန်းထူး-၄) တစ်ပိဿာလျှင် ကျပ် ၁၇၃၀၀ ဖြင့်လည်းကောင်း၊ ကြက်သွန်ဖြူ(အောင်ပန်း ထူး-၅) တစ်ပိဿာလျှင် ကျပ် ၁၇၈၀၀ ဖြင့်လည်းကောင်း၊ ငရုတ်သီး(ဆင်ဖြူကျွန်း-ပု) တစ်ပိဿာလျှင် ကျပ် ၁၃၅၀၀ မှ ကျပ် ၁၄၅၀၀ ထိလည်းကောင်း၊ ငရုတ်သီး(ပန်းရဲ-သစ်) တစ်ပိဿာလျှင် ကျပ် ၈၇၀၀ မှ ၉၀၀၀ ထိလည်းကောင်း၊ ငရုတ်သီး မြားနီ တစ်ပိဿာလျှင် ကျပ် ၈၅၀၀ မှ ကျပ် ၈၈၀၀ ထိ လည်းကောင်း၊ မန်ကျည်းသီး (ကပ်ပွင့်) တစ်ပိဿာလျှင် ကျပ် ၃၀၀၀ မှ ကျပ် ၃၁၀၀ ထိလည်းကောင်း၊ မန်ကျည်းသီး(အသား) တစ်ပိဿာလျှင် ကျပ် ၁၉၀၀မှ ကျပ် ၂၉၀၀ ထိလည်းကောင်း၊ မန်ကျည်းသီး(ရမည်းသင်း)(ခေါးစင်း) တစ်ပိဿာလျှင် ကျပ် ၂၇၀၀ မှ ၂၈၀၀ ထိလည်းကောင်း၊ ကြံသကာ(အိတ်သွတ်စ) တစ်ပိဿာလျှင် ကျပ် ၂၈၀၀ မှ ကျပ် ၃၀၀၀ လည်းကောင်း၊ ကြံသကာ (သစ်) တစ်ပိဿာလျှင် ကျပ် ၄၁၀၀ မှ ကျပ် ၄၂၀၀ ထိလည်းကောင်း၊ သကြား (ပြည်တွင်း) တစ်ပိဿာလျှင် ကျပ် ၄၀၇၀ မှ ကျပ် ၄၁၀၀ ထိလည်းကောင်း၊ ထန်းလျက်(တောင်သာ) တစ်ပိဿာလျှင် ကျပ် ၄၆၀၀ မှ ကျပ် ၄၇၀၀ ဖြင့်လည်းကောင်း၊ ထန်းလျက်(ညောင်ဦး) တစ်ပိဿာလျှင် ကျပ် ၃၇၀၀ မှ ကျပ် ၅၃၀၀ ထိလည်းကောင်း၊ ရေစကြိုထန်းလျက် တစ်ပိဿာလျှင် ကျပ် ၅၇၀၀ မှ ကျပ် ၅၈၀၀ ထိလည်းကောင်း၊ အာလူး (အောင်ပန်း-A1) တစ်ပိဿာလျှင် ကျပ် ၂၄၀၀၊ အာလူး (အောင်ပန်း-Ok) တစ်ပိဿာလျှင် ကျပ် ၂၄၀၀၊ အာလူး (အောင်ပန်း-S1) တစ်ပိဿာလျှင် ကျပ် ၂၄၀၀၊ အာလူး(အောင်ပန်း-S2) တစ်ပိဿာလျှင် ကျပ် ၂၄၀၀၊ အာလူး (အောင်ပန်း-S3) တစ်ပိဿာလျှင် ကျပ် ၁၉၀၀ ဖြင့်လည်းကောင်း၊ ကြက်သွန်နီ (ဆိပ်ဖြူ) တစ်ပိဿာလျှင် ကျပ် ၃၂၀၀ ထိလည်းကောင်း အသီးသီး ဖြစ်ပေါ်ခဲ့ပြီး ကြက်သွန်ဖြူနှင့် ထန်းလျက်များမှာ ဈေးနှုန်းမြင့်တက်လျက်ရှိပြီး ကျန်အခြေခံစားသောက်ကုန်ဈေးနှုန်းများ ဈေးနှုန်းအနည်းငယ်သာ အတက်အကျရှိကြောင်း သိရှိရသည်။

**နှင်းနွယ် (DOCAYGN)**

# OECDနှင့် ဂျပန်နိုင်ငံ၏ စီးပွားရေးအခြေအနေ

အာဆီယံဒေသတွင်း နိုင်ငံများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့အစည်း (The Organization for Economic Co-operation and Development-OECD)တို့၏ ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို Economic Survey of Japan 2024က စစ်တမ်းကောက်ယူကာ သုတေသနတစ်ခု ပြုလုပ်ခဲ့သည်။

စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့အစည်း (The Organization for Economic Co-operation and Development-OECD)ကို ၁၉၆၀ ပြည့်နှစ်၌ စတင်ဖွဲ့စည်းခဲ့ပြီး လက်ရှိတွင် အဖွဲ့ဝင်နိုင်ငံပေါင်း ၃၈ နိုင်ငံအထိရှိနေပြီဖြစ်သည်။ လက်ရှိတွင် အဆိုပါ အဖွဲ့အစည်းအတွက် Key Partners အဖြစ် ဘရာဇီး၊ တရုတ်၊ အိန္ဒိယ၊ အင်ဒိုနီးရှားနှင့် တောင်အာဖရိကနိုင်ငံများကို သတ်မှတ်ထားသည်ဟု သိရသည်။

OECD အဖွဲ့ဝင်နိုင်ငံများ၏ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမှာ ကမ္ဘာ့စုစုပေါင်း ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၏ ၈၀ရာခိုင်နှုန်းကို ကိုယ်စားပြုလျက်ရှိကြောင်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ ရရှိစေရေးအတွက် အဆိုပါ OECD အနေဖြင့် အဖွဲ့ဝင်နိုင်ငံများအပြင် အဖွဲ့ဝင်မဟုတ်သည့် နိုင်ငံများနှင့်ပါ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကို မြင်တွေ့ရမည်လည်းဖြစ်သည်။ OECD အနေဖြင့် အရှေ့တောင်အာရှနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်မှာ နှစ်ပေါင်း ၂၀ ကျော် ကြာမြင့်ခဲ့ပြီဖြစ်သည်။

ထို့ပြင် OECDသည်အခြားတစ်ဖက်တွင် Southeast Asia Regional Programme(SEARP)ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အဆိုပါ အစီအစဉ်အရ ရည်မှန်းချက်သုံးရပ်ဖြစ်သည့် Regional Integration Domestic Reformနှင့် OECD Engagement ရရှိစေရေးအတွက် စီးပွားရေးအရ ကြံ့ခိုင်ရည်စွမ်းကို မြှင့်တင်နိုင်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းစဉ်များ ပိုမိုလွယ်ကူချောမွေ့လာစေရေး၊ အစိမ်းရောင်နှင့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းစေရေး၊ ပုဂ္ဂလိကကဏ္ဍ အားကောင်းလာစေရေး စသည်တို့အတွက် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်သွားမည်လည်းဖြစ်သည်။

OECD ၏ Key Partners နိုင်ငံတစ်နိုင်ငံဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံတွင် ၂၀၁၅ခုနှစ်က OECD ကိုယ်စားလှယ်ရုံးကို ဖွင့်လှစ်နိုင်ခဲ့သည်။ ထိုသို့ဖွင့်လှစ်ခဲ့ချိန်မှစ၍ အင်ဒိုနီးရှား၊ အိန္ဒိယ၊ ထိုင်း၊ ဗီယက်နမ်၊ စင်ကာပူ၊ ဖိလစ်ပိုင် စသည့်နိုင်ငံများနှင့် OECD တို့သည် နိုင်ငံအလိုက် ပူးပေါင်းဆောင်ရွက်လျက်ရှိကြသည်။

ဂျပန်နိုင်ငံ၏ Real GDP Growth Rate မှာ ၂၀၂၃ ခုနှစ်တွင် ၁ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် ၁ရာခိုင်နှုန်းသာ ရှိနိုင်မည်ဖြစ်ကြောင်း ခန့်မှန်းထားကြသည်။ ဂျပန်နိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၂၃ ခုနှစ်တွင် ၃ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် ၂ ဒသမ ၆ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားသည်။ ဂျပန်နိုင်ငံအစိုးရ၏ ကြေငြာမှု ၂၀၂၃ ဘဏ္ဍာနှစ်တွင် စုစုပေါင်း ပြည်တွင်းထုတ်ကုန်(GDP)၏ ၂၄၃ ဒသမ ၅ ရာခိုင်နှုန်းနှင့် ၂၀၂၄ ဘဏ္ဍာနှစ်တွင် စုစုပေါင်းပြည်တွင်းထုတ်ကုန် (GDP) ၏ ၂၄၃ ဒသမ ၃ ရာခိုင်နှုန်းရှိနိုင်မည်ဟု ခန့်မှန်းထားသည်။

လက်ရှိ ၂၀၂၄ ခုနှစ်သို့ ဝင်ရောက်လာချိန်တွင် ဂျပန်နိုင်ငံအနေဖြင့် ဘဏ္ဍာရေး တည်ငြိမ်မှု သေချာစေရေး၊ ကုန်ထုတ်လုပ်မှု တိုးမြှင့်နိုင်ရေး၊ လူဦးရေ တိုးပွားလာစေရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများ ကျော်လွှားနိုင်ရေး စသည့် စိန်ခေါ်မှုလေးခုကို အဓိက ကြုံတွေ့နေရသည်။ ဘဏ္ဍာရေး တည်ငြိမ်မှု သေချာစေရေးအတွက် အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများနှင့် ဘဏ္ဍာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သည်။

ဂျပန်နိုင်ငံတွင် ဆေးရုံ၌ကာလရှည်ကြာ နေထိုင်စေ၍ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိခြင်းသည် ကျန်းမာရေးဆိုင်ရာ ကုန်ကျစရိတ်များကို မြင့်တက်စေပြီး OECD အဖွဲ့ဝင်နိုင်ငံများနှင့်နှိုင်းယှဉ်ပါက သုံးဆကျော် မြင့်မားလျက်ရှိသည်ကိုတွေ့ရှိရမည်ဖြစ်သည်။ သို့အတွက်ကြောင့် ကာလရှည်ကြာ ကျန်းမာရေးစောင့်ရှောက်မှုကို Long term home care စနစ်သို့ ပြောင်းလဲမည်ဆိုပါက ကျန်းမာရေးအတွက် ကုန်ကျစရိတ်များကို လျှော့ချနိုင်မည်ဖြစ်သည်။ **မြန်မာသူဇာ(စီးပွားရေးသံမှူး၊ တိုကျို)**

# ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံမှုများအတွက် မက်လုံးများ ပိုမိုပေးသွားရန် တောင်ကိုရီးယားသမ္မတ ယွန်းဆုခ်ယော် ကတိပြု

တောင်ကိုရီးယားနိုင်ငံအား ရင်းနှီးမြှုပ်နှံသူများအတွက် အထူးသင့်လျော် ကောင်းမွန်သည့် နိုင်ငံတစ်ခုဖြစ်လာစေရေးအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စည်းမျဉ်းများနှင့်မူဝါဒများကို ဖြေလျှော့ပေးသွားမည့်အပြင် မက်လုံးများ ပိုမိုပေးသွားမည်ဟု သမ္မတယွန်းဆုခ်ယော်က ဖေဖော်ဝါရီ ၁၄ ရက်တွင် ကျင်းပခဲ့သည့် ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံသည့်ကုမ္ပဏီများ၏ ကိုယ်စားလှယ်များနှင့် တွေ့ဆုံ၍ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည့် အခမ်းအနားတွင် ပြောကြားခဲ့သည်။ အဆိုပါ အခမ်းအနားကို တောင်ကိုရီးယားနိုင်ငံ၊ ဆိုးလ်မြို့ရှိ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံးတွင် ကျင်းပခဲ့ကြောင်းသိရသည်။

ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စည်းမျဉ်းများနှင့် မူဝါဒများကို ဖြေလျှော့ပေးရာတွင်ကမ္ဘာ့အဆင့် စံချိန်စံညွှန်းများအတိုင်း (သို့မဟုတ်) ကမ္ဘာ့အဆင့် စံချိန်စံညွှန်းများထက် သာလွန်ကောင်းမွန်သော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒများနှင့် စည်းမျဉ်းများရှိသည့် နိုင်ငံတစ်ခုဖြစ်လာစေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အမျိုးမျိုးသော အခွန်သက်သာခွင့်များနှင့် ဘဏ္ဍာရေး အထောက်အပံ့များ ပေးအပ်သွားနိုင်ရေးအတွက် အမျိုးသားလွှတ်တော်နှင့် ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း သမ္မတ ယွန်းက ကတိပြုခဲ့ခြင်းဖြစ်သည်။

ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီများကိုပေးမည့်မက်လုံးအသစ်များသည် တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးတိုးတက်မှုအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများက



ပံ့ပိုးကူညီပေးမှုထက် ပိုမိုလိမ့်မည်ဟု သမ္မတယွန်းက ပြောကြားခဲ့သည်။

တောင်ကိုရီးယားနိုင်ငံတွင် ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီစုစုပေါင်း ၁၇၉၀၀ကျော်ရှိပြီး ယင်းတို့မှ ပြည်ပသို့ တင်ပို့နိုင်မှုပမာဏသည် စုစုပေါင်းတင်ပို့မှု၏ ၂၀ ရာခိုင်နှုန်းရှိကြောင်း၊ ထို့ပြင် အလုပ်အကိုင်ခန့်ထားမှုတွင်လည်း တစ်နိုင်ငံလုံး၏ စုစုပေါင်း အလုပ်အကိုင် ခန့်ထားမှု၏ ၆ ရာခိုင်နှုန်းရှိကြောင်း ကုန်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာနက ပြောကြားခဲ့သည်။ တောင်ကိုရီးယားနိုင်ငံသည် ပြည်ပပို့ကုန်တင်ပို့မှုအပေါ် မှီခိုအားထားသည့် နိုင်ငံဖြစ်သည့်အပြင် ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံသည့်ကုမ္ပဏီများမှပေးသော မြင့်မားသည့် လစာအဆင့်အတန်းနှင့် သင့်လျော်သော အရည်အသွေးကြောင့် လူငယ်များက နှစ်သက်လေးစားကြကြောင်း၊ ယခုအချိန်သည် အစိုးရက ပြန်လည် ပေးအပ်ရမည့်အချိန်ဖြစ်ကြောင်း သမ္မတယွန်းက ပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၇၂ ဘီလီယံ တန်ဖိုးရှိ ပြည်ပရင်းနှီးမြှုပ်နှံမှုများလာရောက်လျှောက်ထားခဲ့ပြီး အမှန်တကယ် ငွေပေးချေရင်းနှီးမြှုပ်နှံမှုသည် အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၇၉ ဘီလီယံအထိ ရောက်ရှိမြင့်မားခဲ့ကြောင်း၊ လာရောက်ရင်းနှီးမြှုပ်နှံမှု မြင့်မားလာသည့်နိုင်ငံများမှာ တရုတ်နိုင်ငံ၊ ဟောင်ကောင်နှင့် ထိုင်ဝမ်တို့ဖြစ်ကြကြောင်း၊ ယခင်နှစ်ကထက် ၆၅ ရာခိုင်နှုန်း မြင့်မားခဲ့ကြောင်း၊ အမေရိကန်ပြည်ထောင်စု၊ ဥရောပသမဂ္ဂနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့မှ လာရောက်ရင်းနှီးမြှုပ်နှံရန် ကတိကဝတ်များသည် ယခင်နှစ်ကထက် လျော့ကျခဲ့ကြောင်း၊ ကဏ္ဍအလိုက်အနေဖြင့်လေ့လာလျှင် ကုန်ထုတ်လုပ်မှုကဏ္ဍတွင် လာရောက်ရင်းနှီးမြှုပ်နှံမှု ၄ဒသမ၅ ရာခိုင်နှုန်း လျော့ကျခဲ့သော်လည်း ဘဏ္ဍာရေးနှင့် အာမခံလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းများနှင့် အိမ်ထောင်စုများကိုဝန်ဆောင်မှုပေးသည့်လုပ်ငန်းများနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍတို့တွင် လာရောက် ရင်းနှီးမြှုပ်နှံမှုနှစ်ဆကျော် တိုးတက်ခဲ့ကြောင်း၊ OECD စာရင်းများအရ ၂၀၂၃ ခုနှစ်အတွင်း တစ်ကမ္ဘာလုံးတွင် ရင်းနှီးမြှုပ်နှံမှုဝင်ရောက်ခြင်းသည် ယခင်နှစ်ကထက် ၂၆ ရာခိုင်နှုန်း လျော့ကျနေသော်လည်း တောင်ကိုရီးယားနိုင်ငံတွင် ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံမှု မြင့်မားနေကြောင်း ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာနက ပြောကြားခဲ့သည်။

**ပပ(ဆိုးလ်မြို့၊ စီးပွားရေးသံမှူး)**

# ကမ္ဘာ့စီးပွားရေး အင်အားကြီး နိုင်ငံအဖြစ်မှ ဂျပန်အဆင့်လျော့ကျသွားခဲ့

၂၀၂၃ ခုနှစ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းဆိုင်ရာ နောက်ဆုံးထုတ်ပြန်ခဲ့သည့် အချက်အလက်များအရ ဂျပန်နိုင်ငံ၏စီးပွားရေးမှာ ကမ္ဘာ့စတုတ္ထအဆင့်သို့ အဆင့်လျော့ကျခဲ့ကြောင်းနှင့် ထိုသို့ဖြစ်ရခြင်းမှာ ဂျပန်နိုင်ငံတွင် ယန်းငွေတန်ဖိုးကျဆင်းခြင်းနှင့်သက်ကြီးရွယ်အိုဦးရေ များပြားလာပြီး ကုန်ထုတ်လုပ်မှု ကျဆင်းခဲ့ခြင်းကြောင့်ဖြစ်သည်။

ဂျပန်နိုင်ငံ၏ နှစ်စဉ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာ ၂၀၂၃ ဘဏ္ဍာနှစ် စတုတ္ထသုံးလပတ်ကာလအတွင်း ၁ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့ကြောင်းနှင့် ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးမှာအမေရိကန်ဒေါ်လာဖြင့် ကြည့်မည်ဆိုပါက ဂျာမနီနိုင်ငံအောက်သို့ ကျဆင်းခဲ့ကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံ၏ GDP မှာ ၂၀၁၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆ဒသမ၃ ထရီလီယံရှိခဲ့ရာမှ ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄ဒသမ ၂ ထရီလီယံသို့ လျော့ကျခဲ့ကြောင်း နိုင်ငံတကာငွေကြေး ရန်ပုံငွေအဖွဲ့၏ ထုတ်ပြန်ချက်အရ သိရှိရကြောင်း၊ ဂျပန်နိုင်ငံ၏ ယန်းငွေတန်ဖိုးမှာ အမေရိကန်တစ်ဒေါ်လာလျှင် ယန်း ၈၀ ရှိခဲ့ရာမှ ၂၀၂၃ ဘဏ္ဍာနှစ်တွင် ၁၄၁ ယန်းအထိ တန်ဖိုးကျဆင်းခဲ့ကြောင်း ဖော်ပြထားသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာ ဂျပန်နိုင်ငံကို ၂၀၂၆ ခုနှစ်တွင်လည်းကောင်း၊ ဂျာမနီနိုင်ငံကို ၂၀၂၇ ခုနှစ်တွင်လည်းကောင်း ကျော်လွန်သွားနိုင်ကြောင်း နိုင်ငံတကာငွေကြေး ရန်ပုံငွေအဖွဲ့၏ ထုတ်ပြန်ချက်အရ သိရှိရသည်။ ထို့ပြင် ၂၀၂၃ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၏ လူဦးရေသည် တရုတ်နိုင်ငံကို ကျော်လွန်ခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံတွင် အသက် (၁၅) နှစ်နှင့် (၆၄) နှစ်ကြားလူဦးရေမှာ နိုင်ငံ့လူဦးရေ၏ သုံးပုံနှစ်ပုံကျော်ရှိသည့်အတွက် ကုန်ထုတ်လုပ်မှုများ ပိုမိုထုတ်လုပ်နိုင်ပြီး နည်းပညာတီထွင်ဆန်းသစ်မှုများလည်း ပိုမိုဆောင်ရွက်လာနိုင်သည့်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာလည်း ဆက်လက်မြင့်တက်နိုင်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံအနေဖြင့်လည်း နိုင်ငံ၏မော်တော်ယာဉ်ထုတ်လုပ်မှုအတွက် အရေးပါသည့် တစ်ပိုင်းလျှပ်ကူးပစ္စည်းများကို ပြည်တွင်း၌ လုံလောက်စွာ ရရှိထားနိုင်ရေးနှင့် ကုန်ထုတ်လုပ်မှုများ မြှင့်တင်နိုင်ရေးအတွက် အစိုးရမှ ပံ့ပိုးထောက်ပံ့မှုများ ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် လက်ရှိ တစ်ပိုင်းလျှပ်ကူးပစ္စည်း ထုတ်လုပ်နိုင်မှု၏ သုံးဆဖြစ်သော ယန်း ၁၅ ထရီလီယံကျော်တန်ဖိုးရှိ တစ်ပိုင်းလျှပ်ကူးပစ္စည်းများကို ၂၀၃၀ ပြည့်နှစ်တွင် ပြည်တွင်း၌ ထုတ်လုပ်ရောင်းချနိုင်ရေးကို ကာလရှည် မျှော်မှန်းချက်အနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားသည်။

<u>**သုံးသပ်တင်ပြချက်**</u>

နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ၏ ဖေဖော်ဝါရီ ၁၄ ရက် ထုတ်ပြန်ချက်အရ အမေရိကန်ပြည်ထောင်စု၏ Nominal GDP မှာ အမေရိကန်ဒေါ်လာ ၂၇ဒသမ၉၇ ထရီလီယံ၊ တရုတ်နိုင်ငံ၏ Nominal GDP မှာ အမေရိကန်ဒေါ်လာ ၁၈ဒသမ၅၆ ထရီလီယံ၊ ဂျာမနီနိုင်ငံ၏ Nominal GDP မှာ ၄ဒသမ၇ ထရီလီယံနှင့် ဂျပန်နိုင်ငံ၏ Nominal GDP မှာ အမေရိကန်ဒေါ်လာ ၄ဒသမ ၂၉ ထရီလီယံရှိကြောင်း တွေ့ရသည်။

**သူဇာဖြိုး(စီးပွားရေးသံမှူး)**
**မြန်မာသံရုံး၊ တိုကျိုမြို့**

# ဗီယက်နမ်ကုမ္ပဏီ ငါးခု အင်ဒိုနီးရှား၏ ဆန်အဝယ်တင်ဒါ အောင်မြင်

၂၀၂၄ ခုနှစ်အတွက် ရေးဆွဲထားသော စီမံချက်နှင့်အညီ ဆန် တန်ချိန် ၃ သန်းခန့် တင်သွင်းရန် အင်ဒိုနီးရှားနိုင်ငံ၏ လျာထားချက်သည် ဖိလစ်ပိုင်နိုင်ငံက တင်သွင်းရန် စီစဉ်ထားသော ဗီယက်နမ် ဆန်ပမာဏနှင့် တူညီလုနီးပါးရှိကြောင်း၊ ကမ္ဘာ့ဆန်အများဆုံး တင်သွင်းသော နိုင်ငံတစ်ခု ဖြစ်လာမည့် အင်ဒိုနီးရှားသည် ဗီယက်နမ် ဆန်တင်ပို့မှုနယ်ပယ်အတွက်လည်း အဓိက ဖောက်သည်တစ်ဦး ဖြစ်လာမည်ဖြစ်ကြောင်း ဟန္နိုင်းအခြေစိုက် Vietnam News သတင်းဌာန၏ ဖော်ပြချက်အရ သိရှိရသည်။



ဇန်နဝါရီလတွင် အင်ဒိုနီးရှားနိုင်ငံပိုင် ထောက်ပံ့ပို့ဆောင်ရေးအေဂျင်စီ(BULOG) သည် နိုင်ငံ၏ အရန်စားနပ်ရိက္ခာများ အားကောင်းလာစေရန် ဆန်တန်ချိန် ၅၀၀၀၀၀ တင်သွင်းမှု တင်ဒါခေါ်ယူခြင်းကို စတင်ဆောင်ရွက်ခဲ့သည်။ BULOG ၏ တင်ဒါသည် ဇန်နဝါရီလ ၃၀ ရက်တွင် ပိတ်သိမ်းခဲ့ချိန်၌ ဗီယက်နမ်ကုမ္ပဏီ ငါးခုသို့ ဖြန့်ဝေခဲ့သော လေလံ ၁၇ စောင်အနက် ရှစ်စောင်အား ဗီယက်နမ်မှအောင်မြင်ခဲ့ကြောင်း သိရသည်။

ဗီယက်နမ်မှ ဆန်တင်ပို့သည့် ကုမ္ပဏီများအနက် Loc Troi Group Joint Stock Company သည် လေလံအမှတ်(၈)နှင့်(၁၄)ကိုလည်းကောင်း၊ Northern Food Corporation (Vinafood 1) သည် လေလံအမှတ် (၁၅) နှင့် (၁၆) ကိုလည်းကောင်း၊ Southern Food Corporation (Vinafood 2) သည် လေလံအမှတ်(၃)နှင့် (၉)ကိုလည်းကောင်း လေလံ ၂ ခုစီအား အသီးသီး အောင်မြင်ခဲ့ကြကြောင်း BULOG ၏ ပြောကြားချက်အရ သိရှိရသည်။

အခြား ဗီယက်နမ်ကုမ္ပဏီများဖြစ်သည့် Kien Giang Import-Export Joint Stock Company သည် လေလံအမှတ် (၁၂) ကိုလည်းကောင်း၊ Phat Tai Food Limited Company သည် လေလံအမှတ် (၁၁) ကိုလည်းကောင်း အောင်မြင်ခဲ့သည်။ အင်ဒိုနီးရှား၏ ဆန်အဝယ်တင်ဒါတွင် ဗီယက်နမ်သည် ကုမ္ပဏီများစွာ ပါဝင်ယှဉ်ပြိုင်ခဲ့သည့် တစ်ခုတည်းသောနိုင်ငံဖြစ်ပြီး ဆန်ပမာဏများစွာအတွက် အောင်မြင်ခဲ့ခြင်းဖြစ်သည်။ စင်ကာပူကုန်သွယ်မှုကုမ္ပဏီ R&S Trader PTE တစ်ခုတည်းမှ လေလံ(၁၀)၊ (၁၃) နှင့် (၁၇) တို့ကို အောင်မြင်ခဲ့ကြောင်း သိရှိရသည်။

တရုတ်နိုင်ငံကို ကျော်လွန်လျက် ဗီယက်နမ်၏ ဆန်တင်ပို့မှု ဒုတိယအများဆုံး ဈေးကွက်ဖြစ်လာမည့် အင်ဒိုနီးရှားနိုင်ငံသို့ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သန်း ၆၄၀ ရှိသော ဆန်တန်ချိန် ၁ ဒသမ ၁၆ သန်းကို တင်ပို့မည်ဖြစ်ရာ ၂၀၂၃ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၈၇၇ ရာခိုင်နှုန်းမှ ၉၉၂ ရာခိုင်နှုန်းအထိ သိသာစွာ တိုးတက်လာကြောင်း ဗီယက်နမ် အကောက်ခွန်ဌာန၏ အချက်အလက်များအရ သိရှိရသည်။ အင်ဒိုနီးရှား၏ ဆန်တန်ချိန်၅၀၀၀၀၀တင်ဒါခေါ်ယူမှုတွင် ဗီယက်နမ်ကုမ္ပဏီများက သုံးပုံနှစ်ပုံခန့်ကို တင်ဒါအောင်မြင်ခဲ့ခြင်းဖြစ်ကြောင်း ကျွမ်းကျင်သူများက ပြောဆိုခဲ့ကြသည်။

ဗီယက်နမ်စားနပ်ရိက္ခာအသင်း (VFA) ၏ ၂၀၂၄ ခုနှစ် ဇန်နဝါရီလအတွက် နောက်ဆုံးရရှိသော အချက်အလက်များအရ ဈေးနှုန်းအတက်အကျ အနည်းငယ်ရှိသော်လည်း နိုင်ငံ၏ ဆန်တင်ပို့မှု ဈေးနှုန်းမှာ ၂၀၂၃ ခုနှစ်ကုန်ပိုင်းနှင့် နှိုင်းယှဉ်ပါက တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၁ ဒေါ်လာခန့် ကျဆင်းသွားကြောင်း၊ ၂၀၂၄ ခုနှစ် ဇန်နဝါရီလနှောင်းပိုင်း ဆန်ကွဲပါဝင်မှု ၅ရာခိုင်နှုန်းရှိသော ဗီယက်နမ်ဆန်၏ပို့ကုန်တန်ဖိုးမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၄၂ ဒေါ်လာဖြစ်ကြောင်း သိရှိရသည်။

လက်ရှိကာလတွင် ဆန်ကွဲ ၅ရာခိုင်နှုန်း ပါဝင်သောဆန်များ၏ဈေးနှုန်းမှာ ထိုင်းဆန် တစ်တန်လျှင် ၆၅၅ ဒေါ်လာနှင့် ပါကစ္စတန်ဆန် တစ်တန်လျှင် ၆၃၈ ဒေါ်လာနှုန်းရှိသဖြင့် ဗီယက်နမ်ဆန်သည် တစ်တန်လျှင် ထိုင်းဆန်ထက် ၁၃ ဒေါ်လာခန့် ဈေးသက်သာမှုရှိပြီး ပါကစ္စတန် ဆန်ထက် တစ်တန်လျှင် ၄ ဒေါ်လာခန့် ဈေးပိုမိုမြင့်မားလျက်ရှိကြောင်း သိရသည်။

ဆန်လက်ကျန် ကန့်သတ်ချက်ရှိသည့်အတွက် လက်ရှိဗီယက်နမ်ဆန်၏ ပို့ကုန်ဈေးနှုန်းများမှာ မြင့်မားမှုမရှိကြောင်း၊ ဆန်ပို့ကုန်လုပ်ငန်းများသည် ဖေဖော်ဝါရီလကုန် သို့မဟုတ် မတ်လလဆန်းပိုင်းတွင် ပြန်လည်စတင်နိုင်ဖွယ်ရှိကြောင်း၊ ယခုကာလအတွင်း ဆန်ကုမ္ပဏီများသည် စာချုပ်အသစ်များ ထပ်မံချုပ်ဆိုခြင်းကို မပြုလုပ်ဘဲ ပြည်တွင်းဈေးကွက်အပေါ်တွင်သာ အာရုံစိုက်ထားပြီး ဗီယက်နမ် နှစ်သစ်ကူးအတွက် ပြင်ဆင်လျက်ရှိကြောင်း ကုန်သည် အသိုင်းအဝိုင်း၏ ပြောကြားချက်အရ သိရှိရသည်။

**DPTM - DOCA**

**Source: Vietnam Plus, 2 February 2024**

## ဆန်မျိုးကွဲ အချို့အတွက် HSN codes အသစ်များတီထွင်ရန် အိန္ဒိယ ကြိုးပမ်း

အိန္ဒိယနိုင်ငံတွင် ပြည်သူများ အစဉ်အလာအားဖြင့် စားသုံးလေ့ မရှိသော ဆန်မျိုးကွဲအချို့ကို ပြည်ပသို့တင်ပို့နိုင်ရန်အတွက် အိန္ဒိယ လယ်ယာစိုက်ပျိုးရေးနှင့် ပြုပြင်ထုတ်လုပ်ပြီး စားသောက်ကုန်များ တင်ပို့မှု ဖွံ့ဖြိုးတိုးတက်ရေး အာဏာပိုင်အဖွဲ့ (APEDA) သည် ဆန်နီ (Red Rice)၊ ငချိတ်ဆန် (Black Rice) နှင့် ကာလာနာမက်ဆန် (Kalanamak Rice) ဟုခေါ်ဆိုသည့် စပါးခွံ အမည်းဆန်ကဲ့သို့သော ပထဝီ ကုန်အညွှန်းအမှတ်အသား(GI)များရှိသည့် ဆန်မျိုးကွဲများအတွက် သီးခြား HSN codes များကို တီထွင်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အိန္ဒိယကူးသန်းရောင်းဝယ်ရေးဌာနမှ တွဲဖက်အတွင်းဝန် Rajesh Agarwal က ပြည်တွင်း၌ ဘာစမာတီမဟုတ်သော ဆန်မျိုးကွဲပေါင်း ၄၀ မှ ၅၀ ခန့်ရှိကြောင်း၊ အစိုးရက ဆန်တင်ပို့မှုကို ပိတ်ပင်ချိန်၌ Sona Masuri ၊ Govind Bhog နှင့် Kalanamak သို့မဟုတ် ဘာစမာတီမဟုတ်သော သာမန်ဆန်ဖြူတို့ကဲ့သို့သော ဆန်မျိုးကွဲများအားလုံးအပေါ် အကျိုးသက်ရောက်မှုဖြစ်စေခဲ့ကြောင်း၊ ဆန်မျိုးကွဲအချို့အတွက် HSN code အသစ် တီထွင် သတ်မှတ်ရန် ဆောင်ရွက်ရခြင်းမှာ ဆန်လုပ်ငန်းနယ်ပယ်၏ တောင်းဆိုမှုကြောင့်ဖြစ်ပြီး သက်ဆိုင်သူများအားလုံးများနှင့် အသေးစိတ်ဆွေးနွေးပြီးပါက အဆိုပါကိစ္စအတွက် ဆုံးဖြတ်ချက် ချမှတ်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံအတွင်း အဓိကစားသုံးသည့် သာမန် ဆန်မျိုးကွဲများကို လယ်သမားများက ဆက်လက်ထုတ်လုပ်စေရန် မက်လုံးများပေး၍ ဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

လက်ရှိကာလတွင်အိန္ဒိယနိုင်ငံ၌ဘာစမာတီမဟုတ်သော ဆန်အတွက် HSN codes ၆ မျိုးနှင့် ဘာစမာတီ ဆန်အတွက် HSN code တစ်မျိုးရှိကြောင်း သိရသည်။ ၂၀၂၄ခုနှစ်အတွင်း အိန္ဒိယနိုင်ငံ၏ဆန်တင်ပို့မှုအပေါ် ပင်လယ်နီအကျပ်အတည်း ရိုက်ခတ်မည်ဟု ခန့်မှန်းရသဖြင့် ယခုကဲ့သို့ ဆောင်ရွက်မှုသည် အရေးပါလာခြင်းဖြစ်သည်။ အစိုးရက ဆန်၊ သကြားနှင့် ဂျုံတို့တင်ပို့မှုအပေါ် ကန့်သတ်ပိတ်ပင်ခဲ့သဖြင့် အိန္ဒိယ၏ လယ်ယာထွက်ကုန် တင်ပို့မှုမှာ ၉ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ ၂၀၂၂-၂၃ ဘဏ္ဍာနှစ်၌ အိန္ဒိယနိုင်ငံသည် ဆန်တန်ချိန် ၂၂ သန်း တင်ပို့ခဲ့ပြီး ယခုနှစ်တွင်မူ ဆန်တင်ပို့ ရန် ပိုလျှံ မှုရှိ/မရှိ သေချာရေရာမှုမရှိသဖြင့် ဘာစမာတီ မဟုတ်သောဆန်ကို တင်ပို့သွားမည် မဟုတ်ကြောင်း သိရသည်။

**Dr. MMH, DOCA**

**Source: Economic Times, 13 February 2024**

## စပါးစိုက်ပျိုးမှု လျှော့ချ၍ အခြားသီးနှံများ တိုးချဲ့စိုက်ပျိုးမည်ဟု ကိုရီးယားအစိုးရ ပြောကြား

တောင်ကိုရီးယားနိုင်ငံ၌ ၂၀၂၄ခုနှစ်အတွင်း ဆန်ရောင်းလိုအားကို အသင့်လျော်ဆုံးအနေအထားဖြင့် ဈေးနှုန်းများကို ထိန်းသိမ်းနိုင်ရန်အတွက် ဒေသစပါးများအား ဟက်တာ ၂၆၀၀၀ ခန့် လျှော့ချ စိုက်ပျိုးရန် စီစဉ်လျက်ရှိကြောင်း သိရှိရသည်။



၂၀၂၄ ခုနှစ်အတွက် စံသတ်မှတ်ထားရှိသင့်သည့် စပါးစိုက် ဧရိယာ ပမာဏသည် ဟက်တာ ၆၉၉၀၀၀ ခန့်ရှိကြောင်း အစိုးရ၏ ဆန်းစစ်လေ့လာတွေ့ရှိချက်အရ ယခုကဲ့သို့ စပါးစိုက်ဧရိယာ လျှော့ချရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ကိုရီးယား စိုက်ပျိုးရေး၊ စားနပ်ရိက္ခာနှင့် ကျေးလက်ရေးရာ ဝန်ကြီးဌာနက ဖေဖော်ဝါရီ ၇ ရက်က ပြောကြားခဲ့သည်။

အစိုးရ၏ သီးနှံစိုက်ပျိုးရေး လျာထားချက်တွင် စပါးစိုက်ပျိုးမှု လျှော့ချမည့်မြေနေရာ၌ ပဲမျိုးစုံနှင့် ပြောင်းတို့ကဲ့သို့သော အခြားသီးနှံများကို ဟက်တာ ၁၅၁၀၀ အထိ ပြောင်းလဲစိုက်ပျိုးနိုင်ရန် တောင်သူများသို့ စည်းရုံးဆောင်ရွက်မည်ဖြစ်သည်။ အစိုးရအနေဖြင့် စပါးအစား ပဲမျိုးစုံကို တိုးချဲ့စိုက်ပျိုးသော လယ်သမားများသို့ စိုက်ပျိုးစရိတ် တိုးမြှင့်ထောက်ပံ့မှုပေးမည်ဖြစ်ရာ ၂၀၂၃ ခုနှစ်အတွင်း သီးနှံစိုက်ဧရိယာ ၁ ဟက်တာလျှင် ဝမ်ငွေ ၁သန်း(၇၅၃ အမေရိကန်ဒေါ်လာ) နှုန်းထားဖြင့် ပံ့ပိုးခဲ့ရာမှ ယခုနှစ်တွင် ဝမ်ငွေ ၂ သန်းနှုန်း ပေးအပ်မည်ဖြစ်ကြောင်း သိရှိရသည်။

စပါးစိုက်ပျိုးမှု ဧရိယာပမာဏကို လျှော့ချလျက် သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုကို အသင့်တင့်ဆုံး အခြေအနေသို့ရောက်ရှိအောင် တွန်းအားပေး ဆောင်ရွက်ခြင်းဖြင့် ဈေးနှုန်းများ တည်ငြိမ်မှုကို ရရှိမည်ဖြစ်ကြောင်း၊ ထို့အပြင် ထုတ်လုပ်မှုမှ ပိုလျှံသည့် ဆန်စပါးများကို အစိုးရက ဝယ်ယူရသည့် ကုန်ကျစရိတ်များကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း ကိုရီးယား စိုက်ပျိုးရေးဝန်ကြီးဌာနက ဖော်ပြထားသည်။

ကိုရီးယားလူမျိုးများအတွက် ဆန်သည် အဓိက အစားအစာဖြစ်သော်လည်း အာဟာရရှုထောင့်အရ အတိုင်းအချင့်ဖြင့် စားသုံးမှုပြုသည့် အလေ့အထများ ပြောင်းလဲလာသည့်အလျောက် ၁၉၈၀ ပြည့်နှစ်နောက်ပိုင်းမှစ၍ ဆန်စားသုံးမှုမှာ တဖြည်းဖြည်း ကျဆင်းလာခဲ့သည်။ ၂၀၂၃ ခုနှစ်အတွင်း တောင်ကိုရီးယား နိုင်ငံသားတစ်ဦးချင်း၏ ပျမ်းမျှ ဆန်စားသုံးမှုမှာ ၅၆ ဒသမ ၄ ကီလိုဂရမ်ရှိပြီး ယခင်နှစ် စားသုံးမှုအောက် သုည ဒသမ ၃ ကီလိုဂရမ် သို့မဟုတ် သုည ဒသမ ၆ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ကိုရီးယားစာရင်းအင်းဌာန၏ အချက်အလက်များအရ သိရှိရသည်။

အဆိုပါ ပျမ်းမျှဆန်စားသုံးမှုနှုန်းထားသည် ဆက်စပ်သည့် ကိန်းဂဏန်းအချက်အလက်များအား အစိုးရက မှတ်တမ်း တင်ပြုစုမှု စတင်ထားခဲ့သည့် ၁၉၆၂ခုနှစ် နောက်ပိုင်းတွင် အနိမ့်ကျဆုံးဖြစ်ကြောင်း၊ လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကာလတွင် နိုင်ငံသားတစ်ဦး တစ်နှစ် ပျမ်းမျှဆန်စားသုံးမှု ၁၂၂ ဒသမ တစ်ကီလိုဂရမ်နှင့် နှိုင်းယှဉ်ပါက ၂၀၂၃ ခုနှစ်အတွက် စားသုံးမှုနှုန်းသည် ထက်ဝက်ခန့်သာရှိကြောင်း သိရသည်။

**UNAL - DOCA**

**Source: Yonhap News Agency, 7 Feb 2024**

aung pyitan
SINCE 1992







Hotline : 09 881 881 421 / Website : www.aungpyitan.com




AGGC
Lot 9, Parami Valley, Mindama Road, Mayangone Township, Yangon, Myanmar.
Tel: +95-78 5000001, 78 5000002, 78 5000003, 78 5000004, 78 5000005
Email : info@aungyigroup.com www.aungyigroup.com

# R TWO TRADERS
## COMPANY LIMITED

WARREN®
World Class Lubricants

CHAMPION®
HI-TECH® LUBRICANTS

WARCO®

Add : No.54, Khaymarthi Street, North Okkalapa Industrial Zone(1), Yangon, Myanmar.
Ph : (951) 09883632862, 095047019
Email : eithuzarhtwe@gmail.com







## SOUTHERN VILLE COMPANY LIMITED

*Importer of high-quality power cables and accessories from international manufacturers*

NO.2905, INDUSTRIAL ZONE RD, INDUSTRIAL ZONE-2, SOUTH DAGON INDUSTRY, 63 WARD, SOUTH DAGON TOWNSHIP, YANGON REGION
09 881 888 445
INFO@SOUTHERNVILLE.COM.M
M

# ဒီဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ ပေါင်းစပ်ညှိနှိုင်းမှု လုပ်ငန်းကော်မတီပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ဒီဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ (Digital Economy Development Committee-DEDC)၊ ပေါင်းစပ်ညှိနှိုင်းမှု လုပ်ငန်းကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/ ၂၀၂၄)ကို ဖေဖော်ဝါရီ ၂၁ ရက် မွန်းလွဲ ၁ နာရီခွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၃) ညီလာခံခန်းမ၌ ဥက္ကဋ္ဌ(၁)ဖြစ်သူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဥက္ကဋ္ဌ(၂) ဖြစ်သူ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးတို့ ဦးဆောင်၍ ပြုလုပ်ခဲ့သည်။

အစည်းအဝေးသို့ ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၊ ပေါင်းစပ်ညှိနှိုင်းမှု လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ကော်မတီအောက်ရှိ လုပ်ငန်းကော်မတီများ၏ အတွင်းရေးမှူးများ၊ DEDC Joint Task Force မှ တာဝန်ရှိသူများ၊ DEDC အတွင်းရေးမှူး(၁)ရုံးအဖွဲ့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ဒီဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ကော်မတီ၊ လုပ်ငန်းကော်မတီအသီးသီးမှ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် ဆက် လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းမှုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ(၁)နှင့် ဥက္ကဋ္ဌ(၂)တို့ထံ တင်ပြခဲ့ကြပြီး DEDC Joint Task Force က ပြန်လည် သုံးသပ်မွမ်းမံပြင်ဆင်ရေးဆွဲထားသည့် မြန်မာဒီဂျစ်တယ်စီးပွားရေး လမ်းပြမြေပုံအသစ် (ပထမမူကြမ်း)ကို အပြီးသတ်ဆွေးနွေး၍ အတည်ပြုနိုင်ခဲ့ကြောင်း သိရသည်။

မြန်မာဒီဂျစ်တယ်စီးပွားရေး လမ်းပြမြေပုံ (အသစ်)ကို မြန်မာနိုင်ငံ၏ဖွံ့ဖြိုးမှု ကဏ္ဍအသီးသီးတွင် ဒီဂျစ်တယ်အသွင်သို့ ကူးပြောင်းဆောင်ရွက်ခြင်းအားဖြင့် အားလုံးပါဝင်သည့် ဒီဂျစ်တယ်စီးပွားရေး ပီပြင်စွာပေါ်ထွန်းလာစေပြီး ပြည်သူ တစ်ရပ်လုံး၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန် မျှော်မှန်း၍ အာဆီယံဒေသတွင်း၌ ညှိနှိုင်းနေသော E-Commerce ဆိုင်ရာ သဘောတူညီချက်များ၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (World Trade Organization-WTO) တွင် ဆွေးနွေးဆောင်ရွက်နေသော E-Commerce ဆိုင်ရာ မူဘောင်သဘောတူညီချက်များနှင့်အညီ ရေးဆွဲဆောင်ရွက်နေခြင်းဖြစ်သည်။

အဓိကရည်မှန်းချက်အနေဖြင့် ဒီဂျစ်တယ်စီးပွားရေးဖော်ဆောင်မှုကို ဒီဂျစ်တယ်မြန်မာ (Digital Myanmar) အမျိုးသားရေး လှုပ်ရှားမှုအသွင်ဖြင့် ဦးတည်ဆောင်ရွက်ပြီး မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသအတွင်း ဒီဂျစ်တယ် စီးပွားရေးကဏ္ဍ၌ တိုးတက်မှုနှုန်းမြင့်မားသော နိုင်ငံတစ်ခုအဖြစ် ဖြစ်ပေါ်လာစေရန် ဖြစ်သည်။



ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အဓိကမောင်းနှင်အားသည် အငယ်စား၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ (Micro, Small & Medium Enterprises - MSMEs) ဖြစ်ပြီး ၎င်းတို့တိုးတက်မှုရှိပါမှ ထို နိုင်ငံ၏စီးပွားရေးလည်း ဖွံ့ဖြိုးတိုးတက်မည်။ လုပ်ငန်းစတင်ရန် အရင်းအနှီး မလုံလောက်မှုသည် MSMEs များ၏ အဓိကစိန်ခေါ်မှုများတွင် တစ်ခုအပါအဝင် ဖြစ်သည်။ ခေတ်မီဒီဂျစ်တယ် နည်းပညာများကို အသုံးပြု၍ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် အချိန်၊ ငွေ၊ ဝန်ထမ်းအင်အားတို့ကို လျှော့ချနိုင်ပြီး ထိရောက်သော အောင်မြင်မှုများကို အချိန်တိုအတွင်း ရယူနိုင်မည့် အခွင့်အလမ်းကောင်းများကို ဒီဂျစ်တယ်စီးပွားရေးက ပေးစွမ်းနိုင်သည်။

ယနေ့ခေတ်ကာလသည် ဒီဂျစ်တယ်နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ ကမ္ဘာတစ်လွှားရှိ အငယ်စား၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်း များသည်လည်း ခေတ်မီနည်းပညာများကို အသုံးပြု၍ ဒီဂျစ်တယ်စီးပွားရေးအသွင် ဖော်ဆောင်ကာ ဆောင်ရွက်လျက်ရှိကြသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံ ဒီဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီက ပြင်ဆင်ရေးဆွဲ ဆောင်ရွက်လျက်ရှိသော မြန်မာဒီဂျစ်တယ်စီးပွားရေးလမ်းပြမြေပုံ (အသစ်)သည် မြန်မာနိုင်ငံ၏ ဒီဂျစ်တယ်စီးပွားရေး ပီပြင်စွာဖြစ်ပေါ်လာရေးအတွက် ပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားကို ဒီဂျစ်တယ်နည်းလမ်းဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် အဓိက မောင်းနှင်တွန်းအားပေးနိုင်သည့် မူဝါဒလုပ်ငန်းစဉ်များကို ချမှတ်ပေးမည့် လမ်းပြမြေပုံတစ်ရပ်ဖြစ်လာမည်ဖြစ်သည်။

**ဝင်းပပသူ (ကုန်သွယ်ရေး)**

---

# ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ပဲတင်ပို့မှု တန်ချိန် ၃၉၀၀၀၀ ကျော်ရှိ



ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဖေဖော်ဝါရီလ၁၆ ရက်မှ ၂၃ ရက်အတွင်း မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံ တန်ချိန် ၃၉၃၇၀ ကျော် တင်ပို့ခဲ့သည်။

**မတ်ပဲ**

မတ်ပဲ တင်ပို့မှုမှာ တန်ဖိုးအမေရိကန်ဒေါ်လာ ၁၁ ဒသမ ၄၉၃ သန်းဖိုး တန်ချိန် ၁၂၀၀၀ ခန့်ဖြစ်သည်။ ပင်လယ်ရေကြောင်း ကုန်သွယ်မှုဖြင့် မတ်ပဲကို အိန္ဒိယနိုင်ငံသို့ တန်ချိန် ၁၀၆၀၀၊ စင်ကာပူနိုင်ငံသို့ တန်ချိန် ၆၈၀ ကျော်၊ မလေးရှားနိုင်ငံသို့ တန်ချိန် ၃၃၀ တင်ပို့ခဲ့ပြီး ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် ယူအေအီးနိုင်ငံများသို့ပါ တင်ပို့ခဲ့သည်။

**ပဲတီစိမ်း**

ပဲတီစိမ်းတင်ပို့မှုမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၄၂၈ သန်းနှင့် တန်ချိန် ၂၀၉၀၀ ခန့်ဖြစ်သည်။ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ တရုတ်နိုင်ငံသို့ တန်ချိန် ၁၆၀၀၀ ခန့်၊ ဗီယက်နမ်နိုင်ငံသို့ တန်ချိန် ၃၀၅၀၊ ဖိလစ်ပိုင်နိုင်ငံသို့ ၆၇၅ တန်၊ အင်ဒိုနီးရှားနိုင်ငံသို့ တန်ချိန် ၈၀၀၊ မလေးရှားနိုင်ငံသို့ ၁၈၂ တန် တင်ပို့ခဲ့ပြီး စင်ကာပူနိုင်ငံနှင့် ဂျပန်နိုင်ငံသို့လည်း အနည်းငယ် တင်ပို့ခဲ့သည်။

**ပဲစင်းငုံ**

ပဲစင်းငုံကို အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့ပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၆ ဒသမ ၇၄၁ သန်းဖိုးနှင့် တန်ချိန် ၆၅၈၀ တင်ပို့ခဲ့ခြင်းဖြစ်သည်။ မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၆၆၂ သန်းဖိုးနှင့် တန်ချိန် ၃၉၃၇၀ ခန့်ရှိခဲ့သည်။ **CJ**

# Depository Receipt (DR) များ ထုတ်ဝေခြင်း




Depository Receipt (DR) သည် လွှဲပြောင်းနိုင်သည့် ဘဏ္ဍာရေး စာချုပ်စာတမ်းအမျိုးအစားတစ်ခုဖြစ်ပြီး ကိုင်ဆောင်ထားသူများအနေနှင့် ယင်းနှင့်သက်ဆိုင်သည့် ငွေချေးသက်သေခံလက်မှတ်များ၏ အကျိုးခံစားခွင့်များကို အချိုးကျ ခံစားခွင့်ရှိသည့် လက်မှတ်များဖြစ်သည်။ မိခင်နိုင် ငံ စတော့အိပ်ချိန်းတွင် စာရင်းဝင်ထားသည့် ကုမ္ပဏီတစ်ခုသည် ယင်း၏ ရှယ်ယာများထဲမှ ရာခိုင်နှုန်းအချို့ကို အခြားနိုင်ငံရှိစတော့အိပ်ချိန်းတွင် Depository Receipt များအဖြစ် သွားရောက်စာရင်းဝင်ခြင်းဖြစ်သည်။ ယင်းသို့ဆောင်ရွက်ရာတွင် ကြားခံအဖွဲ့တစ်ခု ( Sponsor အဖွဲ့အစည်းတစ်ခုမှ) စတော့များကို ဝယ်ယူကာ Custodian အဖွဲ့တစ်ခုတွင် အပ်နှံ ထားပြီး ယင်းအပ်နှံထားသည့် စတော့အစုအတွက် ထုတ်ပေးလိုက်သည့် Depository Receipt များကို အခြားနိုင်ငံစတော့အိပ်ချိန်း တစ်ခုတွင် သွားရောက်စာရင်းဝင်ခြင်းဖြစ်သည်။ စတော့တစ်စောင်ကို DR တစ်စောင်အဖြစ်လည်းကောင်း၊ နှစ်စောင်အဖြစ်လည်းကောင်း၊ လေးစောင်အဖြစ်လည်းကောင်း အလျဉ်းသင့်သလို သတ်မှတ်၍ စာရင်းဝင်နိုင်သည်။

ဥပမာ-ဟောင်ကောင်စတော့အိပ်ချိန်းတွင် စာရင်းဝင်ထားသည့် Tencent Company သည် ၎င်း၏ ရှယ်ယာများထဲမှ အချို့ကို Depository Receipt အဖြစ်ပြောင်းလဲကာ အမေရိကန်နိုင်ငံ နယူးယောက် စတော့အိပ်ချိန်းတွင်သွားရောက်စာရင်းဝင်ခြင်း၊ ဂျပန်မှ နာမည်ကျော် Uniclio အထည်များ ထုတ်လုပ်သည် First Retail Co. သည် တိုကျိုစတော့အိပ်ချိန်းတွင် စာရင်းဝင်ထားသလို ဟောင်ကောင်စတော့အိပ်ချိန်း HKEX တွင်လည်း HDR များအဖြစ် စာရင်းဝင်ခြင်းစသည်တို့ဖြစ်သည်။ ထိုသို့စာရင်းဝင်ရောက်ရန်အတွက် ကြားမှ နိုင်ငံတကာဘဏ်ကြီးတစ်ခုက ရှယ်ယာများကို လက်ခံထိန်းသိမ်းပေးသည်။ ၎င်းဘဏ်ကြီးသည် DR ဝယ်ယူကိုင်ဆောင်ထားသူများ၏ အကျိုးအမြတ်များ၊ မဲပေးခွင့်များအားလုံးကိုဆောင်ရွက်ပေးသည်။ ထို့အပြင် အခြားသော အပိုဆောင်း ဝန်ဆောင်မှုများဖြစ်သည့် ရှယ်ယာရှင်များအတွက် သုတေသနပြုလုပ်ပေးခြင်း၊ အကြံဉာဏ်ပေးခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပြီး ထိုသို့လက်ခံဆောင်ရွက်ရာတွင် လက်ခံထားသည့် စတော့များအတွက် ISIN ဟုခေါ်သည့် International Securities Identification Number စည်းမျဉ်းကို လိုက်နာကျင့်သုံးရသည်။ အမေရိကန်စတော့ဈေးကွက်သို့ ဝင်ရောက်ခြင်းဖြစ်၍ ယင်းတို့ကို ADR ဟုခေါ်ဆိုသည်။ ထင်ရှားသည့် ADR များမှာ တရုတ်နိုင်ငံမှ Tencent နှင့် Baidu ၊ ပြင်သစ်နိုင်ငံမှ Sanofi ၊ ဂျပန်နိုင်ငံမှ Toyota နှင့် Honda ၊ ဆွစ်ဇာလန်နိုင်ငံမှ UBS laurS Royal Dutch Shell တို့ဖြစ်သည်။

Depository Receipt များကို စာရင်းဝင်အဖြစ် လက်ခံဆောင်ရွက်ပေးသည့် နိုင်ငံကိုလိုက်၍ အမည်အမျိုးမျိုး ကွဲပြားသွားသည်။ ဥပမာ- အမေရိကန်နိုင်ငံရှိ စတော့အိပ်ချိန်းတွင် သွားရောက်စာရင်းဝင်ပါက ADR ၊ တရုတ်နိုင်ငံ၏စတော့အိပ်ချိန်းတွင် သွားရောက်စာရင်းဝင်ပါက CDR ၊ ဟောင်ကောင်စတော့ဈေးကွက်တွင် သွားရောက်စာရင်းဝင်ပါက HDR၊ အင်္ဂလန်နိုင်ငံစတော့အိပ်ချိန်းတွင် သွားရောက်စာရင်းဝင်ပါက EDR ၊ ဂျာမနီနိုင်ငံ စတော့အိပ်ချိန်းတွင် စာရင်းဝင်ပါက GDR ဟူ၍ အမည်အမျိုးမျိုးခေါ်ဆိုလေ့ရှိကြသည်။ အခြားနိုင်ငံများမှ ရင်းနှီးမြှုပ်နှံသူများအား Marketing များ၊ Roadshow များပြုလုပ်ကာ ဈေးကွက်ချဲ့ထွင်ရသည်။

ကုမ္ပဏီမှ ထုတ်ဝေထားသည့် ရှယ်ယာများထဲမှ ရာခိုင်နှုန်းတစ်ခုကို DR အဖြစ် ပြောင်းလဲစာရင်းဝင်သည့်အတွက် စုစုပေါင်း ထုတ်ဝေထားသည့် ရှယ်ယာအရေအတွက်မှာ ပြောင်းလဲမှုမရှိပါ။ DR များထုတ်ဝေခြင်းအတွက် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၊ စတော့အိပ်ချိန်းများမှ ဥပဒေစည်းမျဉ်းများ သတ်မှတ်ရေးဆွဲကြရသည်။ သို့သော်လည်း တစ်နိုင်ငံနှင့် တစ်နိုင်ငံ တူညီနိုင်မည် မဟုတ်ပါ။

အမေရိကန် စတော့ဈေးကွက်တွင်ရောင်းဝယ်နေသည့် ADR များကို (က) Sponsored ADRs နှင့် (ခ) Unsponsored ADRs ဟူ၍ ခွဲခြားသတ်မှတ်ထားသည်။

Sponsored ADRs ဆိုသည်မှာ နိုင်ငံခြားကုမ္ပဏီသည် အမေရိကန် Depository Bank တစ်ခုနှင့် သဘောတူညီချက် စာချုပ်တစ်ခု တိုက်ရိုက်ချုပ်ဆိုပြီး စာရင်းများထိန်းသိမ်းရေး၊ ရှယ်များဖြန့်ဖြူးရောင်းချရေးနှင့် ရှယ်ယာရှင်များနှင့်ဆက်သွယ်ရေး၊ အမြတ်ဝေစုပေးဝေရေးနှင့် အခြားဝန်ဆောင်မှုများကို ဆောင်ရွက်ပေးခြင်းဖြစ်သည်။ ဤ Sponsored ADRs နည်းဖြင့် အထင်ကရ စတော့အိပ်ချိန်းကြီးများတွင် စာရင်းဝင်ကြသည်။

Unsponsored ADRs ဆိုသည်မှာ နိုင်ငံခြားအဖွဲ့များနှင့် တိုက်ရိုက်ညှိနှိုင်းခြင်းမရှိဘဲ broker , dealer များမှ ကမကထပြုကာ ADR များအဖြစ်ဖန်တီးပြီး အမေရိကန် စတော့ဈေးကွက်တွင်ရောင်းဝယ်ခြင်းဖြစ်သည်။ ၂၀၀၈ ခုနှစ်နောက်ပိုင်းတွင် အမေရိကန်၌ စည်းမျဉ်းလျှော့ချမှုများကြောင့် Unsponsored ADRs အရေအတွက် များပြားစွာဝင်ရောက်ခဲ့သည်။ ၎င်းတို့သည် အမေရိကန်၏ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေး ဥပဒေပြဋ္ဌာန်းချက်များနှင့် ကိုက်ညီပါက အမေရိကန် OTC ဈေးကွက်တွင် အရောင်းအဝယ်ပြုလုပ်နိုင်သည်။ စတော့အိပ်ချိန်း၏ Mainboard တွင် ရောင်းဝယ်၍ မရပါ။ သို့သော် ၎င်းတို့သည် အမေရိကန်၏ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးဥပဒေ ၁၉၃၄ အရ အစီရင်ခံစာတင်ပြသည့် စည်းမျဉ်း Reporting Rule များကို လိုက်နာရသည်။

ADR များကို အမေရိကန်ဈေးကွက်တွင် ဝင်ရောက်သည့် အတိုင်းအတာအပေါ် မူတည်၍ အဆင့်သုံးဆင့် ခွဲခြားထားပါသည်။

**အဆင့် (၁) ။** ။ ADR ၏ အခြေခံအကျဆုံး အမျိုးအစားတစ်ခုဖြစ်ပြီး ကုမ္ပဏီတစ်ခုအနေနှင့် အမေရိကန် စတော့ဈေးကွက်၏ စာရင်းဝင်စံများနှင့် မပြည့်ဝသည့်ကုမ္ပဏီ (သို့) စတော့အိပ်ချိန်းသို့ စာရင်းမဝင်လိုသည့် ကုမ္ပဏီတို့အတွက် အသုံးဝင်သည့် အမျိုးအစားဖြစ်သည်။ ယင်း ADR ယူနစ်များကို OTC ဈေးကွက်တွင် ရောင်းဝယ်လေ့ရှိကြပြီး အမေရိကန်ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်၏ စည်းမျဉ်းများကို အနည်းငယ်သာ လိုက်နာရန်လိုအပ်သည်။ အဆိုပါ ADR များသည် အခြားသော ရင်းနှီးမြှုပ်နှံမှု စာချုပ်စာတမ်းများထက် ဆုံးရှုံးနိုင်ခြေ (Risk)ပိုမိုများသော်လည်း နိုင်ငံခြားကုမ္ပဏီများအနေနှင့် အမေရိကန်ဈေးကွက်တွင် စရိတ်အသက်သာဆုံးနှင့် အလွယ်ဆုံး ဈေးကွက်တင်နိုင်သည့် အခွင့်အရေးကို ရရှိစေသည်။

**အဆင့် (၂) ။** ။ အဆိုပါ အဆင့်(၂) ADR များသည် စတော့အိပ်ချိန်းတွင် တင်၍ ရောင်းဝယ်ဖောက်ကားနိုင်သော်လည်း ရင်းနှီးငွေမြှင့်တင်ခြင်း (Capital Raising) ပြုလုပ်၍မရပါ။ အဆင့်(၂) ADR တို့သည် အမေရိကန် SEC မှ သတ်မှတ်ချက်များကို အဆင့်(၁)ထက် ပိုမိုလိုက်နာရပြီး ပိုမိုမြင်သာထင်သာရှိကာ ရောင်းဝယ်မှုလည်း ပိုမိုသွက်လက်သည်။

**အဆင့် (၃)။** ။ အဆင့် (၃) ADR ကျန်နှစ်ခုထက် ပိုမိုအဆင့်အတန်းမြင့်မားပြီး လူကြိုက်များသည်။ အဆိုပါ အဆင့် (၃) ADR ကုမ္ပဏီများသည် အမေရိကန် ဈေးကွက်တွင် အများပြည်သူသို့ ရှယ်ယာရောင်းချကာ ရင်းနှီးငွေမြှင့်တင်နိုင်သည်။ ၎င်းကုမ္ပဏီများသည် အမေရိကန် SEC ၏ စည်းမျဉ်းထိန်းကျောင်းမှုကို အပြည့်အဝ ခံယူရသည်။

ADR ယူနစ်များကို ထုတ်ဝေခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေသည်။

(၁) အမေရိကန် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် နိုင်ငံခြားတိုင်းပြည်များမှ ထုတ်ဝေသည့်စတော့များကို လွယ်လင့်တကူ ဝယ်ယူရင်းနှီးမြှုပ်နှံနိုင်ကာ နိုင်ငံခြားငွေလဲလှယ်စရာမလိုဘဲ ပြည်တွင်းသုံးငွေ US$ ဖြင့် ဝယ်ယူ ရင်းနှီးမြှုပ်နှံနိုင်ခြင်း၊

(၂) နိုင်ငံခြားကုမ္ပဏီများအနေနှင့် မိမိတို့၏ ပုံရိပ်ကို ပိုမိုထင်သာမြင်သာရှိစေခြင်း၊ လုပ်ငန်းများ၊ ဖောက်သည်များနှင့် ဈေးကွက်များ ပိုမိုချဲ့ထွင်နိုင်ခြင်း၊

(၃) နိုင်ငံခြားဈေးကွက်တွင် ရောင်းဝယ်ဖောက်ကားနိုင်ခြင်းကြောင့် ယင်း၏ ရှယ်ယာဈေးနှုန်းသည် ပြည်တွင်းရှိဈေးကွက်တွင် ပြန်လည်ရောင်ပြန်ဟပ်စေခြင်း၊

(၄) တစ်ဦးချင်းရင်းနှီးမြှုပ်နှံသူများအနေနှင့် စရိတ်သက်သာစွာဖြင့် ရင်းနှီးမြှုပ်နှံနိုင်ခြင်း၊ စီမံခန့်ခွဲမှုစရိတ်များ၊ ရောင်းဝယ်မှုများအတွက် အခွန်စည်းကြပ်မှုများမှ သက်သာစေခြင်းနှင့်

(၅) အမေရိကန် မဟုတ်သည့် နိုင်ငံခြား ကုမ္ပဏီများအနေနှင့် ADR ထုတ်ဝေခြင်းကြောင့် အမေရိကန်ပုံရိပ်ပိုမိုထင်ဟပ်စေပြီး အမေရိကန်ဈေးကွက်မှတစ်ဆင့် ချမ်းသာကြွယ်ဝမှုကို ဖြစ်ပေါ်စေနိုင်သည်။

**CDR များထုတ်ဝေခြင်း။** ။ အမေရိကန်စတော့ဈေးကွက်တွင် ADR unit များ ထုတ်ဝေမှုကို လက်ခံပြီးနောက် တရုတ်နိုင်ငံသည်လည်း CDR (Chinese Depository Receipt) များကို စတင်မိတ်ဆက်ခဲ့ကာ တရုတ်ပြင်ပတွင် ရောက်ရှိနေသည့် ကုမ္ပဏီရှယ်ယာများကို တရုတ်နိုင်ငံအတွင်း ရောင်းဝယ်နိုင်ရေးအတွက် စည်းမျဉ်းများ ချမှတ်ခဲ့သည်။ တရုတ်အိုင်စီတီကုမ္ပဏီများသည် ပြည်တွင်းစတော့အိပ်ချိန်းများ၏ တင်းကျပ်သည့် စည်းမျဉ်းများကို ရှောင်ရှားလိုသဖြင့် ပြည်ပ စတော့ဈေးကွက်များသို့ သွားရောက်စာရင်းဝင်လေ့ရှိသည်။ သို့သော်လည်း ပြည်မကြီးရှိ ရင်းနှီးမြှုပ်နှံသူများ၊ ရင်းနှီးမြှုပ်နှံမှုအခွင့်အရေးများ ရရှိစေရေးအတွက် တရုတ်အစိုးရသည် CDR များကို ထုတ်ဝေကာ ရင်းနှီးမြှုပ်နှံသူများ ပြည်တွင်းသို့ပြန်လည်ဝင်ရောက်လာရေးကို ဆောင်ရွက်လျက်ရှိသည်။

**Reference : Investment Guide Book**

ထွန်းသက်ထွန်း


CROP
INTEGRATED AGRICULTURE ENTERPRISE
FARMPRO
Charoen Pokphand Produce
(Myanmar) Co.,Ltd
Charoen Pokphand Produce Myanmar မှ
တင်သွင်း ဖြန့်ဖြူးရောင်းချသော
စိုက်ပျိုးရေး ဆေးများ
GLOWMAX
NPK - 13:0:46
GLOWMAX
NPK-8:16:32
ရွက်ဖြန်းမြေဩဇာ
GLOWMAX
NPK-10:52:17
GLOWMAX
NPK- 30:20:10
UPL
UTHANE M-45
BAYER
Nativo 75 WG
မှိုသတ်ဆေး
ပိုးသတ်ဆေး
COUNCIL
ပေါင်းသတ်ဆေး
No.18 B, Oak Pon Seik Street, Quarter (8), Mayangone Township, Yangon.
Ph : 09 777777390, 09 962759971~72
www.facebook.com/CPP Crop Protection Myanmar

COMMERCE INTERNATIONAL

# ကမ္ဘာ့အကြီးဆုံး ဗီဒီယိုဂိမ်း ကုမ္ပဏီအဖြစ် Tencent သတ်မှတ်ခံရ

တရုတ်နိုင်ငံအခြေစိုက် Tencent Interactive Entertainment သည် ကမ္ဘာ့အကြီးဆုံး ဗီဒီယိုဂိမ်း ကုမ္ပဏီအဖြစ် သတ်မှတ်ခံရကြောင်း newzoo ၏ မတ် ၁ ရက်တွင် ရေးသားဖော်ပြချက်အရ သိရသည်။

Tencent Interactive Entertainment သည် တရုတ်နိုင်ငံ၏ အကြီးဆုံးလုပ်ငန်းစုကြီးတစ်ခု ဖြစ်သည့် Tencent Holdings Ltd.၏ ကုမ္ပဏီအခွဲ တစ်ခုဖြစ်ကြောင်း သိရသည်။ ၂၀၂၂-၂၀၂၃ ဝင်ငွေစာရင်းအရ အဆိုပါကုမ္ပဏီ၏ တစ်နှစ်တာဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၉ ဘီလီယံ အထိရှိခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။

Tencent ဂိမ်းကုမ္ပဏီသည် ဂိမ်းထုတ်လုပ်ရေး စတူဒီယိုငါးခုရှိပြီး နာမည်ကျော် မိုဘိုင်းဂိမ်းများစွာကို ထုတ်လုပ်နေခြင်းဖြစ်သည်။ အဆိုပါကုမ္ပဏီသည် မိုဘိုင်းဂိမ်းများစွာ ထုတ်လုပ်ခြင်းမှ ဝင်ငွေ အမြောက်အမြား ရရှိနေခြင်းဖြစ်သည်ဟု ဆိုသည်။




Tencent ဂိမ်းကုမ္ပဏီသည် ဝင်ငွေအများဆုံးအဖြစ် ထိပ်ဆုံးမှ ရပ်တည်နိုင်ချိန်တွင် နာမည်ကြီး ကမ္ဘာကျော် ဂိမ်းကုမ္ပဏီတစ်ခုဖြစ်သည့် Sony Interactive Entertainment က အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၉ ဘီလီယံဖြင့် ဒုတိယနေရာတွင်သာ ရပ်တည်နိုင်ခဲ့သည်။ ထို့ပြင် ၎င်းတို့၏ နောက်တွင် Apple၊ Microsoft၊ NetEase၊ Google၊ Electronic Arts၊ Activision Blizzard၊ Nintendo နှင့် Take-Two Interactiveတို့ အစဉ်လိုက် ရပ်တည်နေကြသည်။

Tencent သည် တရုတ်နိုင်ငံမှ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကြီးဖြစ်ပြီး ၁၉၉၈ ခုနှစ်တွင် စတင် တည်ထောင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ Tencent ၏ အဓိကလုပ်ငန်းများမှာ အင်တာနက်နှင့်ဆိုင်သော ဝန်ဆောင်မှုများ၊ ထုတ်ကုန်များ၊ အင်တာနက်ပေါ်ရှိ ဖျော်ဖြေရေးလုပ်ငန်းများ၊ ဉာဏ်ရည်တုနှင့် နည်းပညာလုပ်ငန်းများ ပါဝင်သည်။ **Suorce; newzoo**

# မတ် ၁ ရက်တွင် တရုတ်နှင့် ထိုင်းတို့ အပြန်အလှန် ဗီဇာကင်းလွတ်ခွင့်ရ

အရှေ့တောင်အာရှ နိုင်ငံများထဲတွင် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးမှုရှိသည့် ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် နှစ်နိုင်ငံ ခရီးသွားကဏ္ဍအတွက် အပြန်အလှန် ဗီဇာကင်းလွတ်ခွင့် သဘောတူညီချက်ကို မတ် ၁ ရက်က တရားဝင် စတင်နိုင်ခဲ့ကြပြီဖြစ်ကြောင်း ဗန်ကောက်ပို့စ်သတင်းက မတ် ၁ ရက်တွင် ရေးသားဖော်ပြထားသည်။

ထိုကဲ့သို့ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား အသက်ဝင်ခဲ့ပြီဖြစ်သည့် အပြန်အလှန် ဗီဇာကင်းလွတ်ခွင့် သဘောတူညီချက်ကြောင့် ထိုင်းနိုင်ငံမှ ခရီးသွားဧည့်သည်များသည် တရုတ်နိုင်ငံသို့ လာရောက်ရန် မျှော်လင့်ထားပြီး ထိုင်းနိုင်ငံကလည်း တရုတ်ခရီးသွားများကို လှိုက်လှဲစွာ ကြိုဆိုနေကြောင်း သတင်းတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် အဆိုပါ နှစ်နိုင်ငံ ခရီးသွားကဏ္ဍအတွက် အပြန်အလှန် ဗီဇာကင်းလွတ်ခွင့် သဘောတူညီချက်ကို ဆောင်ရွက်နိုင်ခဲ့မှုသည် နှစ်နိုင်ငံ စီးပွားရေးကဏ္ဍတွင်သာမကဘဲ အခြားကဏ္ဍများစွာတွင်လည်း အချင်းချင်း ဝန်ထမ်းများ ဖလှယ်မှုကို ပိုမိုချောမွေ့စေမည်ဖြစ်သည်။ ထို့ပြင် အရည်အသွေးမြင့် ပွင့်လင်းမြင်သာမှုကို မြှင့်တင်ရာတွင် တရုတ်နိုင်ငံ၏ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်မှုများကို အတုယူနိုင်မည်ဖြစ်ကြောင်းနှင့် ထိုင်းနိုင်ငံအတွက်လည်း အားသာချက်တစ်ခု ဖြစ်လာနိုင်ကြောင်း တာဝန်ရှိသူများက သုံးသပ်ထားကြသည်။

တရုတ် ခရီးသွားပလက်ဖောင်း Trip.com ၏ ထိုင်းဝက်ဘ်ဆိုဒ်တွင် တရုတ်နှင့်ဆက်စပ်သော သော့ချက်စာလုံးများကိုရှာဖွေမှု၏ ရေပန်းစားမှုသည် တစ်နှစ်ထက်တစ်နှစ် သုံးဆကျော် တိုးလာသည်ဟုဆိုသည်။ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ ဗီဇာကင်းလွတ်ခွင့် သဘောတူညီချက်သည် နယ်ပယ်အသီးသီးတွင် တည်ဆောက်ထားပြီးဖြစ်သည့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာစေမည်ဖြစ်ကြောင်း ယုံကြည်ထားကြသည်။

လက်ရှိအချိန်တွင် တရုတ်နိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ ခရီးသွားကဏ္ဍကို ဖော်ဆောင်ထားပြီး ၎င်းတို့၏ နိုင်ငံ့စီးပွားတည်ငြိမ်လာစေရေးနှင့် ကိုဗစ်(၁၉)မတိုင်မီ ကာလကဲ့သို့ ပြန်လည်ဦးမော့လာစေရန် အမြတ်ဝေစုခွဲဝေပေးမည့် ပြင်ပ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို ပံ့ပိုးကူညီလျက်ရှိသည်။

ယခုကဲ့သို့ နှစ်နိုင်ငံအကြား အပြန်အလှန် ဗီဇာကင်းလွတ်ခွင့်သည် နှစ်ဦးနှစ်ဖက်စလုံးမှ ရင်းနှီးမြှုပ်နှံမှုများနှင့် နယ်စပ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်နေမှုများအတွက် အဆင်ပြေ ချောမွေ့စေမည်ဖြစ်ကာ နှစ်နိုင်ငံ ပြည်သူများအကြားလည်း ကူးလူးဆက်ဆံမှုနှင့် စီးပွားရေး ဆက်သွယ်မှုတို့ကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

ကိုဗစ်(၁၉) ကူးစက်မြန်ရောဂါ မဖြစ်ပွားမီက တရုတ်နိုင်ငံသို့ ထိုင်းနိုင်ငံသား ခရီးသွား ၆၀၀၀၀ မှ ၇၀၀၀၀ ခန့် ရှိခဲ့ကြောင်းနှင့် ယခု ၂၀၂၄ ခုနှစ်တွင် ယင်းပမာဏထက် နှစ်ဆတိုးလာရန် မျှော်မှန်းထားကြောင်း သိရသည်။

**Source; Bangkok Post**






# တိုယိုတာ မော်တော်ကားထုတ်လုပ်မှု တိုးတက်လာ

ဂျပန်နိုင်ငံ အခြေစိုက် မော်တော်ကား ထုတ်လုပ်ရေးကုမ္ပဏီဖြစ်သည့် တိုယိုတာသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် ၎င်းတို့၏ မော်တော်ကား ထုတ်လုပ်မှုမှာ ၇ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း သိရသည်။

တိုယိုတာသည် ကမ္ဘာတစ်ဝန်းရှိ ၎င်းတို့၏ စက်ရုံများမှ မော်တော်ကားထုတ်လုပ်မှုမှာ စုစုပေါင်း ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ကုမ္ပဏီမှ ထိပ်တန်းတာဝန်ရှိသူတစ်ဦးက တရားဝင် ထုတ်ဖော်ပြောဆိုခဲ့ခြင်း ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုမှ ဝယ်လိုအား မြင့်တက်လာခြင်းကြောင့် တိုယိုတာကားကုမ္ပဏီသည် အကျိုးအမြတ်များစွာ ဖြစ်ထွန်းခဲ့ပြီး ၎င်းတို့၏ မော်တော်ကားထုတ်လုပ်မှုမှာ ၁၃ လဆက်တိုက် တိုးတက်လာခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

၂၀၂၄ ခုနှစ် ဇန်နဝါရီအတွင်းက တိုယိုတာမှ မော်တော်ကားအစီးရေ ၇၄၀၃၃၂ စီး ထုတ်လုပ်နိုင်ခဲ့ပြီး ရောင်းအားမှာ တစ်ကမ္ဘာလုံး အတိုင်းအတာအရ ၁၁ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ တိုယိုတာမှ ထုတ်လုပ်သည့် ဇိမ်ခံကား Lexus သည်လည်း ယခုနှစ်ပိုင်းတွင် ရောင်းအား ကောင်းလာခဲ့ကြောင်း သိရသည်။

တိုယိုတာသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် အမေရိကန်ပြည်ထောင်စု၌ အရောင်း ၂၃ ရာခိုင်နှုန်း၊ ဥရောပဈေးကွက်၌ ၂ ရာခိုင်နှုန်းနှင့် တရုတ်ဈေးကွက်တွင် ၃၉ ရာခိုင်နှုန်းတိုးတက်မှုရှိခဲ့သည်။ သို့သော် ဂျပန်နိုင်ငံတွင်မူ တိုယိုတာ၏ ရောင်းအားမှာ သိသိသာသာ ကျဆင်းခဲ့ကာ ၁၄ ရာခိုင်နှုန်းအထိပင် ကျဆင်းခဲ့သည်ဟုဆိုသည်။ **Source; drive.com.au**

စိုင်းဗညား - စုစည်းသည်